# အနှစ်ကိုးပါးတရားတော်

သီတဂူဆရာတော်

ဒေါက်တာအရှင်ဉာဏိဿရ

(အဂ္ဂမဟာပဏ္ဍိတ၊ D.Litt, Ph.D)


သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်

သုတေသနနှင့် ကျမ်းပြုဌာန မှ စီစဉ် ပုံနှိပ်ထုတ်ဝေသည်။

သာသနာ - ၂၅၅၂ ကောဇာ - ၁၃၇၀ ခရစ် - ၂၀၀၈

"အလင်းတန်း-မြန်မာကျူးပစ် သာသနာ့ပါလ" မှ

စာစီစာရိုက်ဖြင့် ဒါနပြုသည်


International Buddhist Conference on the
United Nations Day of Vesak
digital photo & design
sitagu mg myo
May 7-10, 2006 Thailand

**မြန်မာကျူးပစ် "သာသနာ့ပါလ"**
**ဘာသာရေးညီအကိုမောင်နှမများ**

ဗုဒ္ဓ ဟောကြား၊ မြတ်တရားကို
သစ္စာမြဲခိုင်၊ လက်စွဲကိုင်ပြီး
ဗုဒ္ဓ သာသနာ၊ ထွန်းလင်းဖြာအောင်
ကြံဆောင်ကြမည်၊ စိတ်ကြည်ကြည် ..

တို့ သာသနာအား၊ ရန်စစော်ကား
ထိပါးလာသူ၊ ရှိခဲ့ပါလျှင်
အစဉ်သွက်လက်၊ ထက်သောဓါးသဖွယ်
ကာကွယ်ကြမည်၊ တွဲညီညီ ..

သာသနာ့ပါလ၊ ညီနောင်တစု
အလေးဂရု၊ မိဋ္ဌာန်ပြုသည်
တို့အမျိုး၊ ဘာသာ၊ သာသနာတွက်
ညီညာဖြဖြ၊ နိုးထအားမာန်
စိတ်ရည်သန်လျှက်၊ စွမ်းဆောင်ကြမည်
မြဲစည်စည် ..... ။
**(ဗမာ့သွေး–မြန်မာကျူးပစ် သာသနာ့ပါလအဖွဲ့)**

**“မြန်မာကျူးပစ် သာသနာ့ပါလ”** ဘာသာရေး မောင်နှမတစ်စုမှ

ကမ္ဘာတလွှား အွန်လိုင်းမှနေ ရှာဖွေဖတ်ရှုနေကြသော

ထေရဝါဒဗုဒ္ဓဘာသာဝင် အမျိုးကောင်းသား, အမျိုးကောင်းသမီးများအတွက်

ဖတ်ရှုသင့်တဲ့ စာအုပ်လေးတစ်အုပ်ဖြစ်တဲ့

သီတဂူဆရာတော်ဘုရားကြီး အရှင်ဉာဏိဿရ ရေးသားစီရင်တဲ့

**“အနှစ်ကိုးပါးတရား”** ကို

ဓမ္မဒါနပြုလိုက်ပါတယ် .....

ဒီစာအုပ်အတွက် **“မြန်မာကျူးပစ် သာသနာ့ပါလ”** အဖွဲ့ကိုယ်စား

**ykzn** မှ ဝယ်ယူပြီး **Alitan** မှ စာစီစာရိုက်ဖြင့် ဓမ္မဒါနပြုခဲ့ကြပါတယ် .....

**ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါ နေသို့ ထွန်းစေသော်။**

**သာသနာ့ပါလအဖွဲ့**

**မြန်မာကျူးပစ်ဖိုရမ်**

**၁၈–၁၁–၂၀၁၀**

အနှစ်ကိုးပါးတရားတော် – ဒေါက်တာအရှင်ဉာဏိဿရ

# အနှစ်ကိုးပါးတရားတော်

**သီတဂူဆရာတော်**

**ဒေါက်တာအရှင်ဉာဏိဿရ**

**(အဂ္ဂမဟာပဏ္ဍိတ၊ D. Litt, Ph.D)**

**သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်**

သုတေသနနှင့် ကျမ်းပြုဌာနမှ စီစဉ် ပုံနှိပ်ထုတ်ဝေသည်။

သာသနာ–၂၅၅၂ ကောဇာ–၁၃၇၀ ခရစ်–၂၀၀၈

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (၄၀၅)

ဘာသာရေး မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၃၈၆)

**ပုံနှိပ်ခြင်း**

၁၃၇၀–ခုနှစ်၊ တတိယအကြိမ်

**ဒီဇိုင်း**

သီတဂူမောင်မျိုး

**စာစုစာပြု**

အရှင်ဒေဝိန္ဒာဘိဝံသ

သုတေသနနှင့်ကျမ်းပြုဌာန

# အနှစ်ကိုးပါးတရားတော်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဦးဆန်းထွန်း၏ နိဒါန်းစကား ..... ..... ..... ..... | ၁ |
| ၂။ | အရှင်ဒေဝိန္ဒာ၏ နိဒါန်းစကား ..... ..... ..... ..... | ၇ |
| ၃။ | အနှစ်ကိုးပါးတရားတော် ..... ..... ..... ..... ..... | ၁၄ |
| ၄။ | ရတနာအပြည့်ရှိတဲ့ နှလုံးအိမ် ..... ..... ..... ..... | ၁၄ |
| ၅။ | ကောင်းတဲ့နေရာဆိုတာ ..... ..... ..... ..... ..... | ၁၆ |
| ၆။ | သီဟိုဠ်နိုင်ငံ ရောက်ခဲ့စဉ်က ..... ..... ..... ..... | ၁၇ |
| ၇။ | အင်္ဂလိပ်စာတတ် ဗမာဘုန်းကြီးတွေ နည်းပါး ..... ..... ..... | ၁၇ |
| ၈။ | သီဟိုဠ်နိုင်ငံ ပညာရေးစနစ် ..... ..... ..... ..... | ၁၈ |
| ၉။ | မြန်မာနိုင်ငံ ပညာရေးစနစ် ..... ..... ..... ..... | ၁၉ |
| ၁၀။ | **B.A M.A Ph.D** မရရင် သာသနာပြုလို့ ဖြစ်ပါ့မလား ..... | ၂၀ |
| ၁၁။ | အရည်အချင်းရှိဖို့က ပဓာန ..... ..... ..... ..... | ၂၁ |
| ၁၂။ | နှစ်ဘက်လှဖို့ အရေးကြီး ..... ..... ..... ..... ..... | ၂၂ |
| ၁၃။ | နီပေါနိုင်ငံမှာ ဟောတဲ့မေတ္တာတရားတော် ..... ..... ..... | ၂၃ |
| ၁၄။ | မေတ္တာတရားကို မယုံဘူး ..... ..... ..... ..... ..... | ၂၃ |
| ၁၅။ | အသားစားနည်း စနစ် ..... ..... ..... ..... ..... | ၂၄ |
| ၁၆။ | ဒေဝဒတ်ပန်ကြားခဲ့တဲ့ ပဥ္စဝတ္ထုယာစန ..... ..... ..... | ၂၅ |
| ၁၇။ | တစ်ကမ္ဘာလုံးက ငြင်းနေကြတဲ့ စာတစ်ပုဒ် ..... ..... ..... | ၂၆ |
| ၁၈။ | တမင်လုပ်ကြံရေးထားတဲ့ သုတ္တန် ..... ..... ..... ..... | ၂၇ |
| ၁၉။ | မေတ္တာတရားကို အစားအစာနဲ့ မသတ်မှတ်ပါနဲ့ ..... ..... | ၂၈ |
| ၂၀။ | တဘက်သတ် အစွဲအလမ်း တစ်ဖောက်ကမ်း ..... ..... ..... | ၂၉ |
| ၂၁။ | သမာဓိ ၂–မျိုး ..... ..... ..... ..... ..... ..... | ၂၉ |
| ၂၂။ | ပရမတ်ကို မရှုတတ်ယင် လက္ခဏာ မထင်ဘူး ..... ..... | ၃၀ |
| ၂၃။ | ဗုဒ္ဓဂယာမှ နိုင်ငံခြားသားများ ..... ..... ..... ..... | ၃၀ |
| ၂၄။ | မြန်မာစာဖတ်ချင်တဲ့ ဂျာမန်အမျိုးသမီး ..... ..... ..... | ၃၁ |
| ၂၅။ | အင်္ဂလိပ်လို ဘာသာပြန်ပြီး ထုတ်ဝေဖို့ဆိုတာ ..... ..... ..... | ၃၂ |
| ၂၆။ | ရတနာအပြည့်ရှိတဲ့ မြန်မာပြည် ..... ..... ..... ..... | ၃၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၇။ | ဖောခိပင်နား တဝိုက်လှေလာလိုက်တော့ | ၃၃ |
| ၂၈။ | ဆရာကောင်း နည်းကောင်း တွေ့ဖို့လိုတယ် | ၃၄ |
| ၂၉။ | သူတို့နဲ့ရောပြီးတော့ ဝင်ထိုင်ကြည့်တယ် | ၃၄ |
| ၃၀။ | ဗုဒ္ဓကိုပူဇော်ကြမလို့ ထင်တယ် | ၃၅ |
| ၃၁။ | သူတို့ တရားနာပုံ တရားထိုင်ပုံ | ၃၆ |
| ၃၂။ | ယိမ်းထွက်နေတာလိုပဲ | ၃၇ |
| ၃၃။ | သူတို့ ဘုရားရှိခိုးကြပုံ | ၃၈ |
| ၃၄။ | တရားသိမ်း အပန်းဖြေနည်း | ၃၉ |
| ၃၅။ | ညစာစားပွဲ ကျင်းပသလိုဖြစ်နေ | ၃၉ |
| ၃၆။ | ထေရဝါဒနဲ့ မဟာယာန သီလကွာခြားပုံ | ၄၀ |
| ၃၇။ | ဗုဒ္ဓရှင်တော်မြတ် ညစာစားသလား | ၄၀ |
| ၃၈။ | အတင်းပေးတော့လဲ ယူခဲ့ရ | ၄၁ |
| ၃၉။ | ဖောခိပင်ဝင်းတံခါး ဖွင့်ချိန်ပိတ်ချိန် | ၄၂ |
| ၄၀။ | ကုလားမလေးနှစ်ယောက် | ၄၂ |
| ၄၁။ | အဂျန္တာနှင့် ဧလိုရာ | ၄၃ |
| ၄၂။ | ကာမဂုဏ်နဲ့ပူဇော်တဲ့ဂိုဏ်း | ၄၄ |
| ၄၃။ | သူတို့ အနုပညာကို လှေလာနေတာပါ | ၄၅ |
| ၄၄။ | ကိုင်ဆောင်တောင်ဝှေး လိုလိုရာ ဆေးကြိတ်တယ် | ၄၅ |
| ၄၅။ | ဘုရားဖူးတွေကို မှာလိုက်ပါရစေ | ၄၆ |
| ၄၆။ | အရိမေတ္တယျဘုရားအလောင်းတဲ့ | ၄၇ |
| ၄၇။ | ဩစတြေးရီးယား အမျိုးသမီးတစ်ယောက် တရားထိုင်ပုံ | ၄၇ |
| ၄၈။ | ဖောခိဉာဏ်ရအောင် တရားထိုင်တာပါတဲ့ | ၄၈ |
| ၄၉။ | ရတနာဃရ ရွှေအိမ်သို့ ရောက်ခဲ့ပါသည် | ၄၉ |
| ၅၀။ | တိဘက်ဘုန်းတော်ကြီးတပါးနဲ့ တွေ့ရပြန်တယ် | ၅၀ |
| ၅၁။ | ဥုံ မဏိ ပဒ္မေ ဟုံနှင့် ပစ္စယော | ၅၂ |
| ၅၂။ | “ဥုံ မဏိ ပဒ္မေ ဟုံ”ရဲ့ အဓိပ္ပာယ် | ၅၃ |
| ၅၃။ | ချီးကျူးစရာ အချက်တော့ရှိတယ် | ၅၄ |
| ၅၄။ | ရှစ်သောင်းလေးထောင် ဦးချနိုင်ယင် | ၅၅ |
| ၅၅။ | အသိဉာဏ်မပါသော ယုံကြည်မှု | ၅၆ |
| ၅၆။ | ကံကောင်းကြတဲ့ မြန်မာ | ၅၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၇။ | ဗုဒ္ဓဘာသာသည် **Religion** မဟုတ် | ၅၇ |
| ၅၈။ | ဆုတောင်းခြင်းများနဲ့ ဗုဒ္ဓဘာသာ | ၅၉ |
| ၅၉။ | ကမ္ဘာမှာ အုပ်စုကြီး(၂)စုရှိတယ် | ၅၉ |
| ၆၀။ | ပြင်းထန်နေသော ပဋိပက္ခ (၂)ခု | ၆၀ |
| ၆၁။ | လမ်းညွှန်ခ ငါးကျပ်ပေးရမယ်တဲ့ | ၆၁ |
| ၆၂။ | ဖိမ်ခံဖို့နဲ့ ညှင်းဆဲဖို့ အားထုတ်နေကြတယ် | ၆၂ |
| ၆၃။ | သာသနာဟာ အမြတ်တမ်း ပြောင်းရွှေ့နေတယ် | ၆၃ |
| ၆၄။ | အစွန်းလွတ်အောင်နေ ကမ္ဘာချမ်းသာတယ် | ၆၄ |
| ၆၅။ | ပိဋကတ်တော်လာ အနှစ်သုံးပါး | ၆၄ |
| ၆၆။ | "ရတနာ" ခေါ်ရခြင်း၏အကြောင်း | ၆၄ |
| ၆၇။ | အင်းဝခေတ်လက်ရာ ရှေးဟောင်းဆင်းတုတစ်ဆူ | ၆၅ |
| ၆၈။ | ဈေးသည်မလေး နှစ်ယောက်ကြားက ဗုဒ္ဓဆင်းတုတော် | ၆၆ |
| ၆၉။ | တောထဲတောင်ထဲမှ တိုင်းပြည်တစ်ခု | ၆၇ |
| ၇၀။ | အအေးဓာတ်လွန်ကဲတော့လဲ ဆွယ်တာဝယ် | ၆၈ |
| ၇၁။ | လေ့ကားရင်းမှာ တွေ့ရလို့ စိတ်မချမ်းသာပါ | ၆၉ |
| ၇၂။ | အမြတ်ဆုံးပုဂ္ဂိုလ်ဟာ အမြတ်ဆုံးနေရာမှာ ရှိရမယ် | ၇၀ |
| ၇၃။ | သံဝေဂဖြစ်သွားတဲ့ ဟိုတယ်ပိုင်ရှင် | ၇၁ |
| ၇၄။ | အိန္ဒိယဝန်ကြီးချုပ် နေရူးရဲ့ သမာဓိဆင်းတုတော် | ၇၂ |
| ၇၅။ | အဖိုးထိုက်ရတနာများကို အလွဲသုံးစားမပြုထိုက် | ၇၃ |
| ၇၆။ | သိက္ခာ(၃)ပါး | ၇၃ |
| ၇၇။ | အနတ္တကို ကျုပ်မယုံဘူးတဲ့ | ၇၅ |
| ၇၈။ | အတ္တကို ကိုးကွယ်ရမယ်တဲ့ | ၇၆ |
| ၇၉။ | ဝိပဿနာလုပ်ငန်းပြည့်စုံဖို့ဆိုတာ | ၇၇ |
| ၈၀။ | အဝိဇ္ဇာ, တဏှာ, ကံကြောင့် ဖြစ်လာတာ | ၇၇ |
| ၈၁။ | ဝိပဿနာတစ်ခြမ်းပဲ့ | ၇၈ |
| ၈၂။ | အတ္တစွဲ ပညာတတ်နှစ်ယောက် | ၇၈ |
| ၈၃။ | အိန္ဒိယပြည်မှာ ဗုဒ္ဓဘာသာ ဘာ့ကြောင့်ကွယ်သလဲ | ၇၉ |
| ၈၄။ | "အနတ္တ"ဖြင့် ဓာတ်ဝါဒကို တိုက်ဖျက်တော်မူခဲ့ | ၈၀ |
| ၈၅။ | ဓမ္မနှင့် ပူဇော်ခဲ့သေးတယ် | ၈၁ |
| ၈၆။ | သဒ္ဓါတရား နည်းပါးခြင်း | ၈၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၇။ | သတိမူရင် မြူကို မြင်တယ် ..... ..... ..... ..... ..... | ၈၃ |
| ၈၈။ | ညောင်သီးလည်းစား, လေးသံလည်းနားထောင် ..... ..... | ၈၃ |
| ၈၉။ | နောင်ခါးဆရာတော် ..... ..... ..... ..... ..... | ၈၄ |
| ၉၀။ | ချမ်းသာတဲ့နေရာမှာနေယင် ဖွဲလို့လမတက်ဘူး ..... ..... | ၈၅ |
| ၉၁။ | ဖိုးစိန်ကြီး ဇာတ်ထဲက စာတစ်ပုဒ် ..... ..... ..... ..... | ၈၆ |
| ၉၂။ | ဗုဒ္ဓကို သားမက်တော်ချင်လို့တဲ့ ..... ..... ..... ..... | ၈၇ |
| ၉၃။ | သာသနာပြုပုဂ္ဂိုလ်များရဲ့ အရည်အချင်း ..... ..... ..... | ၈၈ |
| ၉၄။ | အနှစ်(၉)ပါး ..... ..... ..... ..... ..... ..... | ၈၉ |


* * * * * * * * * * * * * * *

## ဦးဆန်းထွန်း၏ နိဒါန်းစကား

**သံသာရေ သာရံ မာနုသတ္တံ တဟိံပိ၊**

**ဝေကလ္လာ ဘာဝေါ သာစ သဗ္ဗိန္ဒြိယာနံ၊**

**ကောလည် တသ္မိံ တဿ သောစေယျ ဘာဝေါ၊**

**တသ္မိံ သုဿူသာ ဓမ္မရာဇဿ ဓမ္မံ။**

၁။ သံသာရေ သာရံ မာနုသတ္တ–
ဘဝများစွာ၊ သံသရာ၌၊ ရံခါတကွေ့၊
တွေ့ရကြုံရ၊ မလွယ်လှသား၊
မနုဿတ္တ ဘာဝေါ၊ ဒုလ္လဘော ဟု၊
ဟောသည်အလို၊ ထိုထို ဒုက္ခ၊ လူ့ဘဝတကား၊
သုခအကြား၊ လည်ဖန်များ၍၊
အမှားရင်ဆိုင်၊ ပြန်ပြင်နိုင်မှ၊ တော်ကာကျလျက်၊
ဘဝဒဏ်နာ၊ ခံ စံရာဝယ်၊
ဝေဒနာ အသိ၊ ရှိသော်ရှိလျောက်၊ သတိရောက်မှ၊
အောက်သို့မပြန်၊ တထောက်ကန်၍၊
နိဗ္ဗာန် နတ်ရွာ၊ ခွင့်လမ်းသာသား၊
ခိုင်မာ အားပြည့်၊ အနှစ်ထည့်၏။ ။

၂။ တဟိံပိ ဝေကလ္လာဘာဝေါ သာစ သဗ္ဗိန္ဒြိယာနံ–
ဖြည့်ဆည်းခဲ့ဖူး၊ ကံကြီးမှူး၍၊
ထူးထူးဖွေဖွေ၊ စီရင်နေသား၊
ဣန္ဒြေ ကမ္မဇာတ်ရုပ်၊ ကံလုပ်ကွက်တိ၊
မျက်စိ နား နှာ၊ လျှာ ကိုယ်ပိုင်းဆစ်၊
စုံသော ဖြစ်လည်း၊ အနှစ်ခေါ်ရာ။ ။

၃။ ကောလည် တသ္မိံ
ထိုမှာ ထပ်လောင်း၊
ကောင်းသော မျိုးရိုး၊ မညှိုး မမိုန်၊
ရှိန်ဝါရှိစွ၊ မိဘနှစ်ပါး၊
သမီးသားဖြစ်လေ၊ အနှစ်ပေတည့်။ ။

၄။ တဿ သောစေယ ဘာဝေါ–

အခြေအမြစ်၊ လူ့အဖြစ်တွင်၊

ရွှန်းသစ် ပြင်လျာ၊ အင်္ဂါမချို့၊

ပျို့ပျို့စုံလင်၊ နွယ်စင်မျိုးသန့်၊ သန့်သည်လျော်စွာ၊

ကိုယ်ပါနှုတ်ရော၊ မနောပြစ်ကင်း၊

တွင်းပ စင်ဖြူ၊ အနှစ်ဟူ၏။

၅။ တသ္မိံ သုဿူသာ ဓမ္မရာဇဿ ဓမ္မံ–

လူဖြစ်ခြင်းက၊

စသည်လေးပါး၊ သာရများတွင်၊

ဘုရားမြတ်စွာ၊ ဒေသနာကို၊ နာချင်ဆန္ဒ၊

နာရကောင်းစေ့၊ အောက်မေ့မှတ်သား၊

နားတစွင့်စွင့်၊ အခွင့်ကိုမျှော်၊ တရားတော်၌၊

ပျော်ပျော်မွေ့မွေ့၊ မရွေ့အာရုံ၊

ပုံထားလိုငြား၊ ဤတစ်ပါးနှင့်၊

ငါးပါးသာရ၊ ဆင့်ဆင့်ပြသည်။

ဆန္ဒောသာရတ္ထ ဝိကာသနီ အလိုတည်း။

သာရ= အနှစ်ဟူသည်မှာ ရုပ်ပိုင်းဆိုင်ရာ အမာခံ၊ နာမ်ပိုင်းဆိုင်ရာ အမာခံများပင် ဖြစ်သည်။ ဘဝများစွာ သံသရာတွင် မနုဿတ္တ လူ့ဘဝသည် နာမ်ပိုင်းဆိုင်ရာ ဒါနသီလစသော အမာခံ တရားများရှိ၍ ဘဝတကာတွင် ဘဝအနှစ်ဖြစ်သည်ဟု သတ်မှတ်ရလေသည်။

လူ့ဘဝဟူသော မနုဿတ္တ သာမညကား ဒုလ္လဘလည်း မဟုတ်။ အနှစ်သာရလည်း မဟုတ်ပါပေ။ မနုဿဇာတိမျှကိုသာရ၍ မနုဿဂုဏ်ကို မရပါက မနုဿအစစ်မဟုတ်ပေ။ မနုဿအနှစ် မဟုတ်ပါပေ။

ဝိမာန ဝတ္ထု အဋ္ဌကထာ၌–––

၁။ လူငရဲကောင် (မနုဿနေရယိက)

၂။ လူပြိတ္တာ (မနုဿပေတ)

၃။ လူတိရစ္ဆာန် (မနုဿတိရစ္ဆာန)

၄။ လူအနှစ် (ပရမတ္ထမနုဿ) ဟူ၍ လူလေးမျိုးကွဲပြားခြားနားကြောင်း ပြမှာခဲ့ပေသည်။

၁။ လူဖြစ်ပါလျက် သက်သတ်၊ ခိုးမှု၊ ကာမေသု စသော ဒုစရိုက်မှုကိုပြု၍ ပြစ်မှုအလျောက် အရှင်လတ်လတ် ငရဲကြီးနေသော လူသည် "လူငရဲကောင်" မည်ပါ၏။

၂။ လူဖြစ်ပါလျက် လူ့ဘဝပြဿနာကို မဖြေရှင်းနိုင်ပဲ စားဝတ်နေတည်းဟူသော လူမှုရေးမပြေလည်။ စားရာမဲ့၊ သောက်ရာမဲ့၊ အိုးမဲ့ အိမ်မဲ့၊ “လူမှာ အဝတ်၊ တောင်းမှာအကွပ်” သပ်သပ်ရပ်ရပ် လူနှင့်သူနှင့် တူတူတန်တန် ဝတ်ကောင်းစလှ မဝတ်ရ မဆင်ရ။ ဒုက္ခကြီးစွာ၊ ထောက်ရာမဲ့ တည်ရာမဲ့၊ ပုံကျလုည့်ပတ်၊ စုတ်စုတ်ပြတ်ပြတ်၊ ငတ်ငတ်မွတ်မွတ်၊ ခြေသလုံးအိမ်တိုင်ဖြစ်နေသော လူသည် “လူပြိတ္တာ” မည်ပါ၏။

၃။ လူဖြစ်ပါလျက် သူ၏ဝန်ထုပ် ဝန်ပိုးကို မြည်းတိရစ္ဆာန်ကဲ့သို့ ထမ်းပိုးရ၍၊ စည်းမရှိ ကမ်းမရှိ၊ အကျင့်ဖောက်ပြား၊ သောက်စားမူးယစ်၊ ဖြစ်ချင်တိုင်းဖြစ်၊ ပျက်ချင်တိုင်းပျက်၊ အသက်အန္တရာယ်ကိုပင် စိတ်မချရသဖြင့် အအိပ်အစား မမှန်။ နေရပ်အမှန်မရှိ။ အသိမိတ်ဆွေများနှင့်ပင် မတွေ့ရဲ။ မွဲတေညစ်ညမ်း၊ ဆိုးသွမ်းလှစွာသော မူဖြင့် အယူတိမ်းစောင်း၊ ကောင်းမှန်း ဆိုးမှန်းမသိ ဖြစ်နေသော လူသည် “လူတိရစ္ဆာန်” မည်ပါပေ၏။

၄။ အကြင်သူကား လူ့ဘဝကို ရသည်နှင့်အညီ လူပီပီသသ၊ ကောင်းမှန်း ဆိုးမှန်းသိ၊ ဟီရိဩတ္တပ္ပ၊ လောကပါလတရား အခြေခံတွင် ကံ၏အကျိုးကို ယုံစား၊ သနားကြင်နာ ဉာဏ်တာတတ်သောသဘောထား၊ တရားကောင်းအနှစ်သာရပြည့်ဝလျက်၊ သံဝေဂဖြစ်စရာ သတ္တဝါအများ၌ သံဝေဂဖြစ်ပွား၍၊ မတရားမှုကိုရှောင်ရှား၊ တရားသောအမှုကို ဆောင်ထားပါ၏။

ထိုသူသည်သာ လူ၏တရား၊ လူ့အသား အနှစ်၊ ကျစ်လျစ်ပြည့်ဝသဖြင့်၊ အတိအကျသတ်မှတ်၊ ပရမတ် လူဖြစ် “လူအစစ်” မည်ပါ၏။

ဤသဘောကို ရည်၍ “သံသာရေ သာရံ မနုဿတ္တံ” ဟု ဆန္ဒောသာရတ္ထ ဝိကာသနီဆရာ မိန့်မှာတော်မူခဲ့လေသည်။

လူ၏ ဦးခေါင်းပိုင်းတွင် မျက်စိ၊ နား၊ နှာ၊ လျှာ စသော အစိတ်အပိုင်းများရှိသည်။ အလယ်ပိုင်းတွင် လက်နှစ်ဘက်ရှိသည်၊ အောက်ပိုင်းတွင် ခြေနှစ်ဘက်ရှိသည်။ အဆိုပါ အင်္ဂါ အစိတ်အပိုင်းများကို ရုပ်သေးကြိုးသဖွယ် ချယ်လှယ်ဆွဲဆောင်နေသော စိတ်ရှိသည်။

စိတ်က ကောင်းရာမွန်ရာသို့ ဆွဲဆောင်နေပါက ကျန်အင်္ဂါအစိတ်အပိုင်းများလည်း ကောင်းရာမွန်ရာသို့ ရောက်ကြမည်။ အနှစ် ကိန်းမည်။ စိတ်က ကောင်းရာမွန်ရာသို့မဆွဲဘဲ အလွဲသို့ ဆွဲဆောင်နေပါက ကျန်အင်္ဂါအစိတ်အပိုင်းများ ကောင်းရာမွန်ရာသို့ ရောက်ကြမည်မဟုတ်၊ ဗာလုဿုက္က= အကာ၊ အဖျင်း၊ အဖြုန်းတွေချည်း ဖြစ်နေကြပေလိမ့်မည်။

၃။ တဟီ်ပိ ဝေကလ္လာဘာဝေါ သာခု သဗ္ဗိန္ဒြိယာနံ။ တဟီ်ပိ၊ ထိုလူ့ဘဝ၌၊ ဖြစ်လေရာ၌လည်း၊ သဗ္ဗိန္ဒြိယာနံ၊ မျက်စိ၊ နား၊ နှာ၊ လျှာ အထည် ကိုယ်အင်္ဂါခပ်သိမ်းတို့၏။ သာခု၊ အတ္တ၊ ပရဟိတဖြစ်ကြောင်း ကောင်းမွန်စွာသော။ ဝေကလ္လာဘာဝေါ၊ ချို့တဲ့မရှိ ပကတိသောအခြေအနေသည်။ သာရံ၊ အပြစ်ကင်းရှင်း အနှစ်ရှင်းပေတည်း။

အနှစ်မရှိသောကိုယ်ခန္ဓာတွင် ဦးခေါင်းကို ဘယ်ပုံအနှစ်ရှိအောင် ပြုရမည်နည်း။ လျှာကို၊ လက်ကို၊ စိတ်ကို၊ ခြေကို ဘယ်ပုံအနှစ်ရှိအောင် ပြုရမည်နည်း။ အဆိုပါအမေးတို့၏ အဖြေသဘောကို ဆန္ဒောမဉ္ဇရီ၌ ဂါထာတစ်ပုဒ် ပြယုဂ်အဖြစ် ပြထားသည်။

ဂေါဝိန္ဒံ ပဏာမောတ္တမင်္ဂ၊ရသနေ၊ တံ ဃောသယာ ဟောနိသံ၊ ပါဏီ၊ ပူဇယတံ မနော၊ သရပဒါ၊ တဿာလယံကစ္ဆထ။ ဇဝံ စေ ကုရုထာခိလံ မမဟိတံ သိဿာဒယော၊ တံခုဝံ၊ နပေက္ခေ ဘဝတံ ကတေ ဘဝမဟာ သဒ္ဒူလ ဝိက္ကီဠိတံ။

ဥတ္တမင်္ဂ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါ။ တွံ၊ သင်သည်။ ဝေါဝိန္ဒံ၊ ဆိုင်ရာမှတ်သား၊ မြတ်ဘုရားကို။ ပဏာမ၊ ဦးခေါင်းထိမျိုး၊ ရှိခိုးလိုက်စမ်းပါ။

ရသနေ၊ အို–လျှာ။ တွံ၊ သင်သည်။ ဂေါဝိန္ဒဆိုင်ရာမှတ်သား၊ မြတ်ဘုရား(အမည်)ကို။ အဟောနိသံ၊ နေ့ရောညဉ့်ပါ၊ အခါမဆိုင်း၊ အချိန်တိုင်း။ ဃောသယ၊ ကြွေးကြော်ပါကုန်။ ပါဏီ၊ အိုလက်တို့။ တုမှေ၊ သင်တို့သည်။ ဂေါဝိန္ဒံ၊ ဆိုင်ရာမှတ်သား မြတ်ဘုရားကို။ ပူဇေသတံ–ပူဇယဒေါ၊ ပူဇော်ကြပါကုန်။

မနော၊ အို–စိတ်။ တွံ၊ သင်သည်။ ဂေါဝိန္ဒံ၊ ဆိုင်ရာမှတ်သား မြတ်ဘုရားကို။ ပူဇယတံပူဇယဓော၊ ပူဇော်ကြပါကုန်။ မနော၊ အို–စိတ်။ တွံ၊ သင်သည်။ ဂေါဝိန္ဒံ၊ ဆိုင်ရာမှတ်သားမြတ်ဘုရားကို။ သရ၊ ပုံတော်ရိပ်ဝဲ၊ စိတ်စွဲမပျောက်၊ အောက်မေ့ပွားများလိုက်စမ်းပါ။ ပဒါ၊ အိုခြေတို့။ တုမှေ၊ သင်တို့သည်။ တဿဂေါဝိန္ဒဿ၊ ဆိုင်ရာမှတ်သား၊ ထိုဘုရား၏။ အာလယံ၊ ကျောင်းတော်သို့။ ဂစ္ဆထ၊ သွားကြပါကုန်။

သိဿာဒယော၊ ဦးခေါင်းစသား၊ မိတ်အများတို့။ တုမှေ၊သင်တို့သည်။ ဇဝံ၊ ဆိုအပ်ခဲ့သား၊ နည်းလမ်းများဖြင့်။ မမ၊ ကျွန်ုပ်၏။ အခိလံ၊ အလုံးစုံသော။ ဟိတံ၊ အကျိုးစီးပွားကို။ စေကုရုထ၊ အကယ်၍ ပြုကုန်ငြားအံ့။ တံ–တဒါ၊ ထိုသရောအခါ၌။ ခုဝံ၊ စင်စစ်ဧကန်၊ အမှန်ပင်။ ဘဝတံကတေ၊ အသင်တို့၏ အကူအညီကြောင့်။ အဟံ၊ ငါသည်။ ဘဝမဟာသဒ္ဒူလဝိက္ကီဠိတံ၊ ဘဝကျားကြီး၊ စားပြီးရင်းစား၊ များစွာလူပ်ကြွ၊ ဒုက္ခခံရာ၊ ကန္တာမြိုင်ကြော၊ တောကြီးတောင်ကြီးကို။ နပေက္ခေ= နပဿမိ၊ ဘဝပြတ်ငြိမ်း၊ ဓာတ်သိမ်းသော အလှည့်ကျသဖြင့် မကြည့်ရဘေးကင်း၊ အေးခြင်းကြီး အေးရပါပြီတကား။

၄။ ကောလည်ံ တသ္မိံ တသ္မိံပိ၊ အင်္ဂါမချွတ်၊ ရပ်ပြစ်လွတ်ရာမှာလည်း။ ကောလည်ံ၊ အမျိုးကောင်းသမီးသား၊ ကြီးပွားရာ ကြီးပွားကြောင်း ကောင်းသောဇာတိအခြေခံသည်လည်း။ သာရံ၊ပကတူပနိဿရည်း၊ ပစ္စည်းဖြစ်ခြင်း၊ အနှစ်အရင်းပေတည်း။

ကုလီန=ကုလပုတ္တ အမျိုးကောင်းသားသည်–

၁။ ဇာတိကုလပုတ္တ၊

၂။ အာစာရ ကုလပုတ္တ ဟူ၍ နှစ်မျိုးရှိ၏။

ထို ၂–မျိုးတွင် ဇာတိကုလပုတ္တ မိကောင်းဖခင်သားသမီးဖြစ်တိုင်း အာစာရ ကုသလပုတ္တ သားကောင်း သမီးကောင်း ဧကန်ဖြစ်မည်ဟု မဆိုနိုင်။ သို့မဆိုနိုင်သော်လည်း မိကောင်းဖခင် သားသမီးသည် မိရိုးဖလာ ပတ်ဝန်းကျင် အခြေအနေကောင်းသောကြောင့် သားကောင်း သမီးကောင်း ဖြစ်ခွင့်ရှိနိုင်သည်။

“သည်ကိုရည်၍၊ ကောင်းသောမျိုးရိုး၊ မညိုးမမှိန်၊ ရှိန်ဝါရှိစွ မိဘနှစ်ပါး သွီးသားဖြစ်လေ အနှစ်ပေတည်း” ဟုစပ်ဆိုခဲ့လေသည်။ တဿ သောစေယျဘာဝေါ= တဿ တဿာပိ၊ ထို မိကောင်းဖခင်သားသမီး၏။ သောစေယျဘာဝေါ၊ ညစ်ကြေးခွာချ၊ အာစာရ ကုလပုတ္တ ဖြစ်ခြင်းသည်လည်း။ သာရံ၊ အရင်းအမြစ် အတွင်းအနှစ် ပါပေတည်း။

လောက၌ မိကောင်းဖခင် သားသမီးဖြစ်၍ ယေဘုယျအားဖြင့် ရုပ်ရည်သန့်ပြန့် ခန့်ခန့်ညားညားကြီး ရှိသော်လည်း အတွင်းစိတ် သန့်သန့်ပြန့်ပြန့် ရှိခဲလှသည်။

သို့သော် ဥပမိကောင်းခြင်း၊ အင်္ဂါခြေလက် မပိုလိုခြင်းသည် သမ္ပတ္တိတစ်မျိုးပင် ဖြစ်သောကြောင့် ပယောဂသမ္ပတ္တိ၏ အကြောင်းကောင်းနိုင်သော အခွင့်အရေးရှိတတ်ပါပေ၏။

ထိုခေတ် ဤခေတ် အနီးခေတ်၊ ဘယ်ခေတ်နှင့်မှမတူ တိုးတက်သောခေတ်။ ထိုခေတ်ကို အတွင်း အပြင် အောက်ရော အထက်ရော၊ ဘေးဘေး ဘီဘီပါ မကျန် သမန္တာ စက္ခုဝါငွေ့သု ရှုထောင့်အထွေထွေမှ ရှုမြင်ပြီးနောက် “အနှစ်ကိုးပါး” တရားတော်ကို သီတဂူဆရာတော် အရှင်ဉာဏိဿရ ဟောကြားတော်မူခဲ့ပါသည်။

“အနှစ်ကိုးပါး” တရားတော်ကြီး သူ့အစီအစဉ်နှင့် သူရှိသည်ကို တဝကြီးဖတ်ရှုပြီးမှဖြစ်စေ၊ မဖတ်ရှုသေးခင်ဖြစ်စေ၊ တချိန်ချိန်မှာ ဓမ္မမိတ်ဆွေများအနေဖြင့် လယ်စင်ဆရာတော်ကြီး၏ မြန်မာစာ အရေးအသားကို မြည်းစေလိုသည်တကြောင်း၊ လယ်စင်ဆရာတော်နှင့် လယ်တီဆရာတော်စာပေ အရေးအသားတူပုံ၊ သာသနာအထူးအားဖြင့် သံဃာတော်များနှင့် ပတ်သက်၍ သုံးသပ်ချက်တူပုံကို ရဟန်းရှင်လူအများ အကဲခတ်မိစေလိုသည် တကြောင်း၊ ယင်းအကြောင်း ၂–ချက်ကြောင့် ဉာဏဝဇနဒီပနီကျမ်းလာ ဥဂ္ဂတသဌေးဝတ္ထုကို မူရင်းအတိုင်း ထည့်သွင်းလိုက်သည်။

ငါတို့မြတ်စွာဘုရားသခင် လက်ထက်တော်၌ ဟတ္ထိဂါမမည်သောရွာ၌ ဥဂ္ဂတမည်သော သူဌေးသည် အဖေသေလွန်သဖြင့် သူဌေးအရာသို့ရောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံလျက် ဒေသစာရီကြွတော်မူသည်ရှိသော် ဟတ္ထိဂါမရွာသို့ရောက်၍ ကုံကော်တောဥယျာဉ်၌ နေတော်မူ၏။

ထိုသို့ နေတော်မူသောအခါ ဥဂ္ဂတသဌေးသည်လည်း ခုနစ်ရက်ပတ်လုံး သေစာသောက်ခြင်း၌ မွေ့လျော်သည်ဖြစ်၍ ကချေသည်အပေါင်းတို့ဖြင့် ခြံရံလျက် ကုံကော်ဥယျာဉ်သို့ သွား၍ ကစားပျော်ပါးသည်ရှိသော် မြတ်စွာဘုရားကိုမြင်၍ အလွန်ရှက်ကြောက်ခြင်းသည်ဖြစ်၏။

ထို ဥဂ္ဂတသဌေးသည် မြတ်စွာဘုရားအထံသို့ ကပ်လေသော် ခပ်သိမ်းသော သေသောက်ခြင်းကြောင့် ဖြစ်သော ယစ်ခြင်းသည် ကင်းလေ၏။ ထိုသူဌေးသည် မြတ်စွာဘုရားကိုရှိခိုး၍ သင့်တင့်လျောက်ပတ်သော အရပ်၌ နေ၏။

ထို့နောက် မြတ်စွာဘုရားလည်း ထိုသူဌေးကို တရားဟောတော်မူလေသော် အဆုံး၌ ဥဂ္ဂတသဌေးသည် အနာဂါမိဖိုလ်၌ တည်လေ၏။ ထို ဥဂ္ဂတသဌေးသည် အနာဂါမ်ဖြစ်သည်မှစ၍ ကချေသည်တို့ကို သင်တို့ချမ်းသာစွာ နေကြလေကုန်ဟု လွှတ်လိုက်၍ အလှူပေးခြင်း၌သာ မွေ့လျော်သော နှလုံးရှိသည်ဖြစ်၍ ရဟန်းသံဃာတို့အား အလှူပေး၏။

နတ်တို့သည်လည်း ညဉ့်ဦးယံ၏အခြားမဲ့ သန်းခေါင်ယံ၌ လာလတ်၍ ဥဂ္ဂတသဌေးအား ဤသို့ ပြောကြား၏။ “သူဌေးကြီး၊ ဤမည်သောရဟန်းကား သီလရှိ၏။ ဤမည်သော ရဟန်းကား သီလမရှိ။ ဤမည်သော ရဟန်းကား ဒုဿီလတည်း”။ ဤသို့လျှင် သူဌေးအား ကြားလောပေကုန်၏။ ထိုသူဌေးလည်း နတ်တို့၏စကားကို ကြားသောကြောင့် ရဟန်းတို့၏ ဂုဏ်သီလကို ရှေးဦးစွာကပင်သိ၏။ ထိုသို့သိလျက် အလှူဝတ္ထုကို လှူသောအခါ ခပ်သိမ်းပင် ခပ်သိမ်းသော ရဟန်းတို့အား မျှသောစိတ်ဖြင့်သာ အလှူပေး၏။

ဤရဟန်းကား သီလရှိသည်။ ဤရဟန်းကားသီလမရှိဟူ၍ စိတ်အထူးမရှိပြီ။ သံဃာဟူကမြတ်၏ ဟူ၍စိတ်ကိုသာ ဆောက်တည်ပြီးလျှင် တရိုးတပြားတည်းသာ လှူ၏။ ထိုသို့လှူပြီးလျှင် မြတ်စွာဘုရား အထံတော်၌နေ၍ ထိုအလှူ၌ နှစ်သက်သောကျေးဇူးကိုသာ ဟောပြော၏။ ထို့ကြောင့် မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ ဥဂ္ဂတသဌေး၏ ကျေးဇူးဂုဏ်ကိုချီးမွမ်းထောမနာလို၍ သံဃာကိုလုပ်ကျွေးသော ဒါယကာတို့တွင် "ဤ ဥဂ္ဂတသဌေးသည် မြတ်၏၊ ကြီး၏၊ အဦးဖြစ်၏" ဧတဒဂ်ထားတော်မူလေ၏။

ဤစကားကို အင်္ဂုတ္တရနိကာယ်ကျမ်း၌ ဟောတော်မူလေ၏။ ထို့ကြောင့် မျှသောစိတ်ဖြင့် အလှူပေးခြင်းသည်သာ မြတ်လေတော့သည်။

ဤသူကား သီလရှိ၏။ ဤသူကား သီလမရှိ ဟူ၍ စိတ်ကိုအထူးမရှိစေရာ။ ထို ဥဂ္ဂတသဌေးသည်လည်း သီလရှိသည် မရှိသည်ကို အတပ်သိနိုင်လျက် အခါခပ်သိမ်း မရွေးမချယ် မျှသောစိတ်ဖြင့် အလှူပေးသောကြောင့် "ဧတဒဂ်" ရလေသတည်း။ **[ဉာဏာဝမနဒီပနီ]**

***ဆန်းထွန်း (မန်းတက္ကသိုလ်)***

***၂၉.၅.၈၄***

## အရှင်ဒေဝိန္ဒာဘိဝံသ၏ နိဒါန်းစကား

မိမိဇာတိရပ်ရွာ၌ ဆရာတော်၏ တရားကို အလွန်ကြိုက်သော ဦးရိုးတစ်ယောက်ရှိ၏။ အာဘောင်အာရင်းသန်သန်နှင့် အပြောကောင်းလှ၏။ သူက ဆရာတော်၏အကြောင်းကို မကြာမကြာပြော၏။ ထို့ကြောင့် မိမိသည် သီတဂူဆရာတော်ကို ကိုရင်ဘဝကပင် ကောင်းကောင်းသိနေလေတော့၏။

ဆရာတော်၏ တရားများကို နာရတာ အရသာရှိကြောင်း၊ ဆရာတော်သည် မိမိပြောလိုသည့် အကြောင်းအရာကို တစ်တစ်ခွခွ ပြောတတ်ကြောင်း၊ အသံသြဇာကလည်း ကောင်းကြောင်း၊ ရဲရင့်တည်ငြိမ်သော အသံဖြင့် ဟောကြောင်း စသဖြင့် ဆရာတော်၏အကြောင်းကို ချီးမွမ်းခန်းဖွင့်လေသည်။

“သက်ကြီးစကား သက်ငယ်ကြား” ဆိုသည့်အတိုင်း မိမိသည် ကိုရင်အရွယ် ရှိသေးရကား သူ၏ အပြောစကားများကို စိတ်ဝင်တစား နားထောင်ခဲ့ရပေသည်။ သူသည် နိဂုံးချုပ်ပြီဆိုရင် ပြောနေကြအတိုင်း “ကိုရင်တို့လည်း ဆရာတော်လိုဖြစ်အောင် ကြိုးစားကြ”ဟု တိုက်တွန်းစကားဖြင့် အဆုံးသတ်လေ့ရှိ၏။

ဆရာတော်၏ တရားများကို လွန်လွန်ကဲကဲ နှစ်ခြိုက်ကြသူများကို ခဏခဏတွေ့ရပါသည်။ ထိုင်းနိုင်ငံမှ ဒကာမကြီးတစ်ယောက်ဆိုလျှင် ဆရာတော်ကိုတွေ့သောအခါ ဝမ်းသာပြီးငိုပါတော့သည်။ ဆရာတော်သည် သာသနာကိစ္စတစ်ခုဖြင့် ထိုင်းနိုင်ငံ ဖယောင်းမြို့သို့ ကြွရောက်တော်မူ၏။ ပရိသတ်များ ဆရာတော်ကို လာရောက်နှုတ်ဆက် ကန်တော့ကြ၏။ ထိုအထဲတွင် ဒေါ်အေးစိန်ဆိုသည့် ဒကာမကြီးလည်း ပါလာ၏။

ထိုဒကာမကြီးသည် သီတဂူဆရာတော်ကို အလွန်ကြည်ညို၏။ ဆရာတော်၏ တရားများကို အလွန်နှစ်ခြိုက်၏။ သို့သော် ဆရာတော်ကို တစ်ခါမှ မတွေ့ဘူးပေ။ ယင်းသို့ဖြစ်ရကား ဆရာတော်ကို ဖူးတွေ့နေပါသော်လည်း “ငါ သီတဂူဆရာတော်ကို ဖူးနေတာပဲ” ဟု မသိရှိပေ။

ထို့ကြောင့် ဒကာမကြီးက “တပည့်တော်ဟာ ခရီးသွား ခရီးလာများမှတဆင့် မှာယူ၍ မြန်မာပြည်မှ တရားတိတ်ခွေများ နာရပါတယ်၊ ယခုလို မြန်မာဘုန်းတော်ကြီးများ ရောက်ရှိလာတော့ ဖူးရတာ အလွန်ပင် ဝမ်းသာမိပါတယ်ဘုရား” ဟု ဆရာတော်ကို လျှောက်၏။

“ဟုတ်တာပေါ့၊ နိုင်ငံရပ်ခြားမှာနေကြတဲ့ မြန်မာလူမျိုးတွေဟာ ဘုန်းကြီးသံဃာတော်များကို သိပ်ဖူးချင်ကြတယ်၊ အမျိုး ဘာသာ သာသနာကို ချစ်တဲ့စိတ် ရှိလို့ပါပဲ၊ဒါကို ဝံသာနုစိတ်လို့ခေါ်ပါတယ်၊ ဘုန်းကြီးတို့ အားရကျေနပ်မိပါတယ်”။

“မှန်ပါဘုရား၊ ဆရာတော်ကို တစ်ခုလောက် အကူအညီတောင်းချင်ပါတယ်”။

“ရပါတယ် ဒကာမကြီး၊ ဘုန်းကြီးကူညီမှာပေါ့”။

“တပည့်တော်ဟာ ဘဝတန်ဖိုးနဲ့ နိယာမငါးပါးတရားကို ဟောကြားတဲ့ သီတဂူဆရာတော်ကို ထိုင်းနိုင်ငံသို့ ပင့်ချင်ပါတယ်၊ ဒါကြောင့် သီတဂူဆရာတော်ကို မရရအောင် ပင့်ပေးပါဘုရား”။

“ဒကာမကြီး သီတဂူဆရာတော်ဆိုတာ အခြားမဟုတ်ဘူး၊ အခု ဒကာမကြီးရှေ့က ဘုန်းကြီးပါပဲ” ဟု ဆရာတော်က အမိန့်ရှိလိုက်သောအခါ ဒကာမကြီး ဒေါ်အေးစိန်သည် သီတဂူဆရာတော်မှန်းသိသွားပြီး ရှိုက်ကြီးတငင် ငိုကြွေးပါတော့သည်။

ဆရာတော်က “ ဒကာမကြီး ဘာကြောင့် ငိုနေသလဲ၊ ဒါ ငိုစရာမဟုတ်ပါဘူး” ဟုပြောလိုက်၏။

"ဆရာတော် တပည့်တော်ဟာ ထိုင်းနိုင်ငံရောက်တာ နှစ်ပေါင်း ၄၀ ကျော်ပြီ၊ မြန်မာနိုင်ငံကို တစ်ခေါက်မျှ ပြန်မရောက်တော့ဘူး ဘုရား၊ မြန်မာဆရာတော်များ၏ တရားတိတ်ခွေများ အမြဲနာကြားနေရာက ဘဝတန်ဖိုးတရား ဟောကြားတဲ့ဆရာတော်ကို ဖူးတွေ့လိုတဲ့ ဆန္ဒ ပြင်းပြင်းပြပြဖြစ်နေတယ်၊ ဒါပေမယ့် မြန်မာနိုင်ငံကို မပြန်နိုင်ဘူး၊ ဒါကြောင့် ဒီတစ်သက်တွင် ဖူးတွေ့ရမှာ မဟုတ်ဘူးလို့ ထင်နေတယ်၊ ယခုလို မမျှော်လင့်ပဲ ဖူးတွေ့ရလို့ ဖော်မပြနိုင်လောက်အောင် ဝမ်းသာမိပါတယ်ဘုရား၊ ဝမ်းသာကြည်နူးလွန်းလို့ တပည့်တော် ငိုမိတာပါဘုရား" ဟု အားရပါးရ လျှောက်ထားလေ၏။

နိုင်ငံရပ်ခြားတိုင်းတပါးသို့ ရောက်ရှိနေသော်လည်း အမျိုး, ဘာသာ, သာသနာကို ချစ်မြတ်နိုးသည့် ဒကာမကြီး ဒေါ်အေးစိန်၏ စိတ်ဓာတ်မျိုးကား မြန်မာလူမျိုးတိုင်း ရှိသင့်သည့် စိတ်ဓာတ်ပင်ဖြစ်၏။ ထိုဒကာမကြီးကဲ့သို့ သီတဂူဆရာတော်ကို အလွန်အမင်း ကြည်ညိုနေသည့်သူများကား အနယ်နယ်အရပ်ရပ်မှာ ပေါများလှပါသည်။

မိမိလည်း ရှင်သာမဏေ ကိုရင်ဘဝက "သဲကုန်းဆရာတော်၊ သီတဂူဆရာတော်" ဟူသော နာမည်ကိုချည်း ထပ်တလဲလဲ ကြားနေရသော်လည်း ဆရာတော်ကိုကား တစ်ခါမှ မဖူးတွေ့ဘူးသေးပေ။ တိုက်တိုက်ဆိုင်ဆိုင် မန္တလေးသို့ သာမဏေကျော်စာမေးပွဲ သွားရောက်ဖြေဆိုမှပင် ဆရာတော်၏ တရားကို ကိုယ်တိုင် ကိုယ်ကျ နာရလေသည်။

မှတ်မိသေး၏။ နေရာက မစိုးရိမ်တိုက်ဟောင်း အနောက်မြောက်နားက ရပ်ကွက်၊ဟောသောတရားက "အာနာပါနသတိပဋ္ဌာန်" တရား။ စည်ကားလှသောပရိသတ်ကြီးနှင့် ဘေးပတ်လည်၌ ဝန်းရံလျက်ရှိသော သံဃာတော်များကို အံ့မခန်း တွေ့ရလေ၏။ စိတ်ထဲမှာလည်း "သြော် သီတဂူဆရာတော်ဆိုတာ ဒီဆရာတော်ပဲကိုး" ဟု အလိုလို ရွတ်မိလေသည်။

မိမိသည် မန္တလေးမြို့၌ နေထိုင်သီတင်းသုံးသောအခါ ဆရာတော်၏ တရားပွဲများကို မလွတ်တမ်း သွားရောက်၍ နာကြား၏။ အသံဖမ်း၏။ ထပ်ချည်းတလဲလဲ နားထောင်၏။ ယင်းသို့ တရားနာပါများသောကြောင့် ဆရာတော်၏ မေတ္တာပို့ဂါထာများဆိုလျှင် မကျက်ဘဲနှင့် အလွတ်ကို ရနေ၏။

ဆရာတော်၏ တရားစာအုပ်များကိုလည်း မရမက ရှာ၍ ဝယ်၏။ စာအုပ်ထဲ၌ပါသော ဆရာတော်၏ ပုံတော်များကို ဖြတ်၍ မိမိဦးခေါင်းရင်း၌ ချိတ်ထား၏။ ထိုမျှလောက် လေးစားခဲ့၏။ ကြည်ညိုခဲ့၏။ သို့သော် သီတဂူဆရာတော်ထံသို့ ယခုကဲ့သို့ တပည့်တစ်ပါးအဖြစ်ဖြင့် ရောက်လာလိမ့်မည်ဟုကား မိမိကိုယ်ကို လုံးဝ မထင်ထားခဲ့ပေ။

## ဆရာတော်၏ သင်္ဂဟ

မိမိသည် အသင်းစာမေးပွဲများ, အစိုးရစာမေးပွဲများကို ပြီးဆုံးအောင်မြင်ပြီးသည့်နောက် ဘာသန္တရစာပေများကို သင်ကြားဖို့ရန် စိတ်ဝင်စားနေ၏။ ထိုအချိန်၌ သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်ကြီးကလည်း "ဗုဒ္ဓဓမ္မနှင့်အင်္ဂလိပ်စာဒီပလိုမာ သင်တန်း" များဖွင့်လှစ်သင်ကြားနေ၏။

သို့နှင့် တက္ကသိုလ်၌ နေထိုင်ခွင့် လျှောက်လွှာကို တင်၏။ ဆရာတော်၏ နေထိုင်ခွင့်ပြုမိန့်ကို ရရှိ၏။ ယင်းသို့ရရှိသဖြင့် မိမိသည် ၁၃၆၃–ခုနှစ်, ဝါဆိုဦးတွင် သီတဂူဆရာတော်၏ ခြေတော်ရင်းသို့ ရောက်ရှိခဲ့ပါသည်။ ထိုအချိန်က အိန္ဒိယတက္ကသိုလ်အသီးသီး၌ ပညာသင်ပို့လွှတ်ထားသော တပည့်များမှာ ၈–ပါးရှိပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ သီတင်းသုံးလျက်ရှိသော ဆရာတော်၏ အနီးနေတပည့်များမှာကား ၁၀–ပါးခန့်မျှသာ ရှိပါသည်။

ထိုနှစ် ဝါဆိုဦး၌ ဆရာတော်က “ငါ့ တပည့်တွေ အခုလို ရောက်လာတဲ့အတွက် လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်၊ ငါ့တပည့်တွေကို လုပ်ဖော်ကိုင်ဖက်လို သဘောထားပါတယ်၊ သီတဂူပရဟိတအလုပ်တွေကို ငါတို့စွမ်းနိုင်သမျှလုပ်မယ်လို့ စိတ်ထဲမှာ ခံယူချက်ရှိကြဖို့ကိုလည်း တဆက်တည်း ပြောကြားလိုပါတယ်” ဟု မိန့်တော်မူ၏။

ယင်းသြဝါဒစကားကို အခုချိန်ထိ ကြားယောင်မိ၏။ ဆရာတော်ကား တပည့်တွေကို “လက်အောက်ငယ်သား”လို သဘောမထား၊ “လုပ်ဖော်ကိုင်ဖက်လို” သဘောထား၏။ ဤကား ဆရာတော်၏ သင်္ဂဟ (ချီးမြှောက်မှု) တရားပင်တည်း။ တန်းတူရည်တူ ဆက်ဆံခြင်းသည် သင်္ဂဟတရားပင် မဟုတ်လော။ အောင်မြင်လိုသော ဆရာများ အတုယူသင့်လှ၏။

ဆရာတော်သည် ယင်းကဲ့သို့ စည်းရုံးရေး (သင်္ဂဟ) ကောင်းသောကြောင့်ပင် သီတဂူပရဟိတလုပ်ငန်းများ တဟုန်ထိုး အောင်မြင်ခြင်း ဖြစ်ပေသည်။

တချို့က အလုပ်လုပ်လျှင် မှန်မှန်ကန်ကန် လုပ်၏။ တိတိကျကျလုပ်၏။ သို့သော် အပြောအဆို မလိမ္မာသောကြောင့် တပည့်, ဒကာ, ဒကာမတို့နှင့် အဆင်မပြေဖြစ်ပြီး အောင်မြင်မှု မရရှိကြပေ။ ယင်းသို့ ဖြစ်ရခြင်းမှာ ချီးမြှောက်မှု သင်္ဂဟတရားကို မေ့နေသောကြောင့်ပေတည်း။

## စာဆိုတော်ဓမ္မကထိက

မိမိသည် သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်၌ ရောက်သောအခါ ဆရာတော် ပို့ချသော စာဝါများကို လိုက်၏။ ဆရာတော်သည် ဝိသုဒ္ဓိမဂ်၊ မဟာသတိပဋ္ဌာနသုတ်၊ နိကာယ်ကျမ်းကြီးများမှ စကြာ, ရဋ္ဌပါလစသော သင့်လျော်ရာရာ သုတ်များကို ပို့ချ၏။

သုတ်တစ်သုတ်၏ ဆိုလိုရင်းအနှစ်ချုပ်, အဓိပ္ပါယ်, ဝါဒန္တရ, အာစရိယဝါဒများကို အဋ္ဌကထာ, ဋီကာအဖွင့်များနှင့် ရောနှောမွှေနှောက်၍ ပို့ချလေ၏။ တခါတရံ ရာဇဝင်, သာသနာဝင်တို့နှင့် ပတ်သက်သော သမိုင်းဖြစ်စဉ်များကိုလည်း ဗုဒ္ဓသာသနိက ပထဝီ(မြေပုံ)ကို ထောက်ပြ၍ ပို့ချ၏။

ထိုကဲ့သို့ အနှစ်အသားပါလှသော, အာဂမယုတ္တိသဘာဝယုတ္တိရှိလှသော “စာပေအယူအဆ” များကို သိရှိရသောအခါ “သြော် ဆရာတော်ဟာ စာဆိုတော်ဓမ္မကထိကပါလား” ဟု စိတ်ထဲမှာ အလိုလို မှတ်ချက်ချမိသည်။

အချို့ဓမ္မကထိကသည် အသံကောင်း၍ အောင်မြင်၏။ အသံတော်ကား နားဝင်ချိုလှရကား ကြားရသူလူအများ ကြက်သီးမွေးညင်းများပင် ထကြသတတ်။ သူ့ပါရမီနှင့်သူပင်တည်း။ သို့သော် အသံဆွဲငင်များလွန်သည့် အသံကိုတော့ ပညာရှိသူတော်ကောင်းများ နှစ်ခြိုက်တော်မမူကြ။

အချို့ကား အပြောကောင်း၍ ကျော်ကြား၏။ ဇာတ်နိပါတ်များလာ ဖြစ်စဉ်များကို အလွမ်း, အဆွေးတို့ဖြင့် တန်ဆာဆင်ပြီး ဟောလိုက်ရာ တရားနာသူပရိသတ်များ မျက်ရည်များတောင် ယိုစီးကြသတတ်။ သူ့စန်းနှင့်သူပင်တည်း။ သို့သော် အပိုအဆာများလွန်းလျှင်ကား လူကြီးလူကောင်းများ နားရှက်တော်မူကြသည်။ မည်သို့ဖြစ်စေ၊ ဓမ္မကထိကများ သတိထားရမှာကား သီတဂူဆရာတော်ကဲ့သို့ စာပေနံ့စပ်အောင် ကြိုးစားပြီး "စာဆိုတော်ဓမ္မကထိက" ဖြစ်ဖို့ပင်တည်း။

သို့မဟုတ်ပါက မင်းပွဲစိုးပွဲများ, နိုင်ငံတကာ ဗုဒ္ဓဘာသာ အစည်းအဝေးပွဲများ၌ ဟောပြောရသည့်အခါ "အိုးနင်းခွက်နင်း" ဖြစ်တတ်ပေသည်။

## ဆရာတော်နှင့် ခေတ်သစ်ပညာရေးစနစ်

ဆရာတော်သည် ပရိယတ္တိပညာရေးစနစ်ကို စိတ်ဝင်စား၏။ ထို့ကြောင့် နိုင်ငံတကာ တက္ကသိုလ်ကြီးများ, ကောလိပ်များသို့သွားရောက်၍ သူတို့၏ ပညာရေးစနစ်ကို လေ့လာ၏။ အကဲခတ်၏။ အားနည်းချက်, အားသာချက်တို့ကို မြင်အောင်ကြည့်၏။ အထူးအားဖြင့် သင်ရိုးညွှန်းတန်းများကို ပို၍ လေ့လာ၏။ ဆိုလိုသည်ကား ဆရာတော်သည် "ခေတ်သစ်ပညာရေးစနစ်"ကို စိတ်ဝင်တစားရှိခြင်းပင်တည်း။

မိမိသည် ဆရာတော်ထံ စာဝါများ လိုက်ပြီးနောက် စာပေနှင့် ပတ်သက်သည့် "အယူအဆသစ်"များ မြောက်မြားစွာ ရရှိလေ၏။ သို့နှင့် ပရိယတ္တိ ပညာရေးစနစ်၏ အားနည်းချက် အားသာချက်တို့ကို အကြံပြုတင်ပြထားသည့် "ဒဿနစာတမ်း" ကိုရေး၏။

ယင်းစာတမ်းကို ဆရာတော်အား သွားရောက်ပြသသောအခါ "ဘာ စာတမ်းလဲကွ" ဟု ဆရာတော်က ရင်းရင်းနှီးနှီး မေး၏။

"ခေတ်သစ်ပညာရေးစနစ်ကို အကြံပြုထားသည့် စာတမ်းပါဘုရား၊ ပိုတာကို နှုတ်ပြီး လိုအပ်တာကို ဖြည့်စွက်ပေးပါဘုရား"။

"အေးကွာ၊ ငါ့ တပည့်တစ်ပါးက အခုလို ရေးနေတာကိုပဲ ကျေနပ်လှပါပြီ၊ ထားခဲ့ကွာ၊ ငါသေသေချာချာ ဖတ်ကြည့်လိုက်ဦးမယ်" ဟု မိန့်၏။

မိမိလည်းဆရာတော်ထံ၌ စာမူကို ထားခဲ့၏။ နောက်တနေ့ညနေခင်း၌ ကျောင်းသားတယောက်က မိမိကို "ဦးဇင်းကို ဆရာတော်က ခေါ်နေတယ်" ဟု လာပြော၏။ သို့နှင့် သုတ်ခြေတင် သွားရောက်ကာ ဆရာတော်ကို ဦးတိုက်လေ၏။

ဆရာတော်က "မောင်ဒေဝိန္ဒ မင်းရေးတဲ့စာတမ်းကို ည ၁၀ နာရီလောက်မှ စပြီး ပြီးအောင် ဖတ်ကြည့်တယ်၊ သိပ်ကောင်းတယ်ကွာ၊ စာအုပ်ထုတ်ဖြစ်အောင်ထုတ်၊ ငါအကုန်ကျခံမယ်" မိန့်တော်မူ၏။ ထို့ကြောင့် "ဒဿနစာတမ်း"အမည်ရှိ စာအုပ်တစ်အုပ် ထုတ်ဖြစ်ခဲ့ပါသည်။

ယင်းစာတမ်းထွက်ရှိလာသောအခါ ချီးမွမ်းသံများ, ကဲ့ရဲ့သံများ တဟုန်ထိုး ထွက်ပေါ်လာခဲ့ပါသည်။

မိမိလည်း သုတေသနကျမ်းပြုဌာနမှာ သီတင်းသုံးဖော်သံဃာများနှင့်တကွ သီတဂူကျမ်းစာအုပ်များကို ဆရာတော်၏ ညွှန်ကြားချက်ကိုရယူ၍ ကွန်ပျူတာစာစီခြင်း, တည်းဖြတ်ခြင်း, သုတ်သင်ခြင်း, အမှာစာရေးသားခြင်း စသည့်အလုပ်များကို ဝင်ရောက် လုပ်ကိုင်ခဲ့လေသည်။

၁၃၆၉–ခုနှစ်သို့ ရောက်သောအခါ မိမိသည် တက္ကသိုလ်တက်ဖို့ရန်အတွက် ဆရာတော်ကို ခွင့်တောင်း၍ အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့ပါသည်။

## ဆရာတော်၏ အိန္ဒိယဓမ္မဒူတခရီး

မိမိအိန္ဒိယသို့ ရောက်သည့်နှစ်၌ ဆရာတော်သည် နောက်လိုက် တပည့်, ဒကာ, ဒကာမ ၇၀–လောက်နှင့် တကွ အိန္ဒိယနိုင်ငံသို့ ကြွရောက်တော်မူလာ၏။

ဆရာတော်သည် ဒကာယဒကာမ များနှင့်တကွ သာသနာထွန်းကားစ ဖြစ်နေသည့် အိန္ဒိယနိုင်ငံ တြိပူပြည်နယ်၌ ဘုရားတည်ရန်အတွက် အလှူတော်ငွေများကိုလည်း ပေးအပ်လှူဒါန်းခဲ့၏။

ထို့အပြင် ဗုဒ္ဓဂါယာရှိ မြန်မာကျောင်းသား ရဟန်းတော်များအဖွဲ့ပိုင် ကျောင်းတော်ကြီး၌ အိန္ဒိယနိုင်ငံရောက် မြန်မာကျောင်းသား ရဟန်းတော် ၂၃၁–ပါးကိုလည်း ဆရာတော်နှင့် သီတဂူသာသနာပြုအဖွဲ့သည် တစ်ပါးလျှင် အမေရိကန်ဒေါ်လာ ၁၀၀–စီ လှူဒါန်းခဲ့၏။

ဆရာတော်က တပည့်ကျောင်းသားရဟန်းတော်များကို အမိန့်ရှိသေး၏။ "တစ်ပါးလျှင် ဒေါ်လာ ၁၀၀–စီ လှူရတာကို ငါ စိတ်မကောင်းဘူးကွာ၊ ဘာကြောင့်လဲဆိုရင် ဒီထက်ပိုပြီး မလှူနိုင်လို့ပဲ၊ ငါ့တပည့်တွေကြိုးစားကြ၊ 'ဒီကပြန်ရင် နိုင်ငံနှင့်သာသနာကို ဘယ်လို ကျေးဇူးဆပ်မလဲ' လို့ ကိုယ့်ကိုယ်ကို ပြန်မေးကြ၊ ဒီမေးခွန်းကို မဖြေနိုင်သေးဘူးဆိုရင် ဒီမှာလာရတာ အကျိုးမများလှဘူး၊ ဒေါ်လာရင်းပြီးတော့ လာကြတာဆိုတော့ ဒေါ်လာနှင့်ထိုက်တန်တဲ့ ပညာကို ရအောင်ယူကြ၊ သာသနာမှာ အလုပ်လုပ်တဲ့လူ နည်းသေးတယ်၊ ဒီကွက်လပ်ကို ငါ့ရှင်တို့က ဖြည့်ဆည်းပေးရမယ်၊ ငါ့တပည့်တွေဒီမှာ 'ကျောင်းသားအဖွဲ့' ကိုဖွဲ့စည်းကာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေကြတာကို ကြည့်ပြီး ငါ အတော်လေး အားရကျေနပ်မိတယ်၊ ညီညွတ်ခြင်းရဲ့ ပြယုဂ်ပဲ၊ ငါ့ရှင်တို့လည်း ခြေလှမ်းကြဲကြဲလှမ်းကြ၊ ဒါမှ သူများနောက်မကျမှာ၊ နောက်နှစ်နောက်နှစ်တွေမှာလည်း စာသင်သား ရဟန်းတော်တွေ ဘယ်လောက်များများ ငါအနေနဲ့ ထောက်ပံ့သွားဦးမှာပါ" ဟု ဩဝါဒစကားကိုလည်း မိန့်တော်မူခဲ့ပါသည်။

ဆရာတော်နှင့် သီတဂူသာသနာပြုအဖွဲ့သည် မြန်မာကျောင်းသား ရဟန်းတော်များကို နှစ်စဉ် တစ်ပါးလျှင် ဒေါ်လာ ၁၀၀–စီ လှူဒါန်းခဲ့သည်မှာ ၇– နှစ်ရှိသွားပေပြီ။ "အခြေခံပညာရေးအုတ်မြစ်" ကို တည်ဆောက် နေခြင်းပင်တည်း။

ဆရာတော်သည် နာလန္ဒာတက္ကသိုလ်၌ ပါမောက္ခများနှင့် ကျောင်းသား, ကျောင်းသူများကိုလည်း သီးသန့် **Lecture** တစ်ခု ပို့ချခဲ့ပါသေးသည်။ ဗာရာဏသီမြို့ **B.H.U** တက္ကသိုလ်ကလည်း ဆရာတော်ကို **Lecture** တစ်ခု ပို့ချပေးဖို့ လျှောက်သေး၏။ အချိန်မရသဖြင့် ဆရာတော် မပို့ချခဲ့ရပေ။ ပုနေးတက္ကသိုလ် ပါမောက္ခကြီးတစ်ယောက်ကလည်း ဆရာတော်ကို ပင့်ဖိတ်ချင်ကြောင်း ကမ်းလှမ်းခဲ့သေး၏။

မည်သည့်နေရာရောက်ရောက် ဆရာတော်ကို ပင့်ဖိတ်ချင်သူများကို မြောက်မြားစွာ တွေ့ရပါသည်။ ထို့ကြောင့် ဆရာတော်က "အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်ပေါင်းများစွာကို **Lecture** ပေးဖို့အတွက် အိန္ဒိယကို တစ်ခေါက်လောက် သီးသန့်လာဦးမယ်ကွာ"ဟု မိမိကို မိန့်မြွက်တော်မူ၏။

"ပညာရှိများဟာ မည်သည့်နေရာ ရောက်ရောက် အပူဇော်ခံရတယ်" ဟူသော နီတိဆရာတော်များ၏ အဆိုအမိန့်သည် ပြည်တန်ပတ္တမြားကဲ့သို့ တန်ဖိုးဖြတ်၍ မရနိုင်ပါတကား။

## အနှစ်ကိုးပါး

မိမိသည် နွေရာသီကျောင်းပိတ်ချိန်၌ အားလပ်နေသဖြင့် မြန်မာ့မြေသို့ အလည်ပြန်လာ၏။ ဆရာတော်သည် ကိုယ်တိုင် အလုပ်လုပ်သကဲ့သို့ တပည့်များကိုလည်း အလုပ်လုပ်စေချင်၏။ "ဓားသည် သွေးမှ ထက်သကဲ့သို့ လူသည်လည်း အလုပ်လုပ်မှ တိုးတက်၏" ဟူသော ခံယူချက်ရှိသည်အားလျော်စွာ "အနှစ်ကိုးပါး တရားစာအုပ်ကို အိန္ဒိယသို့ မသွားခင် ပြီးအောင်လုပ်ကွာ" ဟု မိမိကို မိန့်တော်မူ၏။

အနှစ်ကိုးပါးတရားစာအုပ်သည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀–ကျော်က ထုတ်ဝေခဲ့ပြီးဖြစ်သော်လည်း ယခုအချိန်၌ လုံးဝမရှိတော့ပေ။ ထို့ကြောင့် မိမိလည်း အိန္ဒိယ ပြန်မသွားခင် အချိန်တိုကာလအတွင်းမှာ ကွန်ပျူတာစာစီ၍ လိုအပ်သည်များကို မွမ်းမံပြင်ဆင်ကာ အသစ်တဖန် စီစဉ်လိုက်ပါသည်။

သီတဂူဆရာတော်သည် ၁၉၈၁–ခုနှစ်က အာရှ ၆–နိုင်ငံ (ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ နီပေါ၊ အိန္ဒိယ၊ သီရိလင်္ကာ) သို့ ဘုရားဖူး လှည့်လည်ခဲ့ပါသည်။

ထိုခရီးစဉ်တလျှောက်တွင် အချို့သောနိုင်ငံများ၌ သင့်လျော်သလို တရားများ ဟောကြားခဲ့ရာ တရားပွဲအပြီးတွင် မေးခွန်းပေါင်း မြောက်မြားစွာကို မေးကြပါသည်။

၁။ မေတ္တာသမား အသားစားသလား။

၂။ မြန်မာဘုန်းကြီးများ ဘာကြောင့် အင်္ဂလိပ်စာ အတတ်နည်းကြသလဲ။

၃။ ဗုဒ္ဓဝါဒသည် **Religion** လား၊ (သို့မဟုတ်) **Philosophy** လား။

၄။ အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓသာသနာ ဘာကြောင့် ကွယ်ခဲ့သလဲ။

"အနှစ်ကိုးပါး" တရားတော်သည် အထက်ပါ မေးခွန်းလေးခုကို အခြေခံလျက် ဟောကြားထားသည့် တရားဖြစ်သည်။ ပါဠိတော်ဟောစဉ် မဟောဘဲ နိုင်ငံတကာ အတွေ့အကြုံကို အခြေခံ၍ ခေတ်နှင့်အညီ ဟောကြားထားသော တရားဖြစ်သည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ အားပေးကူညီကြသော---

၁။ "အနှစ်ကိုးပါး" စာမူကို အချောကိုင် ပြင်ဆင်တည်းဖြတ်၍ အမှာစာ ရေးသားကူညီပေးကြသော ဆရာကြီးဦးဆန်းထွန်း (ဆန်းထွန်း-မန်းတက္ကသိုလ်)အား လည်းကောင်း၊

၂။ ဤ "အနှစ်ကိုးပါး" စာအုပ်အတွက် ကုန်ကျစရိတ်အားလုံးကို ထောက်ပံ့လှူဒါန်းကြသော ဦးပြုံးမောင်မောင်+ ဒေါ်ခင်သီတာထွန်း မိသားစုအားလုံးတို့အား လည်းကောင်း၊

၃။ မျက်နှာဖုံးဒီဇိုင်းရေးဆွဲပေးသော သီတဂူမောင်မျိုးအား လည်းကောင်း၊

၄။ ကွန်ပျူတာစာမူကို တည်းဖြတ်သုတ်သင်စိစစ် ပေးကြသော အရှင်ကောဝိဒ (သာသနဓဇဓမ္မာစရိယ၊ **B.A**)၊ အရှင်သုစိတ (သာသနဓဇဓမ္မာစရိယ၊ **M.A**)၊ အရှင်ကဝိဓဇ (သာသနဓဇဓမ္မာစရိယ၊ **M.A**)၊ အရှင်နေမိန္ဒ(သာသနဓဇဓမ္မာစရိယ၊ **B.A**) တို့အား လည်းကောင်း၊ သုတေသနနှင့် ကျမ်းပြုဌာနကိုယ်စား ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**"သီတဂူစန်းလပမာ ချမ်းမြသာယာ ရှိကြပါစေ"**

အရှင်ဒေဝိန္ဒာဘိဝံသ

သုတေသနနှင့် ကျမ်းပြုဌာန

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်

(၇.၄.၂၀၀၈)

## အနှစ်ကိုးပါးတရားတော်

ဒီနေ့ဟာ ၁၃၄၃–ခုနှစ်၊ တပေါင်းလပြည့်နေ့ ဖြစ်ပါတယ်။ ဘုန်းကြီး ဟောမည့်တရားက "အနှစ်ကိုးပါး" ပါ။ ဒီကနေ့ဟာ တပေါင်းလပြည့်နေ့ဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ် ကပိလဝတ် ရွှေမြို့တော်ကို ခရီးစတင်သောနေ့ပါပဲ။

ဇရာဝတီတိုင်း၊ ကျုံပျော်မြို့၊ ရတနာရံသီ စေတီတော်၊ မြချမ်းသာ စေတီတော်၊ စေတီတော်ကြီး နှစ်ပါးအား ပူဇော်သည့်အနေအားဖြင့် ဆင်ယင်ကျင်းပသည့် "စေတီယပူဇာ ဓမ္မသဘင်"။

မိများ၊ ဖများ၊ ညီအစ်ကို မောင်နှမများ၊ ဆွေတော်မျိုးတော်များနဲ့ ကွဲကွာပြီးတော့ နေခဲ့ရတာ ဘုရားကိုယ်တော်မြတ် (၇) နှစ်။ ၇–နှစ် ခွဲခွာခဲ့ရသည့် မြတ်စွာဘုရား ဆွေတော်မျိုးတော်များရဲ့ ပင့်လျှောက်ချက်အရ ဆွေတော်မျိုးတော်များနဲ့ ပြန်လည်ဆုံတွေ့ဖို့ရန် ကပိလဝတ်ရွှေနန်းကို ယခုလို တပေါင်းလပြည့်နေ့မှာ ပြန်လည်ပြီးတော့ ကြွမြန်းတော်မူတယ်။

ကာဠုဒါယီမထေရ်သူမြတ်က ဘုရားကိုယ်တော်မြတ်ကို ကပိလဝတ် ရွှေနန်းကြွမြန်းဖို့ရန် ပင့်လျှောက်ခဲ့တယ်။ "ကာဠုဒါယီဘုရားပင့်" ဆိုပြီးတော့ ဂါထာပေါင်း ၆၂–ဂါထာ ရှိပါတယ်။

ဘုရားပင့် ဝါသနာပါတဲ့ ဒကာကြီးများကို တိုက်တွန်းချင်ပါတယ်။ ဘုရားပင့် ဂါထာကို ကျက်ချင်ရင်တော့ "ကာဠုဒါယီဘုရားပင့်ဂါထာ" များကိုသာ ကျက်ကြတော့။

ဒီတော့ ဒီနေ့လည်းပဲ အကယ်၍ ဘုရားပင့်လေးတစ်ပုဒ်လောက် ကိုယ်တော် ရွတ်ပါဦးဆိုရင် အဲဒီခြောက်ဆယ်ကျော်သောဘုရားပင့်နဲ့ ဘုန်းကြီးတို့ဘုရားပွဲဖွင့်ရရင် ဘုရားပင့်နဲ့ပဲ မိုးများလင်းမလား မသိဘူး။

ဒီတော ဘုရားပင့်နဲ့ မိုးမလင်းရလေအောင် ဘုရားရှင်ကိုယ်တော်မြတ် ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ နှလုံးအိမ်မှာ ကြွမြန်းပြီးသားပဲလို့ ဒီလိုသဘောထားလိုက်ကြပါ။

* * * * * * * * * * * * * * * *

## ရတနာအပြည့်ရှိတဲ့ နှလုံးအိမ်

ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ နှလုံးအိမ်ထဲမှာ ဘုရားကိုယ်တော်မြတ်လဲပဲ ကြွပြီးသား၊ ဘုရားကိုယ်တော်မြတ်ကြွလာတယ်ဆိုကတည်းကိုက တရားတော်တွေလဲ ကိန်းဝပ်ပြီးသား၊ တရားတော်တွေကိန်းနေပြီဆိုကတည်းက ထိုတရားတော်တွေကို ဆောင်တော်မူကြတဲ့ သံဃာတော်အရှင်မြတ်များလဲပဲ ဘုန်းကြီးတို့ ပရိသတ်ရဲ့ နှလုံးအိမ်ထဲမှာ ကိန်းဝပ်ပြီးသား။

ဘုန်းကြီးတို့ ပရိသတ်ရဲ့ နှလုံးအိမ်မှာ ဘုရားလဲကိန်း၊ တရားလဲကိန်း၊ သံဃာလဲကိန်းဝပ်ပြီးသား ဖြစ်ခြင်းကြောင့် ဘုန်းကြီးတို့ ပရိသတ်ရဲ့ နှလုံးအိမ်ဟာ ရတနာအနှစ်တို့ဖြင့် ပြည့်သော နှလုံးသားလို့ ဘုန်းကြီးတို့ ဒီလိုပဲ ဆိုလိုက်ချင်ပါတယ်။

"တန်ဖိုးအလွန်ရှိတယ်"တဲ့၊ ဗုဒ္ဓဘာသာဖြစ်ရတာ။ နှလုံးအိမ်ထဲမှာ ရတနာသုံးရပ်တို့ ကိန်းခြင်းကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာတို့ရဲ့ နှလုံးအိမ်သည် အဖိုးအနဂ္ဃ ထိုက်တန်ပါတယ်။

ထေရဝါဒဗုဒ္ဓသာသနာကို ကြည်ညိုသိမှတ် ဆည်းကပ်ကြတဲ့ သူတော်စင်တို့ရဲ့ နှလုံးအိမ်မှာ ထိုရတနာသုံးပါးကို ကြည်ညိုတဲ့ သဒ္ဓါသည် အပြည့်အဝရှိနေလို့ "ရတနာနှလုံးအိမ်ကြီး" ပါပဲ။

နေရာဌာနတိုင်းမှာ ပညာရှိ မရှိနိုင်။

တောထဲ တောင်ထဲမှာ ကျောက်တောင်ကြီးတွေထဲမှာ သွားပြီးတူးတဲ့အခါကျတော့ "စိန်" ဆိုတဲ့ ရတနာ။ ကျောက်တကာ ကျောက်တို့တွင် အမာဆုံး၊ "ပတ္တမြား" ဆိုတဲ့ ရတနာ၊ နီရဲပြီးတော့ အလွန်လှတယ်။

"ကျောက်စိမ်း" ဆိုတဲ့ ရတနာ၊ စိမ်းပြီးတော့ သူလဲ အလွန်လှတယ်။

အဲဒီ ကျောက်စိမ်းတွေ ကျောက်ဖြူတွေ ကျောက်နီတွေဆိုတဲ့ ထိုရတနာအမျိုးမျိုးတို့ဟာ လောကလူသားတွေ အထွတ်အမြတ်ထားတဲ့ ရတနာတွေပဲ။

လူသားအားလုံးတို့ အထွတ်အမြတ်ထားတဲ့ ထို"စိန်" ရတနာ၊ "ရွှေ" ရတနာဆိုတဲ့ ရတနာတွေဟာ မြို့အလယ်မှာ တူးလို့မရဘူးတဲ့။ တောထဲ တောင်ထဲမှာ တူးရတာ။ သို့သော် တောတိုင်းတောင်တိုင်းတော့ ပတ္တမြားမထွက်ဘူးနော်။

တောတိုင်း တောတိုင်းမှာ စန္ဒကူးမထွက်ဘူး။ တောင်တိုင်း တောင်တိုင်းက ကျောက်ကောင်းမထွက်ဘူး။ ဆင်တိုင်းဆင်တိုင်းမှာ "အမြူတေ" မရှိဘူး။ လောကနီတိက ပြောတာ။

ဝနေ ဝနေ န စန္ဒနံ၊ တောတိုင်း တောတိုင်း စန္ဒကူးမထွက်ဘူး။

သေလေ သေလေ၊ တောင်တိုင်း တောင်တိုင်းမှာ။ န မဏိကံ၊ ပတ္တမြား မထွက်နိုင်ပါဘူး။

ဂဇေ ဂဇေ၊ ဆင်တိုင်း ဆင်တိုင်းမှာ။ န အမတံ၊ အမြူတေ မရနိုင်ပါဘူး။

ဌာနေ ဌာနေ န ပဏ္ဍိတံ၊ အရပ်ဌာနတိုင်း အရပ်ဌာနတိုင်းမှာ ပညာရှိ မရှိနိုင်ဘူး။

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဆိုတဲ့ အဲဒီရတနာဟာလဲ တိုင်းပြည်တိုင်းမှာ မရှိဘူး။ လူမျိုးတိုင်းမှာ မရှိဘူး။ တိုင်းပြည်တိုင်း တိုင်းပြည်တိုင်း ရတနာသုံးပါး မရှိနိုင်ဘူး။ လူမျိုးတိုင်း လူမျိုးတိုင်းမှာ ရတနာသုံးပါး မကိန်းဝပ်နိုင်ပါဘူး။

ဗုဒ္ဓဘာသာတိုင်းပြည်လို့ဆိုပင် ဆိုငြားသော်လဲပဲ အချို့ဗုဒ္ဓဘာသာတိုင်းပြည်မှာ ရတနာသုံးပါး အပြည့်အစုံ မရှိပါဘူး။ ရတနာသုံးရပ်ကို ကြည်ညိုတဲ့ ဗုဒ္ဓဘာသာလို့ အမည်ခံပင်ခံသော်လဲ ထိုအမည်ခံတဲ့ ဗုဒ္ဓဘာသာ သူတော်စင်တို့ရဲ့ နှလုံးအိမ်တိုင်း နှလုံးအိမ်တိုင်းမှာ ရတနာသုံးပါး အပြည့်အစုံမရှိပါဘူး။

ဘုန်းကြီးတို့မြန်မာပြည်မှာရှိကြတဲ့ ဗုဒ္ဓဘာသာသူတော်ကောင်းတို့ရဲ့ နှလုံးအိမ်မှာတော့ ဘုရား တရား သံဃာ အကုန်လုံး အစုံရှိတယ်။

* * * * * * * * * * * * * * *

## ကောင်းတဲ့နေရာဆိုတာ

"အရပ်" ကောင်းမှာ လူဖြစ်ခွင့်ရလို့ အသိဉာဏ်ကောင်းကို ရထားတာ။ အရပ်ကောင်းမှာ လူဖြစ်ခွင့် မရရင် အသိဉာဏ်ကောင်းကို မရနိုင်ကြဘူး။ အရပ်ကောင်း, နေရာကောင်း ဆိုတာကို မင်္ဂလာတရားတော်က "ပတိရူပဒေသ" လို့ဆိုပါတယ်။

၁။ ရတနာသုံးပါး ရှိတဲ့ အရပ်, နေရာ။

၂။ ကုသိုလ်လုပ်ခွင့်ရတဲ့ အရပ်, နေရာ။

၃။ သူတော်ကောင်းတရား ကျင့်ခွင့်ရတဲ့ အရပ်, နေရာတွေကို "အရပ်ကောင်း, နေရာကောင်း"– လို့ဆိုပါတယ်။

စီးပွားရေးကောင်းတိုင်း၊ ပညာရေးကောင်းတိုင်း မိုးထိအောင် တိုက်ကြီးတွေ ထောင်ပြီးတော့ တက်နေလို့၊ ဟိုမြေပြင်ရော ရေပြင်ရော ဝေဟင်ရော မိနစ်ပိုင်း စက္ကန့်ပိုင်းအတွင်းမှာ ဟူးကနဲ ဟူးကနဲ အရှေ့ အနောက် တောင် မြောက် လူးလာတဲ့ခေါက် ယာဉ်အမျိုးမျိုးနဲ့ သွားနိုင်တယ်ဆိုပေမယ့် အဲဒီလို အရပ်မျိုးတွေကို ဘုန်းကြီးတို့ကတော့ "ပတိရူပဒေသ– အရပ်ကောင်း, နေရာကောင်း" လို့ မဆိုချင်ပါဘူး။

ကုသိုလ်ကောင်းမှုပြုခွင့်ရတဲ့အထဲမှာ ဒါနကောင်းမှုလည်းပြုခွင့်ရတယ်။ သီလ ဆောက်တည်ခွင့်ရတယ်။ သမထ ကမ္မဋ္ဌာန်း စီးဖြန်းကြိုးကုတ် အားထုတ်ခွင့်လည်းရတယ်။ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းဖို့ အခွင့်အရေးတွေလည်းရတယ်။

"အခွင့်အရေးတွေ ရနေတယ်၊ ဘာကျန်နေလဲ"

"ကျင့်ဖို့ပဲ ကျန်ပါတော့တယ်ဘုရား"

"ဘုန်းကြီးက ဗမာပြည် အဲဒါမကျန်တော့ဘူးထင်နေတာ။ ဒကာကြီးတွေ ပြောမှပဲ သိရတော့တယ်၊ ကျန်သေးတယ်တဲ့။ ကိုယ်က နိုင်ငံခြားကြွမလို့ဆိုပြီးတော့ သူတို့ကို မေးကြည့်တာ၊ ကျင့်ဖို့ ကျန်သေးတယ်ဆိုတော့ ဟိုသွားမကြွရဲတော့ဘူး"။

ကုသိုလ်ကောင်းမှုပြုခွင့်ရတယ်၊ ပြုလည်းပြုနေတယ်လို့ ဘုန်းကြီးက ဒီလိုဆိုချင်တာ။ ခုတော့ သူတို့က ကုသိုလ်ကောင်းမှုပြုခွင့်ရပေမယ့် ကျင့်ဖို့ ကျန်သေးတယ်ဆိုတော့ နောက်တစ်ခေါက်သွားရင် ကြွားဖို့ တော်တော်ခက်နေတယ်။

ဒါပေမယ့် ကျုပျော်ကသာ ဒီလိုပြောနေတာပါ။ ရန်ကုန်တို့ မန္တလေးတို့ကတော့ "တပည့်တော်တို့ အပြည့်အစုံကျင့်သုံးနေပါတယ်" လို့ ဒီလို လျှောက်လိုက်တယ်။ ကျုပျော်ကလူတွေ မလျှော့ပါနဲ့။ လျှောက်လိုက်ကြစမ်းပါ။ "တပည့်တော်တို့လည်း ကျင့်သုံးနေကြပါတယ်ဘုရား" လို့။

* * * * * * * * * * * * * * *

## သီဟိုဠ်နိုင်ငံကို ရောက်ခဲ့စဉ်က

ဘုန်းကြီးတို့ကတော့ ရောက်တဲ့နေရာမှာ ကိုယ့်ဟာကိုယ် ယုတ္တိရှာပြီးတော့ အကုန်လုံး နိုင်အောင်ချည်း ပြောခဲ့တာပဲ။ ဘယ်ဘက်ကမှ အရှုံးမပေးခဲ့ဘူး။

သီဟိုဠ်ရောက်လည်း သီဟိုဠ်ဘုန်းကြီးတွေနဲ့ ဒီလို ငြင်းတဲ့အခါ ဒီလိုပဲ အနိုင်ချည်းကျဲတာပဲ။ သူတို့ ဘာမှ ပြန်မပြောနိုင်ဘူး။

သီဟိုဠ်မှာ ဘုန်းကြီးတို့ တရားပွဲ (၅)ပွဲ ဟောတယ်။ (သီရိလင်္ကာမှာ)။ တရားပွဲတွေအကုန်လုံးမှာ ဘုန်းကြီးက ဗမာလိုချည်းပဲ ဟောတယ်။ သီဟိုဠ်ဘာသာ ကောင်းကောင်းပြန်ပေးမယ့် ဗမာစကား ကောင်းကောင်းတတ်တဲ့ သီဟိုဠ်ဆရာတော်နှစ်ပါးလည်း အလဲအလှယ်နဲ့ လိုက်ပြီးတော့ ဘာသာပြန်ပေးတယ်။

အလွတ်သဘောအနေနဲ့ ထိုင်ပြီးတော့ တစ်ယောက်နှင့် တစ်ယောက် ဆွေးနွေးတဲ့အခါမှာတော့ ပါဠိလိုပြောပါတယ်။ အင်္ဂလိပ်လိုလည်း ပြောပါတယ်။ တရားပွဲဟောကြစို့ ဆိုရင်တော့ ဘုန်းကြီးက "ကိုယ်တော်တို့ ဘာသာပြန်ပေး" ဆိုပြီး မြန်မာလိုချည်းဟောပါတယ်။

အင်္ဂလိပ်လိုဟောပြန်တော့လည်း သီဟိုဠ်ဘာသာနဲ့ ထပ်ပြန်ရသေးတာပဲ မထူးဘူး။

အင်္ဂလိပြောလည်း အင်္ဂလိမတတ်တဲ့လူတွေက အများကြီးတက်လာတာဆိုတော့ သီဟိုဠ်ဘာသာနဲ့ ပြန်ဟောပေးရသေးတယ်။ အဲဒီတော့ မထူးပါဘူး။ ကိုယ်ကလည်း အင်္ဂလိပ်လိုဟော။ မြန်မာပြည်မှာ တစ်ခါမှ မဟောဖူးတဲ့ အင်္ဂလိပ်ဘာသာကို ဟိုကျမှ သွားဟောတော့ မနည်းကြိုးကြိုးစားပြီးတော့ ဟောရတာ။

အဲဒီလို မနည်းကြိုးစားပြီး ဟောရတဲ့ အင်္ဂလိပ်ဘာသာကို သီဟိုဠ်ဘာသာနဲ့ တခါထပ်ပြီး ပြန်ဟောတော့ ပြီးရော။

မပြည့်စုံတဲ့အပေါ်မှာ မပြည့်စုံတဲ့ဘာသာပြန် ဖြစ်နေမှာ။ ဒါကြောင့် "မြန်မာလိုဟောတာပဲ ကောင်းတယ်" ဆိုပြီးတော့ သဘောကျလို့ ဘာသာပြန်ဆရာတော်နဲ့ ဘုန်းကြီးတို့ တိုင်ပင်ပြီးတော့ ဟောကြရတာ။

* * * * * * * * * * * * * * * 

## အင်္ဂလိပ်စာတတ် ဗမာဘုန်းကြီးတွေ နည်းပါး

တရားပွဲပြီးသွားတော့ ဒကာကြီး တစ်ယောက်နဲ့ သီဟိုဠ်ဆရာတော်တစ်ပါးက ဘုန်းကြီးတို့အနား ချည်းကပ်လာပြီးတော့ "အရှင်ဘုရားတို့ မြန်မာနိုင်ငံက တိုင်းတစ်ပါးထွက်ထွက်လာကြတဲ့ ဆရာတော်တွေဟာ အင်္ဂလိပ်စာတတ်အလွန်နည်းတယ်၊ အင်္ဂလိပ်လိုအဟောအပြောလဲ အလွန်နည်းတယ်၊ အဲဒါ ဘာဖြစ်လို့လဲ" လို့မေးပါတယ်။

အဲဒီလိုမေးတော့ ဘုန်းကြီးက ပြန်ပြီးတော့ မေးလိုက်ပါတယ်။ "အရှင်ဘုရားတို့ သီဟိုဠ်ဆရာတော်တွေ အင်္ဂလိပ်စာတော်တော်တတ်ကြတယ်။ **M.A** တွေလည်း အများကြီးပဲ၊ **Ph.D** တွေလည်း အများကြီးပဲ၊ ကိုယ်တော်တို့ အင်္ဂလိပ်စာဘာကြောင့် တတ်ကြတာတုန်း"လို့ ဘုန်းကြီးကလဲ ပြန်မေးလိုက်တယ်။ ကိုယ့်အဖြေတော့ မပေးသေးဘူး။ သူတို့ကို ပြန်မေးတယ်။

စကားပြောယင် အဲဒါကိုတော့ တတ်ထားရတယ်။ သူတို့ကို ပြန်မေးလိုက်တော့မှ ကိုယ်ကဖြေဖို့ လမ်းစဟာ ပိုပြီးတော့ ကောင်းသွားတယ်။ ဒီတော့ သူတို့က ပြောတယ်။

"တပည့်တော်တို့ အင်္ဂလိပ်စာ တတ်တာကတော့ တပည့်တော်တို့ တိုင်းပြည်မှာ သံဃာတော်တွေ ပညာသင်ကြားတဲ့ ကျောင်းတွေမှာ သံဃာတော်များ အုပ်ချုပ်တဲ့ ကောလိပ်တွေ တပည့်တော်တို့ ဖွင့်ထားတယ်။ ထိုကောလိပ်တွေကနေ ပြီးတော့ အောင်သွားတဲ့ ပုဂ္ဂိုလ်တွေဟာ အစိုးရရဲ့ တက္ကသိုလ်မှာ သွားပြီးတော့ ပညာသင်ခွင့်ရတယ်"။

"သံဃာတော်များဖွင့်လှစ်အုပ်ချုပ်တဲ့ ကောလိပ်ရယ်၊ အစိုးရဖွင့်ထားတဲ့ တက္ကသိုလ်ရယ်၊ ထိုကောလိပ်၊ တက္ကသိုလ်နှစ်ခုမှာ တက်ရောက်ပညာသင်ကြားပြီးတဲ့ သံဃာတော်တွေဟာ အနည်းဆုံး **B.A** အောင်ကြပြီဆိုလို့ရှိယင် အင်္ဂလိပ်လိုကောင်းစွာ ရေးတတ် ပြောတတ်တယ်။

**M.A** တို့ **Ph.D** တို့ဆိုယင်တော့ ပြောစရာမရှိဘူး။ ကမ္ဘာလှည့်ပြီးတော့ သာသနာပြုတဲ့အထိပါပဲ၊ ပညာသင်ကြားရေးစနစ်က အဲဒီလို ရှိပါတယ် ဘုရား"။

ဒါဖြင့်ရင် အဲဒီပညာသင်ကြားရေး စနစ်မှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းကျမ်းစာတွေကို ပြောပြစမ်းပါဆိုတော့ ပြဋ္ဌာန်းတာတွေကို ပြောပြတယ်။

* * * * * * * * * * * * * * *

## သီဟိုဠ်နိုင်ငံ ပညာရေးစနစ်

ကောလိပ်သုံးခုကို ဘုန်းကြီးရောက်ခဲ့တယ်။ ထိုကောလိပ်တွေမှာ အုပ်ချုပ်တဲ့ဆရာတော်တွေ အတွင်းရေးမှူးတွေ တွေ့ဆုံပြီးတော့ မေးမြန်းကြည့်တယ်။ အဲဒီက ပြဋ္ဌာန်းကျမ်းစာတွေ အကုန်လုံး ဘုန်းကြီးတို့ ယူလာခဲ့ပါတယ်။ မြန်မာပြည်က ပညာရေးစနစ် ဆောင်ရွက်တော်မူကြတဲ့ ဆရာတော်သံဃာတော်များကိုပြဖို့ သာသနာရေးဌာနတင်ပြဖို့ ဆိုပြီးတော့ ယူခဲ့တယ်။

ဘာတွေ သင်ကြားသလဲဆိုတော့ အကြမ်းအားဖြင့် အင်္ဂလိပ်စာကို နံပါတ်(၁)အနေနဲ့ ထားတယ်။ အဲဒီနောက်နားမှာ ဟိန္ဒူဘာသာနဲ့ သက္ကတဘာသာ။ နောက်ပြီးတော့မှ နိုင်ငံရေးသိပ္ပံတို့ ရာဇဝင်တို့ဆိုတာ အဲဒီနောက်နားကရှိတယ်။ ပြီးတော့မှ ပါဠိဘာသာဆိုတာ ရှိတယ်။

ပိဋကတ်သုံးပုံကို ဘယ်လိုလုပ် သင်သလဲဆိုတော့ သုတ္တန်တစ်ခုစီ တစ်ခုစီ ရွေးထုတ်ပြီးတော့ ကောက်နုတ်ချက်လောက်ပဲ သင်တယ်။

ဥပမာ- ဒီဃနိကာယ်ထဲက "မဟာသတိပဋ္ဌာန်" သုတ်ကို နုတ်လိုက်မယ်။ မဇ္ဈိမနိကာယ်ထဲက "အာသီဝိသောပမာသုတ်" စသည်ထုတ်လိုက်မယ်။ အဲဒီလို ထုတ်နုတ်ပြီး သုတ္တန်ကောက်နုတ်ချက်လောက်ပဲ သူတို့က သင်ကြတယ်။

ပါဠိဘာသာကိုလည်း ဘာသာရပ်အနေနဲ့သာ သင်ကြတယ်ဆိုတော့ သူတို့ရဲ့ ပညာသင်ကြားရေးစနစ်မှာ ပိဋကတ်သုံးပုံဟာ နောက်တန်းက ဖြစ်နေတယ်။ အနှစ်အသားပါတဲ့ သင်ကြားတဲ့စနစ်မျိုး မဟုတ်ကြဘူး။ အဲဒါကို ဘုန်းကြီးတို့ တွေ့ရတယ်။

အဲဒီလို တွေ့လိုက်ရတော့ ဘုန်းကြီးတို့ပြောဖို့ အခွင့်အလမ်းရသွားတယ်။ "အရှင်ဘုရားတို့ ပညာသင်ကြားရေးစနစ်က ကမ္ဘာလှည့်ဖို့ကို ဦးတည်ပြီးတော့ ခေတ်ပညာကို ရှေ့တန်းတင်ထားတယ်၊ ပိဋကတ်စာပေကိုတော့ နောက်တန်းမှာ ထားတယ်။ အဲဒါ သီဟိုဠ်နိုင်ငံပညာရေးစနစ်ရဲ့ အားနည်းချက်ပါပဲ"။

* * * * * * * * * * * * * * *

## မြန်မာနိုင်ငံ ပညာရေးစနစ်

"တပည့်တော်တို့ မြန်မာပြည် သံဃာတော်များ ပညာသင်ကြားရေး စနစ်ကတော့ ဘုရားသားတော်ပီပီ ဘုရားဟောတဲ့ ပိဋကတ်သုံးပုံကိုပဲ ဇောက်ချပြီးတော့ သင်ကြရပါတယ်ဘုရား"လို့ ဘုန်းကြီးက ပြောလိုက်တယ်။

"ဘုရားသားတော်ပီပီ" ဆိုတဲ့စကားလေး ကိုယ်က ထည့်သုံးလိုက်တယ်။ အဲဒါနိုင်အောင် ပြောတာပဲ။ ဒီတော့ သူတို့က ခေတ်ပညာကို ဦးစားပေးသင်တော့ ဘုရားသားတော် မပီသလိုလို ဒီလိုဖြစ်သွားတယ်။ သီဟိုဠ်ဘုန်းကြီး ချက်ချင်းနားလည်တယ်။ သူ့မျက်နှာပျက်သွားတယ်။

**"ဘုရားသားတော်ပီပီ ပိဋကတ်သုံးပုံကို တပည့်တော်တို့က ဦးစားပေးသင်ပါတယ်ဘုရား"**

ဒါဖြင့် ပိဋကတ်သုံးပုံ ဘယ့်နှယ်သင်တုန်းဆိုတော့ မြန်မာပြည်က "ပထမပြန်စနစ်" "ဓမ္မာစရိယစနစ်" "တိပိဋက" စာမေးပွဲကြီးတွေအကြောင်း ဘုန်းကြီးက အကျယ်ပြောပြတော့ မျက်လုံးပြူးပြီးတော့ နားထောင်ကြတယ်။

"ပိဋကတ်သုံးပုံကို အဲဒီလောက် သင်ရင် အရှင်ဘုရားတို့ တိုင်းပြည်မှာ ပိဋကတ်ဆောင်တဲ့ ပုဂ္ဂိုလ်များ ရှိသလား"။

"ရှိပါသော်ကော ဘုရား၊ ပိဋကတ်သုံးပုံဆောင်ပုဂ္ဂိုလ် ဘယ်နှစ်ပါး ရှိတယ်။ နှစ်ပုံဆောင် ဘယ်လောက် ရှိတယ်။ တစ်ပုံဆောင်ပုဂ္ဂိုလ် ဘယ်လောက် ရှိတယ်" ဆိုပြီး စာရင်းနဲ့ ဘုန်းကြီးက ချပြီးတော့ အကုန်ပြောပြလိုက်တယ်။

"အဲဒါတွေဟာ ရှေးတုန်းက ရှိတာလား၊ အခုရှိတာလား" တဲ့။ မယုံနိုင်ဘူး၊ သူတို့က။

"အရှင်ဘုရားတို့ လေယာဉ်ပျံလက်မှတ်သာ ပို့လိုက်ပါ။ အဲဒီ ပိဋကတ်သုံးပုံဆောင် ကိုယ်တော်တွေကို တပည့်တော် သီဟိုဠ်ကို အခုပင့်ပေးပါမယ်" လို့ ပြောလိုက်တယ်။

"ရှေးတုန်းက ရှိတာလား၊ အခုရှိတာလား" ဆိုတော့ သူတို့က ပိဋကတ်သုံးပုံဆောင်ဆိုတာကို တခါတည်းမယုံနိုင်လောက်အောင် ဖြစ်နေကြတယ်။ သူတို့မှာ အံ့သြစရာဖြစ်နေတယ်။

အမှန်တကယ်က မြန်မာနိုင်ငံမှာ ပိဋကတ်စာပေတစ်ခုတည်းသာ မဟုတ်ဘဲ ဘာသာဗေဒရစာပေနှင့် ရောပြီးသင်ပေးနေပါတယ်။

ဗုဒ္ဓဘာသာနိုင်ငံမှန်သမျှ ပိဋကတ်စာပေကို ရှေ့တန်း၊ ဘာသာန္တရစာပေကို နောက်တန်းမှာထားပြီး သင်ကြားသင့်ပါတယ်။ ဒီစနစ်ဟာ အကောင်းဆုံးစနစ်ပါပဲ။

* * * * * * * * * * * * * * *

## B.A, M.A, Ph.D မရရင် သာသနာပြုလို့ ဖြစ်ပါ့မလား

သီဟိုဠ်တိုင်းပြည်သံဃာတော်များရဲ့ ပရိယတ္တိအရည်အချင်းဟာ ဘယ်လိုအခြေအနေ ရောက်သွားပြီဆိုတာကို ဘုန်းကြီးတို့ ပရိသတ် သဘောပေါက်လောက်ပါပြီ။

သူတို့ဆီမှာတော့ **B.A, M.A, PhD** ဘွဲ့တွေချိတ်ပြီးတော့ ဂုဏ်ယူနေကြတယ်။ အရည်အချင်းထက် ဘွဲ့ဒီဂရီတွေကို ဦးစားပေးနေကြတယ်။

သူတို့က ဘာပြောတုန်းဆိုတော့ "အရှင်ဘုရားတို့ ပိဋကတ်သုံးပုံကိုသာ သင်ယူပြီး လောကီစာပေတွေကို မသင်ဘူးဆိုရင် (ဒါမှမဟုတ်) **B.A, M.A, PhD** ဘွဲ့တွေမရဘူးဆိုရင် ကမ္ဘာလှည့်ပြီးတော့ သာသနာပြုဖို့ ကိုယ်တော်တို့ ဘယ်လိုလုပ်မလဲ" တဲ့။

"အင်္ဂလန်တို့ အမေရိကတို့ ဥရောပတို့ ဩစတြေးလျတို့သွားပြီး သာသနာပြုကြဖို့ ဖြစ်ပါ့မလား"လို့ သူတို့က ပြောကြတယ်။

ဒီတော့ ဘုန်းကြီးက သူတို့ကို အခုလို ပြောလိုက်တယ်။ "တတိယသင်္ဂါယနာတင်ပွဲကြီး အပြီး သာသနာသက္ကရာဇ် ၂၃၆–ခုနှစ်က သီရိဓမ္မာသောကမင်း တရားကြီးက ၉–တိုင်း၊ ၉–ဌာနကို သာသနာပြုလွှတ်တယ်"

"အဲဒီ၉–တိုင်း၊ ၉–ဌာန သာသနာပြုလွှတ်တော့ ဟောဒီ အရှေ့ဘက် သုဝဏ္ဏဘုမ္မိဆိုတဲ့ (မလေး, ဆူမတ္တရာ, ဂျားဗားနဲ့ ယိုးဒယား, မြန်မာ) ဒီအရပ်ဒေသကို သောဏ ဥတ္တရမထေရ်ကြီး နှစ်ပါးကြွတယ်ဘုရား"။

"ဒီမထေရ်ကြီးနှစ်ပါးခေါင်းဆောင်တဲ့ သာသနာပြုအဖွဲ့ကြီးတွေ ကြွတယ်။ အရှင်ဘုရားတို့ သီဟိုဠ်ကျွန်းကိုတော့ အရှင်မဟိန္ဒထေရ်နှင့် သဃမိတ္တာ ရဟန္တာထေရီမတို့ ကြွတော်မူကြတယ်။ အခြားတိုင်းပြည်တွေလည်း သူ့အစီအစဉ်နဲ့သူ ကြွတော်မူကြပါတယ်"။

"ထိုကဲ့သို့ ၉–တိုင်း၊ ၉–ဌာန သာသနာပြုလွှတ်တဲ့အခါတုန်းက ထိုမထေရ်သူမြတ်တို့ဟာ ဘယ်တက္ကသိုလ်ကမှ ဘွဲ့မရခဲ့ပါဘူး"။

* * * * * * * * * * * * * * *

## အရည်အချင်းရှိဖို့က ပဓာန

"ဒါကြောင့် ကမ္ဘာလှည့် သာသနာပြုတဲ့အခါမှာ အရည်အချင်းရှိဖို့က အရေးကြီးပါတယ်။ တပည့်တော်တို့ မြန်မာပြည်ကနေ ဒီကနေ့ ကမ္ဘာလှည့် သာသနာပြု အလွန်တရာ ထင်ရှားကျော်ကြားတော်မူတဲ့ တောင်ပုလုဆရာတော်ဘုရားကြီးဆိုတာ အမေရိကန်တခွင်မှာ သာသနာလှည့်ပြုခဲ့ပါတယ်။ ဒါပေမယ့် ဘယ်တက္ကသိုလ်ကမှ ဘွဲ့မရခဲ့ပါဘူး၊ အမေရိကန်ပြည်မှာ တောင်ပုလုဆရာတော်ကြီးရဲ့ 'ကမ္မဋ္ဌာန်းရိပ်သာကြီး' ဟာ ဒီကနေ့ အထင်အရှား ရှိနေပါပြီ"။

"မဟာစည်ဆရာတော်ဘုရားကြီးတို့ဆိုတာလဲ ဘယ်တက္ကသိုလ်ကမှ ဘွဲ့မရခဲ့ပါဘူး၊ ဒါပေမယ့် မဟာစည် သာသနာ့ရိပ်သာ ဆိုတာ ကမ္ဘာမှာ နေရာတိုင်းမှာ ရှိနေပါတယ်ဘုရား"။

"အရှင်ဘုရားတို့ သီဟိုဠ်ဘုန်းကြီးတွေ ဒေါက်တာဘွဲ့တွေ အများကြီးရပြီးတော့ ကမ္ဘာမှာ ကမ္မဋ္ဌာန်းရိပ်သာ ဘယ်နှစ်ခု ဖွင့်နိုင်တုန်း ပြောစမ်းပါ။ တစ်ခုမှ မရှိဘူး"။

ဘုန်းကြီးကို သူတို့ ဘာမှ ပြန်မပြောနိုင်ဘူး။ ဘုန်းကြီး နိုင်တာပဲ မဟုတ်လား။ အဲဒီလို နိုင်အောင်ပြောရတယ်။ ဘုန်းကြီးကပဲ ဆက်ပြောလိုက်တယ်။

"အရှင်ဘုရားတို့နိုင်ငံမှာ ဒေါက်တာဘွဲ့ရ ဆရာတော်တွေ အများကြီးရှိတယ်။ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ သီဟိုဠ်ဘုန်းကြီးကျောင်းတွေ ရှိပါတယ်။ အင်္ဂလန်မှာ ရှိတယ်။ အမေရိကန်မှာ ရှိတယ်။ ဂျပန်မှာလည်း ရှိတယ်။ စင်္ကာပူမှာလည်း ရှိတယ်။ မလေးရှားမှာလည်း ရှိတယ်။ အိန္ဒိယတခွင်လည်း သီဟိုဠ်ကျောင်းတွေ အများကြီးပဲ"။

"အဲဒီလောက်သာသနာပြုတွေထွက်ပြီးတော့ ကမ္မဋ္ဌာန်းဌာန ဘယ်နှခုဖွင့်ပြီးပြီလဲ။ အင်္ဂလန်နဲ့ အမေရိကန်မှာဆိုတော့ မဖွင့်ရသေးပါဘူးတဲ့။ ကျောင်းတိုက်တစ်ခုအနေနဲ့ တည်ပြီးတော့ တရားသာဟောနေတာ၊ ကမ္မဋ္ဌာန်းဌာနရိပ်သာတော့ မရှိသေးပါဘူး"။

"တပည့်တော်တို့ မြန်မာပြည်မှာ ဥရောပကရော၊ အမေရိကန်ကရော၊ အင်္ဂလန်ကရော လာပြီးတော့ ကမ္မဋ္ဌာန်းအားထုတ်ကြပါတယ်ဘုရား၊ ရိပ်သာတွေ အပြည့်အဝရှိပါတယ်။ ဒီကကြွပြီးတော့လည်း ဆရာတော်တွေ ကမ္ဘာအရပ်ရပ်မှာ ကမ္မဋ္ဌာန်းတရားတွေပြလို့ ကမ္မဋ္ဌာန်းရိပ်သာတွေ ဖွင့်ထားပါတယ်ဘုရား"။

"ဒါကြောင့် အရှင်ဘုရားတို့ **B.A, M.A, PhD** ဘွဲ့တွေရမှ သာသနာပြုနိုင်မယ်ဆိုတာမျိုးတော့ မပြောပါနဲ့" လို့ ဘုန်းကြီးကပြောလိုက်တယ်။

ဒီတော့ သူတို့က "ဘွဲ့တွေရမှ သာသနာပြုဖြစ်လိမ့်မယ် ဆိုတာတော့ မပြောပါဘူးဘုရား။ ဒါပေမယ့် တစ်ခုတော့မေးဦးမယ်။ အရှင်ဘုရား မဖြေသေးဘူးတဲ့။ ဗမာဘုန်းကြီးတွေ ဘာကြောင့် အင်္ဂလိပ်စာတတ် နည်းရသလဲ" လို့ မေးတယ်။

ဘုန်းကြီးကလည်း "တတ်သလောက်ပြောပါရစေ"လို့ ရိုးရိုးသားသားလေး ဝန်ခံပြီးပြောလိုက်ပါတယ်။ "ပိဋကတ်စာကိုသာ သင်ပြီး အင်္ဂလိပ်စာကို လုံးဝမသင်ကြလို့ ဗမာဘုန်းကြီးတွေ အင်္ဂလိပ်စာမတတ်ကြတာ၊ အရှင်ဘုရားတို့ သီဟိုဠ်ကျွန်းဟာ ကိုလိုနီဖြစ်တာ ဘယ်လောက်ကြာလဲ"။

"အနှစ် ၄၀၀ ကြာပါတယ်ဘုရား"

"တပည့်တော်တို့ မြန်မာပြည်ဟာ အင်္ဂလိပ်လက်အောက် ရောက်ရတယ်ဆိုတာ မှန်ပါတယ်။ နှစ်ပေါင်း ၆၀–ပဲ ကိုလိုနီဖြစ်ခဲ့တာ။ ဒါပေမယ့် နှစ်–၆၀ လုံးလုံး ကျေကျေနပ်နပ်နဲ့ လက်ခံနေတာမဟုတ်ဘူး။ အဲဒီအင်္ဂလိပ်တွေကို ဘာသာစကားရော, လူမျိုးတွေကိုရော, အုပ်ချုပ်ပုံတွေကိုရော တစ်ခုမှ မကျေနပ်ဘဲနဲ့ နှစ်ပေါင်း ၆၀ လုံးလုံး တို့က တော်လှန်နေတာ"။ ပြီးတော့ ဘုန်းကြီးက ဆက်ပြောလိုက်သေးတယ်။

"မင်းတို့ကတော့ အဲဒီအင်္ဂလိပ်တွေကို ထိပ်ပေါ်မှာဘုရားလို ကိုးကွယ်ပြီးတော့ နေကြတာ၊ ဟုတ်တယ်မို့လား၊ သီဟိုဠ်ကျွန်းကို ဗြိတိသျှဘုရင်မ အလည်လာတယ်ဆိုရင် သီဟိုဠ်တစ်ပြည်လုံးက ကြိုလိုက်ကြတာ။ လက်အုပ်ချီပြီးတော့ကြိုကြတယ်။ **"Our Queen, Our Queen"** 'ငါတို့ရဲ့ ဘုရင်မ၊ ငါတို့ရဲ့ ဘုရင်မ' ဆိုပြီးတော့ လက်အုပ်ချီပြီးကြိုကြတယ်။ ဒါကိုကြည့်ရင် သိသာတယ်။ တော်တော်တော့ ကျွန်စိတ်မကုန်သေးတဲ့ လူတွေပဲဆိုတာ"။

"တို့က လက်အောက်ခံနေခဲ့ရတာ မှန်ပါတယ်။ ဒါပေမယ့် ကျွန်စိတ်မရှိဘူး။ ဒီတော့ အင်္ဂလိပ်စာကိုလည်း ကောင်းကောင်းမသင်တော့ဘူး။ မဖြစ်လို့သာ သူတို့ရဲ့ အုပ်ချုပ်မှုကိုခံနေရတာ၊ ဒါကြောင့် ဗမာဘုန်းကြီးတွေ အင်္ဂလိပ်စာမတတ်ကြတာ၊ မင်းတို့ကတော့ ကျွန်သက်ရှည်တော့ အင်္ဂလိပ်စာ တတ်တာပေါ့" လို့ ပြောပစ်ခဲ့တယ်။ ဒီတော့ ပြောမယ်ဆိုလို့ရှိရင် ဘာပဲဖြစ်ဖြစ် နိုင်အောင်ကြံပြီးတော့ ပြောရတယ်။ ကိုယ့်ဘက်က ယုတ္တိကို သေသေချာချာ ရှာပြီးတော့ နိုင်အောင် ပြောရတယ်။ ဘုန်းကြီးတော့ ဘယ်မှာမှ မရှုံးခဲ့ဘူး။ အနိုင်ချည်းပဲ။

* * * * * * * * * * * * * * *

## နှစ်ဘက်လုဖို့ အရေးကြီး

သီဟိုဠ်ဘုန်းကြီးတွေကို စကားနိုင်အောင်သာ အဲဒီလို ပြောလိုက်တာပါ၊ တကယ်တော့ ပိဋကတ်စာပေတတ်ဖို့ လိုသလို အင်္ဂလိပ်စာစတဲ့ လောကီစာပေတွေကိုလည်း တတ်ဖို့ လိုပါတယ်။

လောကီစာပေတွေကို တတ်ရင် ဆက်သွယ်မှုမီဒီယာတွေကို ကောင်းကောင်း အသုံးချနိုင်တယ်။ အဲဒီလို အသုံးချနိုင်တော့ ကိုယ်လုပ်ချင်တဲ့ သာသနာပြု လုပ်ငန်းတွေ ပိုပြီးတော့ လျင်လျင်မြန်မြန်နှင့် အောင်မြင်တာပေါ့။ ဗမာဘုန်းကြီးတွေရဲ့ အားနည်းချက်ဟာ လောကီစာပေတွေကို မတတ်ခြင်းပဲ။ ပိဋကတ်စာပေနှင့် ပတ်သက်လာရင် မြန်မာပြည်က ဘုန်းကြီးတွေကို ဘယ်သူကမှ မကျော်နိုင်ဘူး။ နိုင်ငံခြားစာပေတွေကို မတတ်တော့ နိုင်ငံတကာကို မထိုးဖောက်နိုင်တော့ဘူး။

ဒါကြောင့် ဘုန်းကြီးက စစ်ကိုင်းတောင်မှာ ဗုဒ္ဓတက္ကသိုလ်ကြီး တည်ဆောက်ဖို့ စိတ်ကူးထားပါတယ်။ အဲဒီဗုဒ္ဓတက္ကသိုလ်ကြီးကနေပြီးတော့ ပိဋကတ်စာပေနှင့် ဘာသန္တရစာပေတွေကို တတ်ကျွမ်းတဲ့ ရဟန်းတော်များကို မွေးထုတ်ပေးရမှာ ဖြစ်ပါတယ်။

* * * * * * * * * * * * * * *

## နီပေါနိုင်ငံမှာ ဟောတဲ့မေတ္တာတရားတော်

ဘယ်လိုမှကျေနပ်အောင် ပြောလို့မရခဲ့တာ တစ်ခုရှိတယ်။ နီပေါနိုင်ငံမှာ တရားဟောတုန်းကပဲ။ အဲဒီမှာ ဘုန်းကြီးက မေတ္တာတရား ဟောတယ်။ အဲဒီ မေတ္တာတရားပွဲအပြီးမှာ "ကိုင်း မေးချင်တဲ့ မေးခွန်းတွေ မေး" ဆိုတော့ လူပေါင်း ၁၂–ယောက်က မေးခွန်းပေါင်း ၃၅ ခု ဘုန်းကြီးကို မေးကြတယ်။

ညနေ ၃ နာရီကစပြီး ဖြေလိုက်ရတာ ည ၇ နာရီထိုးရော။ အဲဒီနေ့က အမောဆုံးပဲ။ ပျော်စရာလည်း အလွန်ကောင်းတယ်။ တခါတည်း အကြိတ်အနယ်ပဲ။ အပြန်အလှန် ပြောနေကြရတာ။

အသက်–၆၀ လောက်ရှိတဲ့ လူတစ်ယောက်က "အရှင်ဘုရား မေတ္တာတရား ဟောတာ အလွန်ကောင်းပါတယ်၊ တပည့်တော် တစ်ခု မေးပါ့မယ်။ မေတ္တာတရားဟောသွားတဲ့ အရှင်ဘုရားဟာ အသားစားပါသလား" တဲ့။

ဘုန်းကြီးက ချက်ချင်းမဖြေဘဲနဲ့ အဲဒီလူမျက်နှာကို ကြည့်လိုက်တယ်။ မျက်နှာက တော်တော်တင်းမာနေတယ်။ "အင်း သူတော့ ငါ့ကို မကျေနပ်ဘူး။ ငါ့ကိုတွယ်ချင်လို့ သူ မေးတာ"လို့ သိတယ်။ ငါ့တွယ်ချင်လို့ သူမေးတာ။

ကိုယ့်ကိုယ်ကို ပြန်ပြီးတော့ ချက်ချင်း သတိပေးလိုက်တယ်။ "အကြိတ်အနယ် ဒီလိုစကားပြောတဲ့နေရာမှာ မင်းစိတ်မတိုနဲ့၊ စိတ်တိုယင်ရှုံးမယ်၊ ဟောထားတာက မေတ္တာတရား။ မင်းစိတ်မတိုနဲ့" ဆိုပြီး သတိပေးလိုက်တယ်။

မေတ္တာဟောတဲ့ဘုန်းကြီး အသားစားသလားလို့ဆိုလာကတည်းကိုက သူက မကျေနပ်လို့ ဒါ တက်လာတာ။ အဲဒါ ကျေနပ်အောင်ဖြေမှ။ သူ့မျက်နှာကြည့်လိုက်တော့ တင်းတင်းမာမာဖြစ်နေတယ်။ တင်းတင်းမာမာကြီးဖြစ်နေတော့ ဘုန်းကြီးက သိပြီ။ ဒီလူဟာ စိတ်ဆိုးလို့ ငါ့အပေါ်မှာ မကျေနပ်လို့ သူ မေးတာ။

* * * * * * * * * * * * * * *

## မေတ္တာတရားကို မယုံဘူး

ငါကတော့ မေတ္တာတရားဟောတဲ့ ဘုန်းကြီး ဆိုတော့ မေတ္တာနဲ့ပဲဖြေမှ ဖြစ်မယ်၊ စိတ်ဆိုးတဲ့အမူအရာ ငါ ပြလို့တော့ မဖြစ်ဘူး။

"ကောင်းပါပြီ ဒကာကြီး ဖြေပါ့မယ်၊ မဖြေသေးခင် တစ်ခု မှတ်သားထားပါ"။

"မေတ္တာတရားကို အစားအစာနဲ့ မသတ်မှတ်ရဘူးဆိုတာလေးကို ဒကာကြီး ရှေးဦးစွာ မှတ်သားထားပါဦး။ မေတ္တာရှိတယ် မရှိဘူးဆိုတာကို အစားအစာနဲ့ ဒကာကြီးသတ်မှတ်မယ်လို့ မကြံပါနဲ့"လို့ ဘုန်းကြီးက ပြောလိုက်တယ်။

အဲဒီတော့မှ သူပိုပြီးတော့ ဒေါသထွက်လာတယ်။ တခါတည်း ခေါင်းတွေ ထောင်လာပြီးတော့ 'အရှင်ဘုရား တပည့်တော်မေးတာကို ဖြေပါ၊ အရှင်ဘုရား အသားစားသလား, မစားဘူးလားဆိုတာကိုပဲ သိချင်ပါတယ်' တဲ့။ ဘုန်းကြီးက " ဟုတ်ပါတယ်၊ ငါ မေတ္တာတရားလဲ ဟောပါတယ်၊ အသားရော ငါးရော အကုန်လုံးစားပါတယ်" လို့ ပြောလိုက်တော့ သူက **I don’t believe your loving kindness.**

"အရှင်ဘုရားဟောတဲ့ မေတ္တာတရားကို တပည့်တော် မယုံဘူး"တဲ့။

အဲဒီတော့ ဘုန်းကြီးက သဘောကျသွားတယ်။ ဟုတ်ပြီ၊ "ဒီလူကြီးကို ငါနိုင်ပြီ" လို့ သဘောကို ကျနေတယ်။ ဘာကြောင့်လဲဆိုတော့ သူက စိတ်ဆိုးနေတာကိုး။ "ဒီလူဟာ သက်သက်လွတ်သမားဖြစ်ရမယ်၊ သက်သက်လွတ်ဝါဒကို အလွန်စွဲနေတဲ့ ဟိန္ဒူတစ်ယောက်ဖြစ်ရမယ်" လို့ ဘုန်းကြီးက တွေးမိတယ်။

ဒီက "အသားစားတယ်"လို့ ပြောလိုက်ကတည်းကိုက သူ ဒေါနဲ့မောနဲ့ တက်လာတယ်။ " ငါတော့ ဒီလူကို အနိုင်ချမယ်၊ နိုင်ကိုနိုင်ရမယ်"လို့ ဘုန်းကြီး သိလိုက်တယ်။

"အရှင်ဘုရား အသားစားတယ်ဆိုပြီးတော့ မေတ္တာတရားလဲဟောတော့ အရှင်ဘုရားရဲ့မေတ္တာ တပည့်တော် မယုံနိုင်ဘူး" လို့ ပြောတော့ ဘုန်းကြီးက "ကောင်းပါပြီ၊ မင်းယုံဖို့ ငါ ပြောနေတာ မဟုတ်ပါဘူး၊ မေတ္တာတရား ဘယ်လိုပွားရမယ်ဆိုတာသာ ငါ ပြောနေတာပါ"။

အဲဒီလိုပြောပြီးတော့မှ ဘုန်းကြီးက ရှင်းပြတယ်။ "မေတ္တာတရားရဲ့သဘောကို ဒကာကြီး သဘောပေါက်ဖို့က မေတ္တာတရားဆိုတာဟာ မိမိနှလုံးသားထဲက ဒေါသကို ပယ်ဖျောက်ဖို့၊ ဒေါသကို နှိမ်နင်းဖို့သာ လိုရင်းဖြစ်တယ်ဆိုတာကို ဒကာကြီး နားလည်ထားစမ်းပါ"။

"ဒေါသကိုပယ်ဖို့ရန် မေတ္တာပွားရတယ် ဒကာကြီး။ ဗုဒ္ဓက ဟောထားတယ်။ မေတ္တာဘာဝနာဟာ ဘာအတွက်လဲ။ ဒေါသကို နှိမ်နင်းဖို့ဖြစ်တယ်။ ဒီတော့ အသားတွေဘယ်လိုပဲ စားစေကာမူ အဲဒီအသားကို စနစ်ကျကျ စားပြီးတော့ ဒေါသကို နှိမ်နင်းနိုင်ရင် ဒီပုဂ္ဂိုလ်ဟာ မေတ္တာ လုပ်ငန်းမှာ အောင်မြင်တယ်"။

* * * * * * * * * * * * * * *

## အသားစားနည်း စနစ်

နောက်စကားတစ်ခွန်း ဆက်မလို့ ဘုန်းကြီးက အားယူနေတုန်း ချက်ချင်းကြားဖြတ်ပြီးတော့ သူပြောတယ်။ ဘုန်းကြီးပြောလိုက်တဲ့ စကားထဲမှာ "အသားကို စနစ်တကျ စားပြီးတော့"ဆိုတော့ အဲဒါလေးကို သူက ဘယ်လိုမှ မကြိုက်ဘဲ ဖြစ်သွားတယ်။

"အသားစားတာ ဘယ်လိုစနစ်တွေနဲ့ စားရဦးမှာလဲ"တဲ့။ သူက ဒီလိုလာတယ်။

ဘုန်းကြီးက စနစ်ကိုပြောပြလိုက်တယ်။ "ဗုဒ္ဓက အသားကြီး ၁၀ မျိုးမစားရဘူး။ စားတဲ့အခါ အစွန်းသုံးပါးမှလဲ လွတ်ရမယ်"။

"အစွန်းသုံးပါးလွတ်သောအသား၊ ဆယ်မျိုးသောအသားမှ လွတ်သောအသားကို စားတဲ့အခါမှာလဲပဲ ပစ္စဝေက္ခဏာ သုံးမျိုးနဲ့ ဆင်ခြင်၍စား"။

၁။ ဓာတုပစ္စဝေက္ခဏာ–ဓာတ်သဘောကို ဆင်ခြင်။

၂။ ပဋိကူလပစ္စဝေက္ခဏာ– စက်ဆုပ်ဘွယ် အနေနဲ့ဆင်ခြင်။

၃။ မဟာပစ္စဝေက္ခဏာဆိုတာ ရှင်ငယ်, ရဟန်းငယ်များ, ဆင်ခြင်နှလုံးသွင်းတာ။

"အဲဒီလို ပစ္စဝေက္ခဏာသုံးပါးတွင် တစ်ပါးပါးကိုဆင်ခြင်စား။ အစွန်းသုံးပါးမှ လွတ်တဲ့ အသားကိုစား။ ဆယ်မျိုးသော အသားမှ လွတ်သောအသားကိုစား။ အဲဒါ အသားစားတဲ့ စနစ်ပဲဗျ။

"ဗုဒ္ဓပေးထားတဲ့ စနစ်ပဲ"လို့ ဘုန်းကြီးက ဒီလိုပြောလိုက်ရော သူက တက်လာပြန်တယ်။ "ဗုဒ္ဓဟာ အသားမစားပါဘူး၊ ဗုဒ္ဓကိုယ်တိုင် အသားမစားဘူးဆိုတာ အရှင်ဘုရား နားလည်ရဲ့လား" တဲ့ သူက။

"ဗုဒ္ဓဟာ အသားမစားဘူးလို့ ဒကာကြီး ဘယ်လိုလုပ် ပြောနိုင်တာလဲ။ အထောက်အထား ပြစမ်းပါ" လို့ ဘုန်းကြီးက မေးလိုက်တော့ သူက "တခြား မပြပါရစေနဲ့၊ ဗုဒ္ဓဟာ အလွန်ကြီးမားတဲ့ မဟာကရုဏာရှင်၊ အလွန်ကြီးမားတဲ့ မေတ္တာရှင် တစ်ယောက်ဖြစ်တယ်။ အလွန်ကြီးမားတဲ့ မေတ္တာရှင်, ကရုဏာရှင်တစ်ယောက်ဟာ ဘယ်နည်းနှင့်မှ အသားကို မစားနိုင်ဘူး၊ မစားဘူး"တဲ့။

"ဟုတ်ပါတယ်။ ကြီးမားတဲ့ မေတ္တာကရုဏာ ဗုဒ္ဓမှာ ရှိပါတယ်။ လက်ခံပါတယ်။ ဗုဒ္ဓကိုယ်တော်တိုင် အဲဒီလို စားနည်းစနစ်ကို ချပေးခဲ့တယ်ဆိုတာကို ဒကာကြီး စာမှ ဖတ်ဖူးရဲ့လား"လို့ ပြောလိုက်ရော သူ စိတ်ဆိုးသွားတယ်။

"ရဟန်းတော်များ အသားမစားထိုက်ဘူးလို့ ဆိုပြီးတော့ ရဟန်းတစ်ပါးက တောင်းပန်ခဲ့တဲ့အချက်ကို မြတ်စွာဘုရားက ပယ်ချခဲ့တယ်ဆိုတာကိုရော ဒကာကြီး ဖတ်ဖူးရဲ့လား" ဆိုတော့ သူက "မဖတ်ဖူးဘူး"တဲ့။

"အဲဒါ ဒကာကြီးညံ့တာပဲ"လို့ ဘုန်းကြီးက သူ့ကိုတို့လိုက်တယ်။ အဲဒီမှာ သူ ပိုပြီး စိတ်ဆိုးတော့တာပဲ။ သူက သက်သက်လွတ်စားတဲ့လူ။ ဒေါသတွေ တရှုးရှုးထနေတယ်။ ဒီက အသားစားတဲ့လူ။ ဒေါသမဖြစ်ပါဘူး။ သူ့ကို ဒေါသမဖြစ်ဖြစ်အောင် တဖြေးဖြေး တို့ပေးနေတာ။

မေတ္တာအကြောင်း ပြောနေကြတာဆိုတော့ ဒေါသထွက်ရင် ရှုံးတာပဲ။ ဘုန်းကြီးက ဒေါသမထွက်တော့ အဲဒီပွဲမှာ ဘုန်းကြီး လုံးဝနိုင်ခဲ့တယ်။

* * * * * * * * * * * * * * * *

### ဒေဝဒတ်ပန်ကြားခဲ့တဲ့ ပဉ္စဝတ္ထုယာစန

၁။ သာသနာတော်ထမ်း ရဟန်းမှန်ရင် အသားမစားရဘူး။

၂။ သင်္ကန်း သုံးထည်တည်း ဝတ်ရမယ်။

၃။ ပံ့သကူသင်္ကန်းကိုပဲ ဝတ်ရမယ်။

၄။ တောထဲမှာပဲ နေရမယ်။

"ဒကာကြီး ရှင်ဒေဝဒတ် သည် ဘုရားကိုယ်တော်မြတ်ကြီးကို သူတော်ကောင်းယောင်ဆောင်ပြီးတော့ အဲဒီလို တောင်းပန်ခဲ့ဖူးတယ်ဆိုတာကို ကြားဖူးရဲ့လား" လို့မေးလိုက်တော့ "ကြားဖူးတယ်ပြောရမလား, မကြားဖူးဘူးလို့ ပြောရမလား" ဆိုပြီး သူ ခေါင်းငုံ့ပြီးတော့ စဉ်းစားနေတယ်။

စဉ်းစားပြီးတော့မှ "အဲဒါ ကြားဖူးပါတယ်" တဲ့။ "ဒါပေမယ့်ဗျာ အဲဒီတောင်းပန်ချက်ဟာ အလွန်တောင်းပန်ချက်ပဲ"တဲ့ သူက။

"အဲဒီလောက်ကောင်းတဲ့ တောင်းပန်ချက်ကို မြတ်စွာဘုရား ပယ်ချပစ်လိုက်တယ်ဆိုတာကိုရော ကြားဖူးလား"လို့ ဘုန်းကြီးက ထပ်မေးတော့ သူက "မသိဘူး" တဲ့။

"အဲဒါ မသိလို့ရှိရင် ဟောဒီ 'ဓမ္မကိတ္တိဝိဟာရ' မှာ ပိဋကတ်သုံးပုံရှိတယ်။ ဘုန်းကြီးတို့ တည်းခိုတာက ဓမ္မကိတ္တိဝိဟာရမှာ နီပေါသီလရှင် ဒေါ်သုဓမ္မဝတီဆိုတာ ရှိပါတယ်။ ဒေါ်သုဓမ္မဝတီထံမှာ အဲဒီပိဋကတ်စာအုပ်ကို ဖွင့်ပြီးတော့ ဖတ်ကြည့်ပါ။ မဖတ်တတ်ရင်လည်း သူ့ကို ဖတ်ခိုင်း အဓိပ္ပာယ်ကို ပြောပြလိမ့်မယ်"။

ဒေဝဒတ်တောင်းပန်ခဲ့တဲ့ သက်သက်လွတ်ဝါဒကို မြတ်စွာဘုရား ပယ်ချလိုက်တယ်ဆိုတဲ့အကြောင်း 'ဝိနည်းစူဠဝဂ္ဂပါဠိတော်' မှာရှိပါတယ်။

"ဒကာကြီး မြတ်ဗုဒ္ဓ အသားစားတယ်ဆိုတာကို တထစ်ချသာ မှတ်ထားစမ်းပါ။ ဒါပေမယ့် စားတာက စနစ်တကျ စားတာ"။

"ပြီးတော့ ဘုရားရှင်ကို ပရိနိဗ္ဗာန်စံခါနီးစုန္ဒ ရွှေပန်းတိမ်သည် ကပ်တာ ဝက်သားပဲ"လို့ ပြောလိုက်တော့ သူက "ဝက်သားမဟုတ်ဘူး။ ဝက်တွေ သွားတဲ့လမ်းမှာပေါက်တဲ့ မှို" တဲ့။

* * * * * * * * * * * * * * *

## တစ်ကမ္ဘာလုံးက ငြင်းနေကြတဲ့ စာတစ်ပုဒ်

"သူကရမဒ္ဒဝပုဒ်ကို 'နူးညံ့တဲ့ဝက်ပျိုသား' လို့ ဘာသာပြန် ရမလား၊ ဒါမှမဟုတ် 'မှို' လို့ ဘာသာပြန်ရမလား" ဆိုတာကို တစ်ကမ္ဘာလုံးက ငြင်းနေကြတယ်။

အဲဒီ "သူကရမဒ္ဒဝ" သည် တစ်ကမ္ဘာလုံးက ငြင်းနေကြတဲ့ ပါဠိပုဒ်။

အထ ခေါ စုန္ဒော ကမ္မာရပုတ္တော တဿာရတ္တိယာ အစ္စယေန သကေနိဝေသနေ ပဏီတံ၊ ခါဒနီယံ ဘောဇနီယံ ပဋိယာဒါပေတွာ ပဟူတဉ္စ သူကရမဒ္ဒဝံ။ **(သုတ်မဟာဝါ)**

သူတို့က "သူကရဆိုတာက ဝက်။ မဒ္ဒဝဆိုတာက နင်းတယ်ဆိုတဲ့ အဓိပ္ပာယ်ကိုယူတယ်။ ဒီတော့ 'ဝက်နင်းတဲ့ မြေကြီးမှာ ပေါက်တဲ့မှို' ပဲ" တဲ့။

အဲဒီပုဒ်ကို ဘုန်းကြီးက ဆက်ပြီးတော့ မငြင်းတော့ဘူး။ ဒီပုဒ်က တစ်ကမ္ဘာလုံး ငြင်းနေကြတာ။

"ကောင်းပြီ ဒကာကြီး 'သူကရမဒ္ဒဝ' ကို ဝက်သားလို့ လက်မခံဘူး။ ဝက်နင်းတဲ့နေရာမှာ ပေါက်တဲ့ မှိုလို့ ဆိုရင် ထားပါတော့။ အဲဒါကို မငြင်းလိုပါဘူး"။

"နောက်တစ်ခုပြောမယ်။ ဥဂ္ဂသူကြွယ်ကြီးက မြတ်စွာဘုရားကို ဆွမ်းကပ်တဲ့အကြောင်းကို ဖော်ပြတဲ့ 'ဥဂ္ဂသုတ္တန်' ဆိုတာရှိတယ်၊ ဥဂ္ဂသုတ္တန် ကို ဒကာကြီး ဖတ်ဖူးရဲ့လား"။

သူ ဗဟုသုတနည်းတာတွေကို ပေါ်အောင်လို့ ဘုန်းကြီးက လူကြားထဲ အဲဒါတွေကိုချည်း မေးတာပဲ။

"ဖတ်ဖူးရဲ့လား" မေးတော့ "မဖတ်ဖူးဘူး" တဲ့။

"မဖတ်ဖူးရင် ပြောပြမယ်။ ဥဂ္ဂသေနသူကြွယ်ကြီး ဘုရားဆွမ်းကပ်တုန်းက လျှောက်တယ်"။

ပိယံ မေ ဘန္တေ မနာပံ သမ္ပန္နကောလကံ သူကရမံသံ။ (သူကရ= ဝက်။ မံသ= အသား)။

"ဆီးသီးနဲ့ချက်ထားတဲ့ ဝက်သားဟင်းကို တပည့်တော်အား ချီးမြှောက်သောအားဖြင့် မြတ်စွာဘုရားလက်ခံတော်မူပါ။" အဲဒီလို ဥဂ္ဂသေနက လျှောက်တယ်။ ဘုရားကလည်း လက်ခံတော်မူတယ်။

* * * * * * * * * * * * * * *

## တမင်လုပ်ကြံရေးထားတဲ့ သုတ္တန်

"အဲဒါကို ဒကာကြီး ငြင်းချင်သေးလား" ဆိုတော့ "ဒီသုတ္တန်ဟာ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က တမင်ရေးထည့်ထားတဲ့ သုတ္တန်ဖြစ်မှာပေါ့"တဲ့။

အဲဒီလိုပြောလိုက်တော့ ဘုန်းကြီး နည်းနည်းစိတ်ဆိုးချင်လာတယ်။ စိတ်ဆိုးချင်ပေမယ့် အောင့်ထားရတယ်။ စိတ်ဆိုးရင် ရှုံးမှာကိုး။

ပိဋကတ်သုံးပုံကို အပြည့်အစုံယုံတဲ့ သဒ္ဓါတရား, ဓမ္မရတနာကို ယုံကြည်တဲ့ စိတ်ဓာတ်ဟာ ဟောဒီမြန်မာပြည်က ဗုဒ္ဓဘာသာ သူတော်စင်တွေမှာ အပြည့်အဝရှိတယ်။

ဟိုဒကာကြီးပြောလိုက်ပုံက "ဒီသုတ္တန်ဟာ လုပ်ကြံပြီးတော့ ရေးထားတဲ့ သုတ္တန်" ဆိုတော့ 'မိစ္ဆာဝါဒ များယွင်းတဲ့အယူအဆ' ဟာ သူ့နှလုံးသားထဲရောက်နေတယ်။

"ဟိုလူဒီလူ ရေးထည့်ထားတာတွေ" ဆိုတော့ "ဓမ္မံ သရဏံ ဂစ္ဆာမိ"ဟာ အဲဒီကစပြီးတော့ အားနည်းနေတယ်"။

အားနည်းနေတော့ ရတနာသုံးပါးရဲ့ ဂုဏ်သတ္တိ (တနည်း) ရတနာသုံးပါးရဲ့ ဂုဏ်ရည်ကို ယုံကြည်တဲ့ သဒ္ဓါသည် သူ့မှာ အပြည့်အဝမရှိဘူး။

ဘုရား ကိုးကွယ်တယ်၊ တရား ကိုးကွယ်တယ်၊ သံဃာ ကိုးကွယ်တယ်ဆိုပေမယ့် အပြည့်အစုံ လက်ခံပြီးတော့ ကိုးကွယ်ကြတာမျိုး မဟုတ်ဘူး။

တစ်ချို့တစ်ဝက်သာ လက်ခံပြီးတော့ တစ်ချို့တစ်ဝက်သာကို လက်မခံဘဲနဲ့ ကိုးကွယ်နေတဲ့ ဗုဒ္ဓဘာသာဝင်တွေဟာ "မြန်မာပြည်ရဲ့ အပြင်ဘက်မှာ အလွန်များတာပဲ"လို့ သဘောပေါက်လိုက်ပါတယ်။

* * * * * * * * * * * * * * *

## မေတ္တာတရားကို အစားအစာနဲ့ မသတ်မှတ်ပါနဲ့

အဲဒီနောက် ဘုန်းကြီးက ဆက်ပြောလိုက်တယ်။ "ဒကာကြီး မြတ်ဗုဒ္ဓက သူ့အသက်မသတ်ဖို့ချည်း အမြဲတမ်း ဟောပါတယ်။ မညှင်းဆဲဖို့ အမြဲတမ်း ဟောပါတယ်။ မေတ္တာပွားဖို့ အမြဲတမ်း ဟောပါတယ်"။

"ဗုဒ္ဓသားတော်, သမီးတော်တွေကို သတ္တဝါတို့ရဲ့ အသက်ကို မသတ်ရဘူးဆိုတဲ့ သိက္ခာပုဒ်တွေ တားမြစ်ထားတယ်"။

"ဒါပေမယ့် အစွန်း ၃–ပါးလဲ လွတ်မယ်။ ၁၀–မျိုးသော အသားမှလည်း လွတ်မယ်။ တရားသဘောကို ဆင်ခြင်ပြီးတော့ စားမယ်ဆိုရင် အပ်စပ်ပါတယ်"။

"ဒါပေမယ့် ကိုယ်တိုင် သတ်စားဖို့တော့ ဘုရားရှင်က လုံးဝ ခွင့်မပြုဘူး"။

အဲဒီလို ပြောပြီးတော့မှ "ဒကာကြီး အစားအစာနဲ့ မေတ္တာကို သတ်မှတ်ခြင်းသည် မပြည့်စုံပါဘူး။ မေတ္တာတရားကို ဒေါသငြိမ်းတာ မငြိမ်းတာနှင့် သတ်မှတ်ရတယ်၊ အသီးအရွက်တွေကို စားပြီး ဒေါသကြီးပြီးတော့ နေရင် အဲဒီလူကြီးကို 'မေတ္တာရှင်' လို့ သတ်မှတ်လို့ ဘယ်ရမလဲ"။

"အသားစားချင်လဲ စားပေါ့၊ ငါးစားချင်လဲ စားပေါ့။ ဒေါသငြိမ်းအောင် ပယ်နိုင်တဲ့ ပုဂ္ဂိုလ်သည် 'မေတ္တာရှင်' ပါပဲ"။

"ဒကာကြီး ဘာပြောချင်သေးလို့တုန်း"လို့ ဘုန်းကြီးက မေးလိုက်တယ်။ သူက "မပြောတော့ပါဘူး" ဆိုပြီးတော့ ရပ်သွားတယ်။

မပြောနိုင်လို့ ရပ်သွားတာ။ ကျေနပ်လို့ ရပ်သွားတာ မဟုတ်ဘူး။ စိတ်ကတော့ ဆိုးမြဲဆိုးမြဲပဲ။ မျက်နှာကြီး နီနေတယ်။ အခမ်းအနားပြီးသွားတဲ့အခါကျတော့ ဘုန်းကြီးက သူ့ဆီကို ထသွားတယ်။ ထသွားပြီးတော့ လက်ဆွဲလိုက်တယ်။ "ဒကာကြီး ထစမ်းပါဦး" ဆိုပြီး လက်ဆွဲတော့ သူ မတ်တတ်ကလေးထလာတယ်။

"ဘုန်းကြီးပြောတာတွေ အကုန်လုံး ဒကာကြီး ကျေကျေနပ်နပ် လက်ခံရဲ့လား" လို့ ဘုန်းကြီးက မေးကြည့်သေးတယ်။

"အရှင်ဘုရားပြောတာတွေကို တပည့်တော် ဘာမှ မငြင်းပါဘူးဘုရား" တဲ့။ "လက်ခံတယ်" လို့တော့ မပြောဘူး။

"ဒါပေမယ့် အရှင်ဘုရားတို့ဟာ အသားတွေစားစားပြီးတော့ တရားဟောနေတာ အဲဒါတော့ တပည့်တော် မကြိုက်ဘူး" တဲ့။ သူက တွယ်လွှတ်လိုက်သေးတယ်။

ဘုန်းကြီးက သူ့ကို "ဒကာကြီးကို နည်းမျိုးစုံနဲ့ ဘုန်းကြီး ပြောပြီးပါပြီ၊ မေတ္တာတရားကို အစားအစာနဲ့ မသတ်မှတ်ပါနဲ့လို့ ဆိုထားလျက်သားနဲ့ ဒကာကြီးက လက်မခံဘူး"။

"လက်မခံလည်း မတတ်နိုင်ဘူး ဒကာကြီး။ အရွက်ပဲစားစား၊ အသားပဲစားစား၊ စားချင်တာစား၊ ဒါပေမယ့် ဒေါသကိုတော့ နိုင်အောင်ထိန်းပါ" ပြောလိုက်ပါတယ်။

အဲဒီမှာ ည ၇–နာရီခွဲလောက်မှာ ဘုန်းကြီးတို့ရဲ့ အခမ်းအနားပြီးသွားတယ်။

* * * * * * * * * * * * * * * *

## တဘက်သတ် အစွဲအလမ်း တစ်ဖောက်ကန်း

ဒီတော့ သာသနာကွယ်ခြင်းအကြောင်းတွေကို ရှာလိုက်လို့ရှိရင် "ဣစ္ဆ မေဝ သစ္စံ မောဃမညံ" ဆိုတာကို တွေ့ရတယ်။

ဣစ္ဆ မေဝ သစ္စံ၊ ဤငါရဲ့ဝါဒသည်သာလျှင် မှန်တယ်။ မောဃမညံ၊ သူတစ်ပါးတို့ရဲ့ အယူဝါဒဟာ အမှားတွေချည်းပဲ။

"ငါ့ဝါဒက အမှန်။ သူတစ်ပါးရဲ့ အယူဝါဒက အကုန်မှားတယ်"လို့ တစ်ဘက်သတ် အစွဲသန်ခြင်းသည် သာသနာကွယ်ပခြင်းရဲ့ အကြောင်းတစ်ခုပဲ။

ကိုယ့်ဝါဒ အမှန်ချည်း တစ်ဘက်သတ်ဖိချ။ သူတစ်ပါးဝါဒ အမှားချည်း တစ်ဘက်သတ်ဖိချ။ ဒါဟာ သာသနာရဲ့ အားနည်းမှု အကြောင်းတွေပဲ။

မျှမျှတတစဉ်းစားပြီးတော့ မှားတာကို ပယ်စွန့် မှန်တာကို လက်ခံ။ ဒီလိုမှ သဘာဝကျတာ။

ခုတော့ သူ့ အသားမစားဘဲနဲ့ နေလာခဲ့တဲ့ အလေ့အကျင့်ကို အကောင်းဆုံးလုပ်ပြီးတော့ အသားစားတဲ့ ပုဂ္ဂိုလ်တွေ အပါယ်ပဲ ချက်ချင်းဆင်းရတော့မလိုလို၊ သူယုတ်မာတွေ အကုန်ဖြစ်ကုန်ပြီလိုလိုနဲ့ သူက ပြောတယ်။ ဒီလိုလုပ်လာတော့ အဲဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အစွဲသန်နေတဲ့အတွက်ကြောင့် သူတော်ကောင်းဓာတ်တော့ များများကြီးမကိန်းနိုင်ဘူးဆိုတာ ထင်ရှားတယ်။ ဒါကြောင့် အရာရာကို မျှမျှတတ ရှိဖို့လိုအပ်ပါတယ်။

* * * * * * * * * * * * * * *

## သမာဓိ ၂–မျိုး

ပညတ်ကမ္မဋ္ဌာန်းပေါ်မှာရတဲ့ သမာဓိရယ်၊ ပရမတ်ကမ္မဋ္ဌာန်းပေါ်မှာရတဲ့ သမာဓိရယ်လို့ သမာဓိက ၂–မျိုး ရှိတယ်။

ဒီမြန်မာပြည်ကနေ နိုင်ငံခြားရောက်သွားတဲ့အခါကျတော့ နိုင်ငံခြားမှာ သမာဓိစခန်းကြိုးပမ်းအားထုတ်တာတွေ တွေ့ရပါတယ်။ ဒါပေမယ့် အများအားဖြင့် ဘုန်းကြီးတို့လေ့လာမိသလောက်တော့ သူတို့မှာ ပညတ်ကမ္မဋ္ဌာန်းတွေပေါ်မှာ ရတဲ့ သမာဓိက ပိုများတယ်။

ပညတ်ကိုဖိပြီးတော့ ရှုရင် "လက္ခဏာဉာဏ်" မရဘူး။ လက္ခဏာဉာဏ်မရတဲ့ ပုဂ္ဂိုလ်သည် ကိလေသာကွာဖို့ မဖြစ်နိုင်ဘူး။

ကိလေသာကိုပယ်တယ်, ကိလေသာကိုခွာတယ် ဆိုတာ ဝိပဿနာဉာဏ်ပဲ။

ဝိပဿနာဉာဏ် ၁ဝ–တန် ဆုံးတော့မှ ပေါ်လာတဲ့ "မဂ်" ဆိုတဲ့စိတ်က နိဗ္ဗာန်ကို လမ်းဖွင့် ပေးလိုက်တာ။ အဲဒီအခါမှာ "ဖိုလ်" ဆိုတဲ့ စိတ်က နိဗ္ဗာနဓာတ်ထဲကို တန်းပြီးတော့ ဝင်သွားတာ။

အဲဒီလို လက္ခဏာ ၃–ပါးလျှင် အာရုံရှိတဲ့ ဝိပဿနာဉာဏ်က ရှေ့ပိုင်းက ကိလေသာတွေကို အကုန်လုံးဖယ်ပစ်ခဲ့တယ်။

ဝိပဿနာ ၁၀-တန်ကုန်တော့ မဂ်စိတ်ဆိုတာ ပေါ်လာပြီးတော့ အဲဒီမဂ်စိတ်က နိဗ္ဗာန်လမ်းကို ဖွင့်ပေးလိုက်တယ်။

ဖိုလ်စိတ်က နိဗ္ဗာန်ကို တန်းဝင်သွားပြီးတော့ နိဗ္ဗာန်အရသာ၊ နိဗ္ဗာန်ရဲ့သန္တိဓာတ်ကို ခံစားပါတယ်တဲ့။ လက္ခဏာလျှင်အာရုံရှိတဲ့ ဝိပဿနာဉာဏ်ရဖို့ရန်ဆိုတာဟာ ပရမတ်ကမ္မဋ္ဌာန်းရှုမှပဲ ဖြစ်တယ်ဆိုတာကို အသေအချာမှတ်ကြပါ။

* * * * * * * * * * * * * * *

## ပရမတ်ကို မရှုတတ်ယင် လက္ခဏာ မထင်ဘူး

ပရမတ်ကို မရှုတတ်ယင် လက္ခဏာ မထင်ဘူး။ ပညတ်ကိုရှုရင် သမာဓိလောက်တော့ ရတယ်။ လက္ခဏာဉာဏ်တော့ မလာဘူး။

ဒီတော့ သမထကမ္မဋ္ဌာန်းစီးဖြန်းကြတဲ့ ယောဂီသူတော်စင်တို့အနေနဲ့ ထိုပညတ်ကမ္မဋ္ဌာန်းပေါ်မှာ သမာဓိရရင် ပရမတ်ကမ္မဋ္ဌာန်းကို ကူးပြောင်းကြတဲ့ ပုံစံရှိတယ်နော်။

"သမထကနေ သမာဓိ ကောင်းစွာ ထူထောင်၊ သမာဓိထူထောင်လို့ ကျေနပ်လောက်တဲ့ သမာဓိရရင် ဝိပဿနာဘက်ကို ကူးပြောင်းကြတယ်" တဲ့။ မြန်မာတွေ အားထုတ်ကြတဲ့ ဝိပဿနာ။

* * * * * * * * * * * * * * *

## ဗုဒ္ဓဂါယာမှ နိုင်ငံခြားသားများ

နိုင်ငံခြားသားတွေကတော့ ပညတ်အာရုံ တစ်ခုခုယူပြီးတော့ သမာဓိထူထောင်။ အဲဒီသမာဓိကနေပြီးတော့ ရောပြီး ဈာန်ပိုင်းကို သူတို့က ဦးတည်ပြီး သွားကြတာများတယ်။

သမာဓိထူထောင်ကာ မန္တန်မန္တရားနဲ့ ရောမွှေပြီး ဈာန်ပိုင်းကို ဦးတည်ပြီးတော့ သူတို့က သွားကြတယ်။ အဲဒီအကြောင်းအရာတွေကို ဘုန်းကြီးတို့ ဗောဓိပင်တစ်ပတ်လည်, ဗုဒ္ဓဂါယာတစ်ပတ်လည်မှာ အဲဒီလိုလုပ်နေတဲ့ နိုင်ငံခြားသားတွေကို အများကြီးတွေ့ခဲ့ရတယ်။

ဗုဒ္ဓဂါယာမှာ ဘုန်းကြီးတို့ နေတဲ့ရက်အတွင်း ဇန်နဝါရီလထဲမှာ ရောက်သွားတယ်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ အဲဒီနှစ်လဟာ ဥရောပနဲ့အမေရိက, ဩစရီးယားက လူတွေဟာ ဗုဒ္ဓဂါယာကို အများဆုံးလာကြတယ်။

ဗောဓိပင်တစ်ပတ်လည်မှာ ဥရောပ, အမေရိကနဲ့ ဩစတြေးရီးယားက လူတွေဟာ လူပေါင်း နှစ်ထောင်ကျော်လောက် ရှိနေတယ်။ ဘုရားဖူးလာကြတယ်။ မြန်မာပြည်ကတော့ ၃၅-ယောက်တစ်ဖွဲ့၊ ၃၅-ယောက် တစ်ဖွဲ့ ဒီလိုသွားတာ။ ဟိုကတော့ ထောင်နဲ့ချီပြီးတော့ လာကြတယ်။

အဲဒီမှာ ဘုန်းကြီးက ဩစတြေးယားက လူတစ်ယောက်ကို မေးကြည့်တယ် "မင်းတို့ ဗုဒ္ဓဂါယာရောက်တာ ဘယ်လောက်ကြာပြီလဲ"ဆိုတော့ "၂– လရှိပြီ" တဲ့။

"မြန်မာပြည်ကိုကော ရောက်ရဲ့လား"လို့ ဘုန်းကြီးက မေးကြည့်တယ်။

"မြန်မာပြည်ကို သွားတော့သွားချင်တယ်၊ ဗီဇာ ၇–ရက်တည်းပေးတော့ ကျုပ်တို့ ဘာမှမလုပ်လောက်ဘူးတဲ့၊ ဒါကြောင့် ဒီဗောဓိပင်နားမှာပဲ ကျုပ်တို့ အချိန်ဖြုန်းတော့တာပဲ"လို့ ပြောတယ်။ ဩစတြေးရီးယား အဖိုးကြီးတစ်ယောက်က ပြောလိုက်တာ။

* * * * * * * * * * * * * * *

## မြန်မာစာဖတ်ချင်တဲ့ ဂျာမန်အမျိုးသမီး

အဲဒီမှာပဲ ဂျာမန်အဘွားကြီးတစ်ယောက်ကိုလည်း တွေ့ရသေးတယ်။ ထိုအဘွားကြီးကတော့ မြန်မာပြည်မှာ ၇–ရက်တည်း နေရပေမယ့် ၇–ရက်တည်းနဲ့ မြန်မာပြည်နဲ့အောင် နေ့ရောညပါ ပြေးလွှား လည်ပတ်ပြီးတော့ ပြန်သွားတယ်။

"ဘယ်ကို အဓိကထားပြီးတော့ သွားသလဲ" ဆိုတော့ မြန်မာပြည်မှာ နာမည်ကြီးတဲ့ ဆရာတော်တွေချည်း လျှောက်ဖူးပြီးတော့ ပြန်သွားတာ။ သူက တစ်မျိုး၊ တန်ခိုးကြီးဘုရားတို့ ရှေးဟောင်းပုဂံမြို့တော်တို့ ဒါတွေကို သူက အဓိကမထားဘူး။

"ပရိယတ္တိ ဘယ်လောက်တော်သလဲ။ ပဋိပတ္တိဘယ်လောက်တော်သလဲ။ ပရိယတ်နဲ့ ပဋိပတ် ဘယ်ဆရာတော် ဘယ်လောက်တော်သလဲ" ဆိုတာကို မြန်မာပြည်မှာ စုံစမ်းပြီးတော့ အကုန်လျှောက်ဖူးပြီး သူက ပြန်သွားတာ။ မိုးညှင်းလည်း ရောက်တာပဲ။ တောင်ပုလုလည်း ရောက်တာပဲ။

ရန်ကုန်က မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ရိပ်သာမှာတော့ အရောက်များတယ်။ စွန်းလွန်းရိပ်သာလည်း ရောက်တယ်။ သန်လျင်ဘက်လည်းရောက်တယ်။တော်တော်စုံစုံရောက်တယ်။

ဓမ္မာစရိယဦးဌေးလှိုင်ရေးတဲ့"ရဟန္တာနဲ့ပုဂ္ဂိုလ်ထူးများ" ဆိုတဲ့ စာအုပ်ကြီးလဲ သူက ပိုက်ထားတယ်။

"မြန်မာစကား တတ်သလား"လို့မေးတော့ "မြန်မာလိုမတောက်တခေါက်လေး ပြောတတ်တယ်"တဲ့။

"မြန်မာစာတတ်သလား"လို့ မေးကြည့်တော့ "မတတ်သေးဘူးတဲ့"။

"မြန်မာစာတတ်ချင်လို့ အခု မြန်မာစာ တတ်အောင်သင်နေပါတယ်"တဲ့။

"မြန်မာစာတတ်တော့ ခင်ဗျားဘာလုပ်မှာတုန်း"လို့ ဘုန်းကြီးက မေးကြည့်တော့ "ဒီလို အဖိုးတန်တဲ့ စာအုပ်တွေကို ဖတ်ချင်လို့" တဲ့။

* * * * * * * * * * * * * * *

## အင်္ဂလိပ်လို ဘာသာပြန်ပြီး ထုတ်ဝေဖို့ဆိုတာ

အဲဒီမှာ သူကပြောသေးတယ်။ "ဒီလောက်တောင် အဖိုးတန်တဲ့စာအုပ်တွေ မြန်မာပြည်မှာရှိပါလျက်နဲ့ အင်္ဂလိပ်လိုဘာသာပြန်ပြီးတော့ ကမ္ဘာကို မထုတ်တာ ဘာဖြစ်လို့လဲ" တဲ့။

"အင်္ဂလိပ်လို ဘာသာပြန်ပြီးတော့ ကမ္ဘာကို မဖြန့်ချီတာကတော့ တခြားမဟုတ်ပါဘူး။ ဘုန်းကြီးတို့ ဖြန့်ချီဖို့ရန် အကုန်လုံးစွမ်းနိုင်ကြပါတယ်"။ စွမ်းတာ မစွမ်းတာထားပေါ့လေ၊ စွမ်းနိုင်ပါတယ်လို့ ပြောလိုက်တယ်။

"ကမ္ဘာကို အင်္ဂလိပ်လိုဘာသာပြန်ပြီး မထုတ်တာကတော့ တခြားမဟုတ်ပါဘူး။ အလွန် အဖိုးတန်တဲ့ စိန်၊ ရွှေ၊ ငွေ၊ ကျောက်၊ သံ၊ ပတ္တမြား၊ နီလာ၊ ဥဿဖယားဆိုတဲ့ ရတနာတွေကို ဒကာမကြီးတို့ရရင် အဲဒီ အဖိုးတန်ရတနာတွေကို ရလာတော့ ဘယ်လိုလုပ်သလဲ၊ အဲဒီ စိန်တုံးကြီးခေါင်းပေါ်ရွက်ပြီး တိုင်းပြည်လှည့်ပြီးတော့ ပြမှာလား"လို့ ဘုန်းကြီးက မေးတော့ "ဟာ ဘယ်ပြမှာလဲ"တဲ့။

"ဘယ်လိုလုပ်မလဲ ဒကာမကြီး" ဆိုတော့ "သေတ္တာထဲ ထည့်ထားမှာပေါ့" တဲ့။

"ဘုန်းကြီးတို့လည်း သေတ္တာထဲ ထည့်ထားတာ၊ ဒါလောက်အဖိုးတန်တဲ့စာပေတွေဟာ ရတနာတွေ။ ဒါကြောင့် ဘုန်းကြီးတို့လည်း မြန်မာ့သေတ္တာထဲ ထည့်လှောင်ထားတာ၊ ကြည့်ချင်လာခဲ့၊ အဆင်သင့်ပဲ ငါတို့ပြမယ်"လို့ အဲဒီလိုကြဲဖန်ပြီးတော့ ပြောလိုက်ရတယ်။ သူသဘောကျသွားတယ်။

* * * * * * * * * * * * * * *

## ရတနာအပြည့်ရှိတဲ့ မြန်မာပြည်

အဲဒီမှာ ထိုအဘွားကြီး တဆက်တည်း ပြောတယ်။ "အရှင်ဘုရားတို့ မြန်မာပြည်က ရတနာပြည့်တဲ့ တိုင်းပြည်"တဲ့။

"ဘာကြောင့် ရတနာတွေပြည့်နေတဲ့ တိုင်းပြည်လို့ ပြောသလဲ၊ မိုးကုတ်ရောက်ခဲ့လို့လား"လို့ ဘုန်းကြီးက ချော်မေးလိုက်တယ်။

"မရောက်ပါဘူး၊ ဒါပေမယ့် မိုးကုတ်ဝိပဿနာကျမ်းစာအုပ်တွေကို သူဖတ်ဖူးပါတယ်၊ မိုးကုတ်ဆရာတော်ဘုရားကြီးလည်း ဖူးတော့ မဖူးဘူးပါဘူး၊ ဆရာတော်ဘုရားကြီးဟောတဲ့ တရားတိတ်ခွေတွေကို ယူခဲ့ပါတယ်။ မြန်မာလိုကောင်းကောင်းတတ်တဲ့အခါကျရင် နားထောင်မယ်။ တရားတိတ်ခွေတွေယူလာပါတယ်"။

"မိုးကုတ်ဆရာတော်ဘုရားကြီးကိုလည်း ဓာတ်ပုံရိုက်ခဲ့ပါတယ်၊ ရုပ်တုကိုရိုက်ယူလာတာပါ။ စွန်းလွန်းဆရာတော်ဘုရားကြီး၊ မဟာစည်ဆရာတော်ဘုရားကြီးတို့၊ ညောင်လွန့်ဆရာတော်ဘုရားကြီးတို့ နေရာများကိုလည်း ရောက်ခဲ့တယ်"လို့ သူက ပြောတယ်။

အဲဒီလို ပရိယတ္တိ၊ ပဋိပတ္တိစွယ်စုံတော်တဲ့ ဆရာတော်ကြီးတွေ မြန်မာပြည်မှာ ကျေးလက်တောရွာတွေမှာ အများကြီးပဲ။ မြို့သိမ်မြို့ငယ်လေးတွေမှာလည်း အများကြီးရှိပါတယ်။ တောရွာတွေမှာ ပိုပြီးပေါပါတယ်။

သူကပြောသေးတယ်။ "အဲဒီလောက် ပရိယတ်လည်းတော်၊ ပဋိပတ်လည်းတော်၊ တရားအကျင့်မှာလည်းကောင်း၊ မဂ်ဉာဏ်ဖိုဉာဏ်တွေလဲပဲ ပေါက်ရောက်ပြီးတော့ တရားတကယ်သိနေတဲ့ ပုဂ္ဂိုလ်ထူးတွေဟာ မြန်မာပြည်မှာ အများကြီး ရှိတယ်။

"ဒါကြောင့် မြန်မာပြည်ဟာ ရတနာအပြည့်ရှိတဲ့တိုင်းပြည်လို့ တပည့်တော် ပြောချင်ပါတယ်" တဲ့။

ဗောဓိပင်နားမှာ တွေ့လိုက်ရတဲ့ အဘွားကြီးတစ်ယောက်ကပြောတာ။

ဘုန်းကြီးစဉ်းစားမိတယ်။ "တို့မြန်မာပြည်ကို သူတို့က ဒီလိုမြင်တာ၊ တို့မြန်မာလူမျိုးတွေကတော့ တို့မြန်မာပြည်ကို အလွန်မွဲတဲ့ တိုင်းပြည်လို့မြင်နေတယ်၊ ပြောင်းပြန်ဖြစ်နေတယ်" လို့။

မြန်မာတွေမြင်ပုံကတော့ တစ်မျိုးကြီးပဲ။ "မြန်မာပြည်ဟာ ဆင်းရဲတယ်၊ မွဲတယ်၊ အောက်တန်းကျတယ်၊ ဘာမှ ဟန်မကျဘူး၊ ခေတ်နောက်ကျနေပြီ"လို့ ပြောကြတယ်။

ခုနက အဘွားကြီးပြောသွားတာကတော့ မြန်မာပြည်သည် ရတနာပြည့်တဲ့တိုင်းပြည်"တဲ့။

* * * * * * * * * * * * * * *

## ဗောဓိပင်နား တဝိုက်လေ့လာလိုက်တော့

မနက် အာရုဏ်ဆွမ်းစားပြီးတော့ ဗောဓိပင်နားကို ဘုန်းကြီးရောက်သွားတယ်။ နေ့ဆွမ်းစားကာနီးမှ ဘုန်းကြီးက တည်းခိုတဲ့ကျောင်းကို ပြန်တယ်။ နေ့ဆွမ်းစားပြီးတာနဲ့ ချက်ချင်း ဗောဓိပင်နားပြန်သွားတယ်။ ည ၁၀-နာရီ၊ ၁၁-နာရီမှ ကျောင်းပြန်တယ်။ တစ်နေ့လုံး အဲဒီနားမှာ နေတယ်။

ကိုယ်ကိုယ်တိုင်လည်း လုပ်စရာရှိတဲ့ ကုသိုလ်ရမယ့်လုပ်ငန်းတွေလုပ်၊ ကုသိုလ်ရမယ့် လုပ်ငန်းကို ကိုယ့်ဟာကိုယ် အပြေးအလွှား လုပ်ကိုင်ဆောင်ရွက်ပြီးတော့မှ ဒီ ဗောဓိပင်နား လာတဲ့လူပေါင်းစုံဟာ ဘာတွေလုပ်နေကြသလဲဆိုတာကို လျှောက်ပြီးတော့ ထောက်လှမ်းတယ်။

အဲဒီလို စုံစမ်းထောက်လှမ်းတော့ တွေ့ရပါတယ်။ လူအုပ်ကြီးတစ်အုပ်၊ လူ ၆၀-လောက်ရှိမယ်လို့ ထင်ပါတယ်။ လူအုပ်ကြီးဟာ အကုန်လုံး မျက်နှာဖြူလူမျိုးတွေချည်းပဲ၊ လူစုံပါတယ်။ တစ်ချို့ ဆွီဒင်က၊ တချို့ ဂျာမနီက၊ တစ်ချို့ ဩစတြေးရီးယား၊ တစ်ချို့ အီတလီ၊ တစ်ချို့လည်း အမေရိကား၊ တစ်ချို့လည်း အင်္ဂလိပ်တွေ လူစုံတက်စုံပါပဲ။

အဲဒီလူပေါင်း ၆၀-လောက်ရှိတဲ့ လူအုပ်ကြီးတစ်အုပ်ကို ကြည့်လိုက်တော့ တစ်ဝက်လောက်သော ယောက်ျား၊ မိန်းမတွေဟာ ခေါင်းကို အကုန်ရိတ်ထားကြတယ်။ ဆံပင်တွေမရှိကြဘူး။ ခေါင်းကဆံပင်တွေ အကုန်ရိတ်ထားကြတယ်။ ခါးမှာလည်း နီညိုရင့်ရောင် အဝတ်တွေဝတ်ထားကြတယ်။

ဒီကတည်းက ဘုန်းကြီးသိလိုက်ပြီ။ "ဒီပုဂ္ဂိုလ်တွေဟာ တိဘက်ဘုန်းကြီးတွေထံမှာ တပည့်ခံပြီးတော့ တိဘက်ရဟန်းဝတ်ထားကြတာ။ တိဘက်နည်းနဲ့ ရဟန်းပြုထားကြတာ ယောက်ျားတွေ။ အဲဒီမျက်နှာဖြူ အမျိုးသမီးတွေကလည်း ခေါင်းက ဆံပင်တွေရိတ်ပြီး ခုနကနီညိုအဝတ်တွေ ဝတ်ပြီး သူတို့ကလည်း တိဘက်နည်းနဲ့ သီလရှင်ဝတ်ထားကြတာ"။

ဒီတော့ မဟာယာနနည်းနဲ့ ရဟန်းပြု မဟာယာနနည်းနဲ့ သီလရှင်ဝတ်ထားတဲ့ ရဟန်းနှင့် သီလရှင်တွေက တစ်ဝက်လောက်၊ သာမန်အရပ်ဝတ် အရပ်စားနဲ့လူက တစ်ဝက်လောက် အားလုံး လူ ၅၀–ကျော် ၆၀–နီးပါးပေါ့။

* * * * * * * * * * * * * * *

## ဆရာကောင်း နည်းကောင်း တွေ့ဖို့လိုတယ်

အဲဒီမှာ ဘုန်းကြီး ချက်ချင်း စဉ်းစားမိတယ်။ "ဒီဥရောပတိုက်သား အမေရိကတိုက်သား လူတွေဟာ ဗုဒ္ဓဘာသာကို လေ့လာ လိုက်စားကြတယ်။ ဗုဒ္ဓဘာသာကို သူတို့အလွန် စိတ်ဝင်စားနေကြတယ်။ ဗုဒ္ဓဘာသာကို အလွန်စိတ်ဝင်စားလို့ ဗုဒ္ဓဘာသာကျင့်ကြံနည်းကို ကျင့်ကြံကြိုးကုတ် အားထုတ်မယ်လို့ နည်းရှာကြတဲ့အခါမှာ ဒီလူတွေဟာ တကယ် 'ထေရဝါဒသာသနာနည်း' ကို မရကြဘဲ တိဘက် 'ဒလိုင်းလားမား' ထံမှာ တပည့်ခံပြီးတော့ 'မဟာယာနနည်း'တွေကို သူတို့ ကျင့်မိနေကြတယ်ဆိုတာကို အဲဒီမှာ ဘုန်းကြီး သဘောပေါက်သွားတယ်။

ဘုန်းကြီးတို့ ပရိသတ်များ သူတို့တတွေမှာ ဆရာကောင်းမရကြဘူးနော်။ ခုနက ပြောထားတဲ့အချက်ကို မမေ့လိုက်နဲ့။

သမထကမ္မဋ္ဌာန်းကို စီးဖြန်းတဲ့အခါမှာ ပညတ်ကိုချည်း တစ်ဘက်သတ် ဖိရှုသွားတဲ့ ပုဂ္ဂိုလ်တွေက ဈာန်လမ်းချည်းသွားတယ်။ ဉာဏ်လမ်းမလာတော့ဘူး။ သမာဓိအတော်အတန်ရတဲ့အခါမှာ ရုပ်နာမ်သို့ပြောင်းရှုတဲ့ ပုဂ္ဂိုလ်တွေကတော့ ဉာဏ်လမ်းကို တက်သွားတယ်။

သူတို့လုပ်နေတဲ့အလုပ်က ဈာန်လမ်းကို ဦးတည်ပြီးတော့ ကောင်းကင်ပျံဖို့တို့ မြေကြီးထဲငုပ်ဖို့တို့ မီးထဲလမ်းလျှောက်ဖို့တို့ ရေပေါ်မှာ အိပ်ပြဖို့တို့ အဲဒါတွေစိတ်ဝင်စားပြီးတော့ သူတို့လုပ်နေကြတာ။

ဒီတော့ သူတို့လူအုပ်ကြီး ဖောမိပင်နားမှာ တရားထိုင်ကြတယ်။ မနက် ၈–နာရီလောက်မှာ တစ်ကြိမ်၊ နေ့လည် ၂–နာရီလောက်မှာ တစ်ကြိမ်၊ ည ၈–နာရီလောက်မှာ တစ်ကြိမ် တရားထိုင်ကြပါတယ်။

* * * * * * * * * * * * * * *

## သူတို့နဲ့ ရောပြီးတော့ ဝင်ထိုင်ကြည့်တယ်

မနက်ပိုင်းနဲ့ နေ့ခင်းပိုင်းထိုင်တဲ့ အချိန်မှာတော့ သူတို့အနားမှာ ဘုန်းကြီး အချိန်ကြာကြာ မရှိဘူး။ ည ၈–နာရီထိုင်တဲ့ အချိန်ကျတော့ ဘုန်းကြီးကလည်း "ကိုင်းကွာ ငါလည်းပဲ တရားထိုင်မယ်" ဆိုပြီး သူတို့နဲ့ရောပြီးတော့ ဘေးနားက အသာလေးကပ်ထိုင်တယ်။

အတန်းလိုက် အတန်းလိုက် သူတို့တတွေ ထိုင်ကြတယ်။ ရှေ့ဆုံးတန်းကို မှန်းပြီးတော့ ကြည့်လိုက်စမ်းပါ။ အင်္ဂလိပ်အမျိုးသမီးရဲ့ ဂါဝန်သဏ္ဌာန်ရှိတဲ့ တိဘက်သင်္ကန်းနီနီကြီး ဝတ်ထားတဲ့ ခပ်ဝဝ တိဘက်ဘုန်းကြီး တစ်ပါး၊ အပေါ်ရုံခြုံထည်ကြီးခြုံပြီးတော့ သူက အလယ်တည့်တည့်က ထိုင်တယ်။

သူ့လက်ထဲမှာ ဂလိုင်ကလေး တစ်လုံးပါတယ်။ နောက်ပြီးတော့ ဟောဒီမြန်မာပြည်က ဆိုင်းဝိုင်းတွေမှာ တီးတဲ့ သံချွင်လေး တစ်ခုပါတယ်။ တိဘက်ဘုန်းကြီးကြီး ရှေ့ဘက်မှာ အမွေးတိုင်လေးတွေ ထွန်းလို့ သူ့ဘေးနားမှာ ဝဲယာမှာဆိုလို့ရှိရင် တိဘက်ကိုယ်တော် ခပ်ငယ်ငယ်နှစ်ပါး။

တိဘက်ကိုယ်တော် ခပ်ငယ်ငယ်နှစ်ပါးမှာ နဲ့တစ်ယောက်တစ်ချောင်းစီ ကိုင်ထားတာတွေ့ရတယ်။ နဲ့တစ်လက်စီပါတယ်။ အစွန်းဘက်ကိုလှမ်းကြည့်လိုက်ယင် လက်ဝဲဘက်အစွန်းမှာ ကိုယ်တော်တစ်ပါးက နဲ့ကြီး အကြီးကြီးတစ်ချောင်းပါတယ်။

လက်ယာဘက်အစွန်းဘက် လှည့်ကြည့်လိုက်တဲ့အခါကျတော့ လက်ယာဘက်အစွန်းက ကိုယ်တော်တစ်ပါးရဲ့ လက်ထဲမှာတော့ မြန်မာပြည်က ခေတ်ပေါ်တီးဝိုင်းတွေမှာ တီးတဲ့ ဘင်သဏ္ဍာန်ရှိတဲ့ ဒိန်းဒိန်းနဲ့ထုတဲ့ အရာဝတ္ထုကြီးတစ်ခု သူ့လက်ထဲမှာပါတယ်။

ရှေ့ဆုံးက သူတို့ထိုင်ကြတယ်။ အလယ်ကတော့ ဆရာကြီးပေါ့။ နောက်နားက သူ့နေရာနဲ့သူ စီတန်းပြီးတော့ ထိုင်ကြတယ်။ အဲဒါ ဗောဓိပင်အောက်မှာ။

* * * * * * * * * * * * * * * 

## ဗုဒ္ဓကိုပူဇော်ကြမလို့ထင်တယ်

ဘုရားကိုယ်တော်မြတ် ဒီဗောဓိပင်အောက်မှာ သစ္စာလေးပါးကို သိမြင်ပြီးတော့ ဘုရားအဖြစ်သို့ရောက်၊ မာရ်ငါးပါးကို အောင်မြင်တော်မူတဲ့ ၁၀၃–ခုနှစ်၊ ကဆုန်လ လပြည့်ကျော် ၁–ရက်နေ့သို့ကူးတဲ့အချိန်။

အဲဒီအချိန်အခါတုန်းက ဒီဗောဓိပင်အောက်မှာ မာရ်ငါးပါးအောင်မြင်တော်မူတဲ့ မြတ်စွာဘုရားကို စကြာဝဠာတိုက်တစ်သောင်းက နတ်ဗြဟ္မာအပေါင်း နဂါးတွေရော၊ ဂဠုန်တွေရော၊ နတ်တွေရော၊ ဗြဟ္မာတွေရော၊ တူရိယာဂီတမျိုးစုံနဲ့ ဘုရားကိုယ်တော်မြတ်ကို သီဆိုတီးမှုတ်ပြီး ဘုရားကို ပူဇော်တယ်။

သိကြားမင်းကြီးကလည်း ခရုသင်းကြီးမှုတ်ပြီးတော့ ဘုရားကို ပူဇော်တယ်။ ပဉ္စသိခ်နတ်သားကြီးကလည်း စောင်းနဲ့ ပူဇော်တယ်။

ကာဠနဂါးမင်းကြီးကလည်း သမီးတွေခေါ်လာပြီးတော့ အဲဒီမှာ ဂီတတွေနဲ့ သီဆိုတီးမှုတ်ပြီးတော့ သမီးတွေကို ကခိုင်းပြီးတော့ ဘုရားကိုယ်တော်မြတ်ကို ပူဇော်တယ်။

ဘုရားကိုယ်တော်မြတ် ဗောဓိပင်နဲ့ ရွှေပလ္လင်၊ မာရ်ငါးပါးအောင်တုန်းက နတ်တွေ ဗြဟ္မာတွေ နဂါးတွေ ဂဠုန်တွေက တူရိယာဂီတတွေနဲ့ ပူဇော်တယ်လို့ ကြားဖူးတယ်။ အခုတော့ ဘုန်းကြီးတွေက ဘုရားကို နဲ့နဲ့မှုတ်ပြီးတော့ ပူဇော်ကြတော့မယ်လို့ စိတ်ထဲမှာ အတွေးပေါက်လာတယ်။

* * * * * * * * * * * * * * * 

## သူတို့ တရားနာပုံ၊ တရားထိုင်ပုံ

တော်တော်လဲကြာရော အလယ်တည့်တည့်က ထိုင်တဲ့ကိုယ်တော်ကြီးက လက်ထဲကဂလိုင်ကို ဖြည်း ဖြည်း ဖြည်း ဖြည်းနဲ့ အသံလေး ခပ်နိမ့်နိမ့်နဲ့ သူလှုပ်ပါတယ်။ နောက်တော်တော်ကြာတော့ တအားပြင်းပြီးတော့ အသံခပ်ပြင်းပြင်းနဲ့ အသံဆူညံသွားအောင် လှုပ်လိုက်ပါတယ်။

အဲဒီလို ဂလိုင်လှုပ်နေတဲ့အချိန်မှာ ပရိသတ်အားလုံးဟာ လက်အုပ်ချီပြီးတော့ နေကြတယ်။ တော်တော်ကြာတော့ ဖြုတ်ခနဲ ဂလိုင်သံကို ရပ်ပစ်လိုက်တယ်။ ရပ်ပစ်လိုက်ပြီးတော့မှ ရှေ့တည့်တည့်နားမှာ ထိုင်နေတဲ့ သီလရှင်တစ်ယောက်ရှိတယ်။

အဲဒီသီလရှင်က အင်္ဂလိပ်အမျိုးသမီး၊ တိဘက်နည်းနဲ့ သီလရှင်ဝတ်ထားတာ။ သူကလည်းပဲ သူကရှေ့ကနေ ပေထုပ်ကလေးဖွင့်ပြီးတော့ နည်းနည်းစပေးတယ်။

နည်းနည်းလေး စပေးလိုက်တဲ့အခါကျတော့မှ ဘေးဝဲယာအစွန်းမှာ ထိုင်နေတဲ့ နှဲကိုင်တဲ့ ကိုယ်တော်တွေကနေပြီးတော့ သံမှုန်လေးပေါ့လေ။ နှဲတော့မမှုတ်သေးဘူး။ ကဗျာလေးတွေ မန္တာန်လေးတွေကို တိုးတိုး တိုးတိုးနဲ့ရွတ်ပေးတယ်။ ရှေ့ကစပေးတယ်။ ခုနဘေးက ကိုယ်တော်တွေက ရွတ်တယ်။ နောက် ပရိသတ်အကုန်လုံးဟာ သံပြိုင်တစ်ညီတစ်ညွတ်တည်း လိုက်ပြီးတော့ ဆိုကြတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကို ပူဇော်နေကြတာပဲလို့ထင်တယ်။ ဘာမှတော့ ဘုန်းကြီးနားမလည်ဘူး။ သူတို့ရွတ်နေရလို့ အသံညီလာပြီဆိုတော့မှ အသံကို တော်တော်မြှင့်ပြီးတော့ သံပြိုင်သူတို့ရွတ်ကြတယ်။ အသံမြှင့်ပြီးတော့ ရွတ်လို့ အားကောင်းနေတဲ့ အချိန်မှာ အလယ်ကောင်က ဆရာကြီးကနေပြီး လက်ထဲက သံချွန်လေး ကိုင်ပြီးတော့ "ချွင်" ဆိုတစ်ချက် ခေါက်ပေးလိုက်တယ်။ အဲဒီလို တစ်ချက်ခေါက် ပေးလိုက်ရော ကိုယ်တော်တွေ အကုန်လုံး အသံတွေ တိတ်သွားကြတယ်။

အသံတွေ တိတ်သွားတော့ အဲဒီ သံချွန်ကိုင်တဲ့ ဂလိုင်ကိုင်တဲ့ ကိုယ်တော်ကြီးက တိုးတိုးတိုးနဲ့ သူက တရားဟောတယ်။ သူ တရားဟောတာကို နောက်က အားလုံး စိတ်စိုက်ပြီးတော့ လက်အုပ်ချီထားကြ။ ဘယ်ဘက်လက်ပေါ်မှာ ညာဘက်လက်ကလေး ထပ်ပြီးတော့ မျက်စိမှိတ်ထိုင် တရားနာကြတယ်။

တရားနာပြီးတဲ့အခါကျတော့ ဂလိုင်လေးကို တစ်ခါ ဖြည်းဖြည်း ဖြည်းဖြည်းနဲ့ သူလှုပ်ပြန်ရော၊ အသံဟာမြင့်မြင့်ပြီးတော့ တက်လာရော၊ နောက်ဆုံးတအားမြှင့်ပြီးတဲ့ အခါကျတော့မှ ဖြုတ်ကနဲဆို အသံ ရပ်လိုက်ပြီးတော့ နောက်တစ်ခါ မန္တာန်တွေ ရွတ်ကြပြန်ရော။

အဲဒီလို သုံးကြိမ်သုံးခါရွတ်လိုက်၊ ဘုရားရှိခိုးလိုက်၊ တရားဟောလိုက်၊ ရွတ်လိုက်၊ ဘုရားရှိခိုးလိုက်၊ တရားဟောလိုက်နဲ့ သုံးကြိမ်လောက်လုပ်ပြီးတဲ့အခါကျတော့မှ ငြိမ်ပြီးတော့ သူတို့တတွေ တရားထိုင်နေကြတယ်။

* * * * * * * * * * * * * * *

## ယိမ်းထွက်နေတာလိုပဲ

ဘုန်းကြီးကတော့ အဲဒါတွေ အကုန်လုံးလျှောက်ကြည့်နေတယ်။ ဘေးကကြည့်ရင်တော့ ဒီကိုယ်တော်က သမာဓိ မရှိဘူးလို့ ထင်ရမယ်။ သမာဓိလည်း မရပါဘူး။ သမာဓိမရဘူးဆိုတာ သေချာတယ်။ သူတို့လုပ်တာပဲ ကြည့်နေရတာကိုး။ အချိန်က ည ၈ နာရီလောက် ဖြစ်သွားပြီ။ ကြည့်ပြီးတော့ ထိုင်နေတယ်။

နောက် တော်တော်ကြာတော့ ဘာလုပ်ပြန်တုန်းဆိုရင် အလယ်က ကိုယ်တော်ကြီးက ဂလိုင်လေးကို တိုးတိုး တိုးတိုးနဲ့ လှုပ်ပြန်တော့ “ဒါဟာ တရားဖြစ်တဲ့ သဘောရှိတယ်၊ တရားထိုင်တဲ့ အလုပ်ကို ရပ်ခိုင်းတဲ့သဘောရှိတယ်”လို့ ဘုန်းကြီးတွေးမိတယ်။ ဂလိုင်လေးကို ဖြည်းဖြည်း ဖြည်းဖြည်းနဲ့ မှုဉ်းပြီးတော့ လှုပ်ပေးလိုက်တယ်။

ဖြည်းဖြည်း ဖြည်းဖြည်းမှုဉ်းပြီးတော့ လှုပ်ပေးလိုက်တဲ့အချိန်မှာ ပရိသတ်အကုန်လုံးဟာ အသံလေးကို တိုးတိုး တိုးတိုးနဲ့ သူတို့ရွတ်ကြပြန်ရော။

အသံလေး တိုးတိုး တိုးတိုးနဲ့ သူတို့ ရွတ်ပြီးတော့မှ အသံဟာ တဖြည်းဖြည်း မြင့်မြင့်မြင့်မြင့်ပြီးတော့ တက်လာ နောက်ဆုံးကျမှ အသံရပ်သွားတယ်။ အသံလဲ ရပ်သွားရော လက်ဝဲဘက် အစွန်မှာနေတဲ့ နဲ့အရှည်ကြီး ကိုင်ထားတဲ့ ကိုယ်တော်က စပြီး နဲ့ကြီးကို “တော်” ဆိုပြီးတော့ မှုတ်လိုက်တော့တာကိုး။

နဲ့သံကြီးကို “တော်” ဆိုပြီး တအားမှုတ်လဲချလိုက်ရော ဘေးနားက နဲ့အသေး နှစ်လက်ကိုင်ထားတဲ့ ကိုယ်တော်နှစ်ပါးရယ်, ဟိုဘက်က ဘင်ကြီးကိုင်ထားတဲ့ ကိုယ်တော်ရယ် အကုန်လုံး တပြိုင်နက် ထပြီးတော့ နဲ့မှုတ်တဲ့ကိုယ်တော်က မှုတ်၊ စည်းလိုက်တဲ့ ကိုယ်တော်က လိုက်၊ ဘင်ကြီးကိုင်ထားတဲ့ ကိုယ်တော်ကလည်း ဒိန်းဒိန်းဒိန်းဒိန်းနဲ့ ဘင်ကြီးထုဆိုတော့ ယိမ်းထွက်နေတာနဲ့ တူလိုက်တာ။

နဲ့မှုတ်တာကလည်း ဘုန်းကြီးကိုယ်တိုင် မှုတ်တာ။ လူတွေမှုတ်တာ မဟုတ်ဘူး။ တိဘက်ဘုန်းကြီးတွေက နဲ့မှုတ်။ ဘေးနားကနေပြီးတော့ တဒိန်းဒိန်းနဲ့ ဘင်ကြီးထု။ မှုတ်လို့ ထုလို့ ခတ်လို့ တီးလို့ တော်တော်လေး အရှိန်ရကျေနပ်ပြီဆိုတော့ မန္တာန်တွေ ရွတ်လိုက်ကြပြန်ရော။ ဘုရားရှိခိုးကြပြန်ရော။ ပြီးတော့ တရားထိုင်လိုက်ကြပြန်ရော။

* * * * * * * * * * * * * * *

## သူတို့ ဘုရားရှိခိုးကြပုံ

သုံးကြိမ် သုံးခါ အဲဒီလို ပြီးသွားပြီဆိုတော့ အချိန်က ၉–နာရီ ၄၅–မိနစ်လောက် ဖြစ်သွားတယ်။ ၉–နာရီ ၄၅–မိနစ်လောက် ဖြစ်သွားတော့မှ အဲဒီလုပ်ငန်းတွေ အကုန်ရပ်ပြီး၊ အားလုံး မတ်တပ်ထပြီးတော့ သူတို့ ဘုရားရှိခိုးကြတယ်။

မတ်တပ်ရပ်ပြီးတော့ ဘယ့်နှယ်ရှိခိုးသလဲဆိုရင် လက်တွေအကုန်လုံးကို တပြိုင်နက် လက်အုပ်ချီပြီးတော့ ကောင်းကင်မြှောက်လိုက်ကြတယ်။ လက်တွေ အကုန်စုပြီး လက်အုပ်ချီ၊ ကောင်းကင်မြှောက်၊ ခေါင်းပေါ်မှာ လက်ကလေးတွေ စီပြီးတော့ မြှောက်ထားတယ်။

လက်နှစ်ဘက် လက်အုပ်ချီ ကောင်းကင်မြှောက်ခေါင်းပေါ်ရောက်သွားပြီးတောမှ ထိုင်နေတဲ့ကိုယ်တော်ကြီး (ဆရာကြီး)က တစ်ချက် အော်ပေးလိုက်တယ်။ ဘာအော်ပေးလိုက်တယ်တော့ မသိဘူး။ ခေါင်းပေါ်မြှောက်ထားတဲ့ လက်တွေကို တပြိုင်နက် နဖူးအထိချလိုက်တယ်။ လက်အုပ်ချီပြီးသား မတ်တပ်။

နောက် တစ်ချက်ထပ်အော်ပေးလိုက်တော့ နဖူးကလက်တွေ မေးစေ့အောက်သို့ တစ်ဆင့်ချလိုက်ကြတယ်။ မေးစေ့အောက်ကနေ နောက်တစ်ခါအော်လိုက်ပြန်တော့ ရင်ဘတ်သို့ တဆင့်ချလိုက်ကြတယ်။

နဖူး၊ မေးစေ့၊ ရင်ဘတ်၊ သုံးဆင့်။ ရင်ဘတ်သို့ လက်ကိုရောက်အောင် ချပြီးပြီဆိုတော့မှ နောက်တစ်ချက် အော်လိုက်တဲ့အခါမှာတော့ ဗြုန်းကနဲဆို အကုန်လုံး အဲဒီလူအုပ်ကြီး တစ်ခုလုံးဟာ လက်တွေကို ရှေ့တိုးပြီးတော့ ဖောခိပင်ဘက်ကို ဦးတည်ပြီးတော့ အကုန်လုံး ဝမ်းလျားမှောက်ကြတယ်။

အကုန်လုံး ဗြုန်းကနဲဆို ဝမ်းလျားမှောက်လိုက်ကြတယ်။ ဘုန်းကြီးက ရုတ်တရက်တော့ လန့်သွားတယ်။ "ဒီလူတွေ မေ့လဲကုန်ပြီလား၊ ဘာဖြစ်တာလဲ၊ တစ္ဆေဖမ်းသလား"လို့ တွေးမိတယ်။

ဝမ်းလျားမှောက်ချလိုက်ပြီးတော့မှ တစ်ယောက်မှ ခေါင်းမဖော်ကြဘူး။ လက်အုပ်ချီထားတဲ့ လက်ကလေးတွေကို ရှေ့တိုးပြီးတော့ မှောက်ခုံလေးတွေနေကြတယ်။ မှောက်ခုံလေးတွေနေကြတော့ ဆရာကြီးလုပ်သူက နည်းနည်းကလေး တိုင်ပေး၊ မှောက်လျက်က လိုက်ဆိုကြတယ်။ ပြီးတော့ တစ်ခါ ပြန်ထ။

ထလိုက် ဝမ်းလျားမှောက်လိုက်၊ မတ်တပ်ထလိုက်၊ ဝမ်းလျားမှောက်လိုက် အဲဒီလို သုံးကြိမ်တိုင်တိုင်ဦးချပြီးတော့မှ အကုန်လုံး ထိုင်ပြီး အပန်းဖြေကြတယ်။ ပေနေတဲ့ ဖုန်လေးတွေ ဘာလေးတွေ သုတ်ပြီးတော့ ထိုင်ကြတယ်။

သူတို့က တရားအားထုတ်လိုက်၊ နဲကလေးမှုတ်လိုက်ဆိုတော့ သမာဓိ ဘယ်လိုလုပ်ဖြစ်မှာလဲ။ သူတို့ မစဥ်းစားကြဘူး။ ကိုယ့်ဟာကိုယ် အဟုတ်ထင်နေကြတယ်။

* * * * * * * * * * * * * * *

## တရားသိမ်း အပန်းဖြေနည်း

ပြီးတော့မှ အငယ်ကိုယ်တော် သုံးပါးလေးပါးက ထပြီးတော့ ရေ့နားက တောင်းကြီးတွေ ဆွဲဖွင့်၊ အဝတ်ဖြူကြီးတွေနဲ့ အုပ်ထားတာ။ ဆွဲဖွင့်လိုက်တော့မှ အထဲကထွက်လာတဲ့ ပန်းသီးတို့ ငှက်ပျောသီးတို့ ဘီစကွတ်မုန့်တို့ နို့ဆီဗူးတို့ အကုန်ထွက်လာကြတယ်။

ပန်းကန်ပြားတွေ ဆွဲထုတ်ပြီးတော့ အဲဒါတွေထည့်။ ပန်းသီးတို့ ငှက်ပျောသီးတို့ ဘီစကွတ်တို့ ချိုချဉ်ခဲတို့ အကုန်ထည့်ပြီးတော့မှ ခုနက တရားအားထုတ်တဲ့ ကိုယ်တော်တွေ အဲဒီမှာ ဝေပြီးတော့ စားကြတာ။ တရားအားထုတ်လို့အပြီး ဗောဓိပင်အောက်မှာ သူတို့အကုန်စားကြတာ။ ဘုန်းကြီးရော သီလရှင်ရော အကုန်ပဲ အဲဒီမှာ စားကြတာ။

ဘုန်းကြီးက "ဒါဟာ ဆွမ်းတော်ကြီး တင်တာနဲ့ တူပါတယ်" လို့ထင်တာ။ မဟုတ်ဘူး။ မြန်မာပြည် ဆွမ်းတော်ကြီး တင်တဲ့နည်းလို့ ဘုန်းကြီးက အောက်မေ့မိတာ။ ဘုရားရှေ့ တောင်းကြီးတွေချထားတော့ "သြော် စားစရာတွေ ဆွမ်းတော်ကြီးတင်တာ ဖြစ်မှာပဲပေါ့"။

မြန်မာပြည်ကတော့ ဆွမ်းတော်ကြီးတင်တာ ညကတည်းက တင်တာကိုး။ ဘဲကင်ရော၊ ကြက်ကင်ရော၊ ဝက်အူချောင်းရော ဘုရားရှေ့ ညကတည်းက တိုးလို့တွဲလောင်းအကုန်ချိတ်ထားတယ်။ ဘဲကင်ကြီးတွေ ကြည့်လိုက်ရင် ခြေထောက်တွေ ထောင်လို့။

အဲဒီလို လုပ်ကြတော့ မြန်မာပြည်က ဆွမ်းတော်ကြီး တင်နည်းကတော့ ဟောဒီရောက်နေပြီထင်တယ်လို့ အောက်မေ့တာ။ မဟုတ်ဘူး။ ဘုရားတင်တာ မဟုတ်ဘူး။ တရားအားထုတ်လို့အပြီးမှာ အဲဒီဟာတွေကို ဘုန်းကြီးတွေ အကုန်ထိုင်စားကြတာ။

* * * * * * * * * * * * * * *

## ညစာစားပွဲ ကျင်းပသလိုဖြစ်နေ

အဲဒီအချိန်ကျတော့ "မဖြစ်ဘူး၊ ငါထတော့မှပဲ" ဆိုပြီးတော့ ဘုန်းကြီး ထတယ်။ အဲဒီလိုထတော့ ဩစတြေးရီးယား ကိုယ်တော်တစ်ပါးက လက်ဆွဲပြီးတော့ အထိုင်ခိုင်းတယ်။ "ပြန်ထိုင်ပါတဲ့"။ "ဘာလို့ထိုင်ရမှာလဲ" လို့ ပြောနေတုန်းရှိသေးတယ်။ ကိုယ်တော်တစ်ပါးက ပန်းကန်ပြားတစ်ချပ်ကိုင်ပြီး ယူလာတယ်။

အဲဒီပန်းကန်ပြားထဲမှာ ပန်းသီး (၂)လုံးပါတယ်။ ငှက်ပျောသီးက (၃)လုံးပါတယ်။ ဘီစကွတ်မုန့်ကလည်း (၅)ခုလောက်ပါတယ်။ ချိုချဉ်ခဲလေးက (၇)ခဲပါတယ်။ အဲဒါလေး ဘုန်းကြီးကိုလာပေးတယ်။ "ဘုဉ်းပေးပါ"တဲ့။ သူတို့နဲ့အတူတူ မိတ်ဖြစ်ဆွေဖြစ်ပေါ့တဲ့။ ညစာစားပွဲကျတာပဲ။

ဘုန်းကြီးကပြောလိုက်ပါတယ်။ "ငါတို့ ထေရဝါဒရဟန်းတော်များဟာ နေမွန်းတည့်ပြီးလို့ နေ့ ၁၂-နာရီ ကျော်ပြီးလို့ရှိရင် နောက်တစ်ရက် နေရောင်ကို မမြင်ရမချင်း ငါတို့ ဒီလိုအစားအစာများကို စားတဲ့ ထုံးစံမရှိပါဘူး" လို့။

အဲဒီတော့မှ မေးတယ်။ "ဟာ အရှင်ဘုရားတို့ ဘယ်တိုင်းပြည်ကလဲ"တဲ့။

ဘုန်းကြီးကို သူတို့က တိဘက်ဘုန်းကြီးပဲ အောက်မေ့နေကြတာ။ "ငါ မြန်မာပြည်က"။ အဲဒီတော့မှ သူတို့က ဘုန်းကြီးကို ခြေဆုံးခေါင်းဆုံး အသေအချာ ကြည့်ကြတယ်။

* * * * * * * * * * * * * * * 

## ထေရဝါဒနဲ့ မဟာယာန သီလကွာခြားပုံ

ဘုန်းကြီးတို့ သင်္ကန်းက သူတို့သင်္ကန်းနဲ့ မတူဘူး။ သူတို့သင်္ကန်းကတော့ အင်္ကျီကြီးလိုလို ဂါဝန်ကြီးလိုလို အဲဒါနီညိုကြီးစွပ်ထားကြတာ။ ဘုန်းကြီးတို့သင်္ကန်းကတော့ အခန်းနဲ့ အကန်းနဲ့ အဲဒါဘယ်ကမှ စွပ်ချလို့မရဘူး။ အလွန်ချမ်းလွန်းတဲ့အတွက်ကြောင့် ဘုန်းကြီးက နီညိုရောင်သင်္ကန်းကြီးကို ခေါင်းကနေခြုံထားတာ။

နီညိုရောင်နှစ်ထပ်သင်္ကန်းကြီးကို ခေါင်းကနေခြုံထားလို့ သူတို့က အဲဒါကြီး ကြည့်ပြီးတော့ "အင်း ဒီကိုယ်တော်လည်း တိဘက်ဘုန်းကြီးပဲ"လို့ ထင်ကြတာ။

အဲဒီကတည်းက စပြီးတော့ စိတ်ထဲဖြစ်သွားတယ်။ "နီညိုရောင်သင်္ကန်းကြီးတွေများ အခြားတိုင်းပြည် သွားလို့ရှိရင် ဝတ်လို့မကောင်းဘူးထင်တယ်။ တိဘက်ဘုန်းကြီးလို့ အထင်ခံရတာကိုး"။

ဘုန်းကြီးက "ငါမြန်မာပြည်က လာတာ၊ မြန်မာဘုန်းကြီးတွေဟာ အထူးသဖြင့် ထေရဝါဒ ဘုန်းကြီးတွေဟာ မွန်းတည့် ၁၂–နာရီကျော်ပြီးရင် စားတဲ့ ထုံးစံမရှိပါဘူး"လို့ ပြောလိုက်တော့ "ဘာကြောင့် မစားသလဲ" တဲ့။

"ငါတို့ ထေရဝါဒဝိနည်းမှာ မွန်းလွဲပြီးရင် အစားအစာ မစားရဘူးဆိုတာ ဗုဒ္ဓက စည်းကမ်းထုတ်ထားတာ"။

* * * * * * * * * * * * * * * 

## ဗုဒ္ဓရှင်တော်မြတ် ညစာစားသလား

"မြန်မာပြည်က ထေရဝါဒရဟန်းတော်တွေရဲ့ စည်းကမ်းက ဒီလိုဒီလိုရှိပါတယ်"လို့ ရှင်းပြတော့ ကိုယ်တော်တစ်ပါးက "အရှင်ဘုရားကို တပည့်တော်တစ်ခုပြောပါ့မယ်၊ ဘုရားကိုယ်တော်မြတ်ဟာ ဒီဇောခိပင်ရဲ့ အရှေ့ဘက်နား နေရဉ္ဇရာမြစ်ကမ်းဘေး ဥရုဝေလတောမှာ ဒုက္ကရစရိယာ ၆–နှစ်ကြာအောင် ကျင့်တော်မူတုန်းက အစာ မစားဘဲ အငတ်ခံကျင့်ခဲ့တယ်။ ဒါကြောင့် ဘုရားမဖြစ်ခဲ့ဘူး"တဲ့။

ဒီဇောခိပင်ရဲ့ အရှေ့ဘက်မှာနေရဉ္ဇရာမြစ်ရှိနေတယ်။ တစ်မိုင်လောက်ကျယ်တယ်။ သဲတွေသောင်တွေနဲ့ ရေတော့ ဘုန်းကြီးတို့ တစ်စက်မှ မတွေ့ခဲ့ဘူး။ သောင်ကြီးကတော့ ဖွေးလို့။

သူက ဆက်ပြောတယ်။ "ဘုရားလောင်းတော်က အစာငတ်ခံပြီးတော့ (၇) နှစ်ကျင့်ခဲ့တာဟာ ဘုရားဖြစ်သလား။ မဖြစ်ဘူး။ ဘုရားမဖြစ်တော့မှ သေနာနိဂုံးကြွပြီးတော့ ဆွမ်းခံ၊ ဆွမ်းဘုဉ်းပေး။ ဆွမ်းစားပြီးတော့မှ ဒီဇောခိပင်ရင်းမှာ ဆက်ကျင့်လို့ ဘုရားဖြစ်တာ"။

"အရှင်ဘုရားတို့ ထေရဝါဒရဟန်းတွေ မစားဘဲနဲ့ ဒီလိုသာ အငတ်ခံကျင့်ရင် ဘယ်တော့မှ ကိုယ်တော်တို့ ဗောဓိဉာဏ်ရမှာ မဟုတ်ဘူး"တဲ့။ အဲဒါ သူတို့အယူအဆ။

သူတို့ပြောစကားအရ ဗောဓိဉာဏ်ရချင်ရင် ညစာစားရမလို ဖြစ်နေတယ်။ အဲဒါ လွဲနေတယ်။

"အစာငတ်ခံကျင့်တဲ့ ဘုရားလောင်းသည် ဘုရားမှ မဖြစ်ဘဲနဲ့၊ စားပြီးကျင့်မှ ဘုရားဖြစ်တာ၊ ဒါကြောင့် အခုလို ပင်ပန်းတဲ့အခါ စားပေးရတယ်"တဲ့။

ဒါနဲ့ ဘုန်းကြီးက "ကောင်းပြီ ဘုရား၊ အစာမစားဘဲနဲ့ အငတ်ခံကျင့်တုန်းက ဘုရားမဖြစ်တာ လက်ခံပါတယ်၊ စားပြီးတော့ကျင့်၊ အဲဒီအခါကျတော့မှ ဘုရားဖြစ်တာကိုလည်း လက်ခံပါတယ်၊ ဒါပေမယ့် ဘုရား ဘယ်အချိန်မှာစားတယ်ဆိုတာကို သုတေသနလုပ်ပါဦး"လို့ ပြောလိုက်တယ်။

"ဘုရားကိုယ်တော်မြတ် ဗောဓိပင်နားမှာ ဆွမ်းခံစားပြီးတော့ တရားကျင့်တယ်ဆိုတာတော့ ဟုတ်ပါတယ်၊ အဲဒီဆွမ်းဟာ ကိုယ်တော်တို့လို ခုလို ညဥ့်အချိန်အခါမှာ စားတာလား၊ ပြန်ကြည့်ပါဦး" ဆိုတော့ အဲဒီ ကိုယ်တော်က မပြောတော့ဘူး၊ ငေးနေတယ်။

ဘုန်းကြီးက ပြောလိုက်တယ်။ "ဘုရားရှင်သည် ညစာ မစားဘူး။ မွန်းတည့်ပြီးရင် လုံးဝ အစာ မစားပါဘူး။ မြတ်ဗုဒ္ဓဟာ စားပြီးမှ ကျင့်တာတော့ မှန်တယ်။ နေမွန်းမတည့်သေးခင်သာ ဘုဉ်းပေးတာ။ ဒါကြောင့် အရှင်ဘုရားတို့ အယူအဆ မှားတယ်"လို့။

* * * * * * * * * * * * * * *

## အတင်းပေးတော့လည်း ယူခဲ့ရ

အဲဒီတော့ သူက "အရှင်ဘုရား မစားကောင်းလို့ အခုလို ညစာ မစားချင်လည်း နေပါတော့။ မနက်ခင်းကျတော့ စားရတာပေါ့၊ ယူသွားပါ" ဆိုပြီး အတင်းပေးတယ်။

"ဟာ.... ခက်တော့တာပဲ။ အတင်းပေးနေတာကို ငြင်းရင်လည်း ဒါဟာ ယဉ်ကျေးမှု သဘောတရားအရ မငြင်းသင့်ဘူး၊ သဒ္ဓါ တရားကောင်းကောင်းနဲ့ ပေးနေတာ၊ ငြင်းရင် ရိုင်းစိုင်းတဲ့သဘော သက်ရောက်တယ်" ဆိုတာကို ဘုန်းကြီးက ကြားဖူးထားတော့ "ဒီပန်းသီးနဲ့ ဒီငှက်ပျောသီး ငါတော့ ယူတော့ ယူမှ ဖြစ်မယ်၊ မယူရင်လည်း သူတို့က ငါ့ကို ကျေနပ်ကြတော့မှာ မဟုတ်ဘူး။ ယူရင်လည်း ဒီကိုယ်တော် ညစာစားတယ်လို့ ငါ့ကို ထင်တော့မှာ။ ငါဘယ်လို လုပ်ရမလဲ"လို့ စဉ်းစားကြည့်တယ်။

စဉ်းစားပြီးတော့ "တပည့်တော်မှာ ကပ္ပိယလည်း မပါဘူး၊ ဒါကြောင့် လက်မခံပါရစေနဲ့" ဆိုတော့ "အရှင်ဘုရား၊ တပည့်တော်တို့ ပေးရမည့်တာဝန်ရှိလို့ ပေးတာပါ" ဆိုပြီး လွယ်အိတ်ထဲ သူက ထိုးထည့်လိုက်တယ်။

ဘုန်းကြီးလက်ထဲမှာ လွယ်အိတ်ကလေးကိုင်ထားတယ်၊ လွယ်အိတ်ကလေးပါတယ်။ အဲဒါနဲ့ ပန်းသီး(၂)လုံး, ငှက်ပျောသီး(၃)လုံး, ဘီစကွတ်မုန့်တွေ လွယ်အိတ်ထဲ အလိုလို ရောက်သွားတယ်။

"ဒါတွေ ငါ ဘယ်လိုလုပ်ရပါ့မလဲ"လို့ စဉ်းစားရင်းနဲ့ ဟိုဟိုဒီဒီကြည့်လိုက်တော့ အနားမှာ (၇)နှစ်သမီး အရွယ်လောက်ရှိတဲ့ ကုလားမလေး ငယ်ငယ်လေး နှစ်ယောက်ကို တွေ့ရတယ်။

* * * * * * * * * * * * * * *

## ဗောဓိပင်ဝင်းတံခါး ဖွင့်ချိန် ပိတ်ချိန်

ဗောဓိပင်ကို စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်တွေက ည ၈–နာရီဆို တံခါးပိတ်ပစ်လိုက်တယ်။ အခု ဘုန်းကြီးတို့ တရားထိုင်ပြီးတော့ လုပ်နေကြတာဟာ ၁၀–နာရီဖြစ်နေပြီ။ ဝင်တုန်းကတော့ တံခါးဖွင့်ထားလို့ ထားပါတော့။ ပြန်ထွက်ရင် ဘယ်လိုထွက်ရမလဲဆိုတာ မှန်းကြည့်။

"တံခါးဖွင့်ပေးပါ" ဆိုတော့ ဟိန္ဒူကုလားတွေက ဖွင့်မပေးဘူး။ ဖွင့်မပေးတော့ တရားထိုင်ပြီးလို့ ပြန်ထွက်တဲ့ ပုဂ္ဂိုလ်တွေ အကုန်လုံးဟာ အဲဒီကာထားတဲ့ တံတိုင်းကို ဈာန်ပျံပြီးတော့ ထွက်ကြရတယ်။ ဘယ်လို ဈာန်ပျံတယ်မှတ်လဲ။ လွှားကနဲဆိုပြီး တံတိုင်းကို ကျော်တက်ခဲ့ရတာ။ ဘုန်းကြီးလည်း ၁၀–နာရီမှာ ပြန်ထွက်တာ ဆိုတော့ စဉ်းစားကြည့်ပေါ့။ တံတိုင်းကို ဒီအတိုင်း ကျော်တက်ခဲ့ရတာပဲ။ အဲဒါ ၂–ည တိုင်တိုင် ကျော်တက်ခဲ့ရတယ်။ ကုလားတွေ ပိတ်ထားလို့။

* * * * * * * * * * * * * * *

## ကုလားမလေးနှစ်ယောက် ဝင်ရာထွက်ရာအပေါက်

"ဒီကုလားမငယ်ငယ်လေး နှစ်ယောက်ဟာ ဘယ်လိုလုပ် ဒီအထဲရောက်နေသလဲ။ ဘယ်လိုလုပ် ထွက်ကြမှာလဲ"လို့ ဘုန်းကြီးက စဉ်းစားကြည့်တယ်။

စားရမဲ့, သောက်ရမဲ့ တောင်းရမ်းစားသောက်နေတဲ့ အမျိုးသမီးငယ်ငယ်လေးတွေဟာ "တိဘက်ဘုန်းကြီးတွေ တရားထိုင်ရင် ဗောဓိပင်နားမှာ ညစာစာကြတယ်" ဆိုတာ သူတို့က သိထားကြတယ်။

"စားပြီးတဲ့အကျန်တွေကို ပေးလေ့စွန့်လေ့ ရှိကြတယ်" ဆိုတာကိုလည်း သူတို့လေးတွေ သိထားကြတယ်။ သိထားတော့ ဒီအချိန် လာ ချောင်းကြတယ်။

ဒီတော့ အဲဒီကောင်မလေးတွေကို ငှက်ပျောသီးရော ပန်းသီးရော ဘီစကွတ်ရော အကုန်လုံး ဘုန်းကြီးပေးလိုက်ရော။

ကုလားမလေးနှစ်ယောက်ဟာ သဘောကျလို့ပြုံးလို့ ယူသွားကြတယ်။ တိဘက်ဘုန်းကြီးတွေနား သွားထိုင်တော့လည်း နည်းနည်းပါးပါးရတယ်။ အဲဒါလေးတွေယူပြီးတော့ သူတို့လေးတွေ သွားကြတယ်။ အဲဒီ ကောင်မလေးတွေဟာ ဗောဓိပင်ကြီး ဝင်းခတ်ထားတဲ့ ခြံဝန်းကြီးရဲ့ အင်္ဂါထောင့်ဆီကို သွားကြတယ်။ အင်္ဂါထောင့်ဆီ ဝင်းထရံကြီးရဲ့ အောက်ဆုံးက သံတန်း၊ အဲဒီ သံတန်းကြီးရဲ့ အောက်နားမှာ မြေကြီးကို သူတို့က လူတစ်ယောက် ဝင်စာလေးတူးထားတာ။

လူတစ်ကိုယ်စာ ဝင်ရုံလေး တူးပြီးတော့ အဲဒီသံတန်းကြီးရဲ့ အောက်ကနေပြီး ဝမ်းလျားထိုးပြီးတော့ သူတို့က ဒီအထဲဝင်လာကြတာ။ အဲဒီအပေါက်ကို ဖောခ်ပင်စောင့်တဲ့ ကုလားတွေ မသိကြဘူး။

အဲဒီကုလားမလေးနှစ်ယောက်ဟာ ဒီအပေါက်ကနေ နေ့တိုင်း ဝင်ထွက်ပြီးတော့ ဒီအနားတရားထိုင်တဲ့ ပုဂ္ဂိုလ်တွေဆီက သူတို့က တောင်းရမ်းပြီးတော့ စားနေကြတာ။

ဘုန်းကြီးက စဉ်းစားကြည့်တယ်။ အပေါက်တော့ တွေ့ပြီ။ "ဒီအပေါက်က ငါထွက်ရင်ကောင်းမလား" ဆိုတော့ အဲဒါဟန်မကျဘူး။ ကုလားမလေးတွေ ဝင်တဲ့ ထွက်တဲ့ အပေါက်ဖြစ်နေတယ်။

"ထွက်ရင်လည်း မြေကြီးဝမ်းလျားထိုး ထွက်ရမှာဆိုတော့ သံတံတိုင်းကျော်ပြီး တက်တာပဲ ကောင်းပါတယ်" ဆိုပြီး အဲဒီနေ့က တံတိုင်းကို ကျော်တက်ခဲ့တယ်။

* * * * * * * * * * * * * * *

## အာဂျန္တာနှင့်ဧလိုရာ

ကမ္ဘာမှာ ဘာသာတရားတွေဟာ အလွန်အံ့သြစရာကောင်းတယ်။ ဖြစ်ရပ်တွေ ဆန်းကြယ်တယ်။ ဘုံဘေရဲ့ အရှေ့ဘက် ကီလိုမီတာ-၆၀၀ လောက် ကွာဝေးတဲ့နေရာမှာ တောထဲမှာ "အာဂျန္တာ" ဆိုတဲ့ လိုဏ်ဂူကြီးတွေ ရှိတယ်။ အဲဒီနေရာကို ဘုန်းကြီးတို့ရောက်ခဲ့တယ်။

မြန်မာပြည်က ဘုရားဖူးတွေ အရောက်နည်းတဲ့ နေရာတွေပဲ။ သမိုင်းကို စိတ်ဝင်စားတဲ့ သုတေသနသမားတွေပဲ သွားကြတယ်။

"ဧလိုရာ" ဆိုတဲ့ လိုဏ်ဂူကြီးတွေ တောကြီးထဲမှာ ဘုန်းကြီးတို့ ရောက်ခဲ့ပါတယ်။ "အာဂျန္တာ" ကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း-၂၀၀၀ လောက်က ရုပ်တု ဆင်းတု ကျောက်ပန်းပုတွေ။

တောထဲတောင်ထဲ ကျောက်တောင်ကြီးတွေကို လိုဏ်ထွင်ပြီးတော့ (ဖိုဝင်းတောင်သဘောမျိုးပေါ့) ကျောက်ကလိုဏ်ဂူကြီးတွေမှာ ရုပ်တုတွေ ထုထားတာ အံ့သြစရာပဲ။

"ဧလိုရာ"မှာတော့ ဘုရားရဲ့ ဖြစ်တော်စဉ် ဇာတ်တော်တစ်ခုရှိရင် ဂျိန်းဇာတ်တစ်ခု ဘေးနားမှာ ရှိတယ်။ ဘုန်းကြီးက စဉ်းစားတယ်။ "မူလတုန်းကတော့ ဗုဒ္ဓရဲ့ ဖြစ်တော်စဉ်တွေကို ထွင်းထုထားတဲ့ လိုဏ်ဂူတွေဖြစ်မယ်။ နောက်ကျတော့မှ ဂျိန်းတွေက အဲဒီနေရာမှာ ဗုဒ္ဓရဲ့ ဖြစ်တော်စဉ် ဇာတ်တော် တစ်ချို့ကို ဖျက်ဆီးပစ်လိုက်ပြီးတော့ သူတို့ ဇာတ်တော်တွေကို ထည့်သွင်းထားတာဖြစ်မယ်"လို့ ဘုန်းကြီးတို့က တွေးကြည့်မိတယ်။

အဲဒီလို ဖျက်ဆီးပြီးတော့ သူတို့ ဥစ္စာတွေ သွင်းခဲ့တာ အများကြီးပဲ။ "နိဂဏ္ဌနာဋပုတ္တဘုရားကြီးကို ပူဇော်ထားတာ"တဲ့။

ဂျိန်းဘုရားဆိုတာ တခြားမဟုတ်ဘူး။ ဘုန်းကြီးတို့ဟောထားတဲ့ "တိတ္ထိဆရာကြီး ခြောက်ယောက်"ထဲက "နိဂဏ္ဌနာဋပုတ္တ"ကို ပြောတာ။

အဲဒီ ဂျိန်းဘုရားကြီးကို ပူဇော်ဖို့ရန် ဆိုပြီးတော့ နိဂဏ္ဌနာဋပုတ္တဂျိန်းဘုရားကြီးရဲ့ ရှေ့မှာ အမျိုးသမီးနဲ့ အမျိုးသား ခါးမှာ အဝတ်မရှိကြဘူး။ ရုပ်ပုံတွေ အမျိုးမျိုး ထုထားတာ။

နှောင်းခေတ်မှာ “ကာမသျှတ္တရကျမ်း” အမျိုးမျိုးထွက်လာတာဟာ အဲဒီရုပ်ပုံတွေ ကူးချပြီးတော့ ထွက်လာသလားတော့ မသိပါဘူး၊ အလွန်ညစ်ညမ်းတဲ့ ပုံတွေ။

သူတို့ ဘုရားကို ပူဇော်တာတဲ့။ “ကာမဂုဏ်နဲ့ ပူဇော်ခြင်းသည် အမြတ်ဆုံးပူဇော်ခြင်း ဖြစ်တယ်” ဆိုပြီးတော့ အမျိုးသမီးနဲ့ အမျိုးသား တွဲစပ်နေတဲ့ ပုံစံမျိုးစုံနဲ့ သူတို့ ထုထားကြတာ။

* * * * * * * * * * * * * * *

## ကာမဂုဏ်နဲ့ ပူဇော်တဲ့ဂိုဏ်း

ဒါတွေဟာ ဗုဒ္ဓဘာသာထဲကို တဖြည်းဖြည်း ရောရောပြီးတော့ သွားတာ။ မြောက်ပိုင်း တိဘက်ဗုဒ္ဓဘာသာကျတော့ အဲဒါတွေ ရှိတယ်။ မဟာယာန ဗုဒ္ဓဘာသာကျတော့ “ဝေတုလ္လဂိုဏ်း” ဆိုတာ ရှိတယ်။ ဝေတုလ္လဂိုဏ်းက ကာမဂုဏ်နဲ့ ဘုရားကို ပူဇော်တဲ့ဂိုဏ်းပဲ။

အမျိုးသမီးတစ်ယောက်ဟာ မြတ်သော သားရတနာဖွားချင်တယ်၊ အလွန်တရာ ဉာဏ်ကြီးကျယ်တဲ့ သားရတနာကို ဖွားချင်တယ်ဆိုလို့ရှိရင် သူရဲ့ အမျိုးသားယောက်ျားနဲ့ ဘုရားဆီသွားပြီးတော့ ကာမဂုဏ်နဲ့ ပူဇော်ရတယ်။

ကာမဂုဏ်နဲ့ပူဇော်ပြီးပြီ ဆိုလို့ရှိရင် အနည်းဆုံးသုံးပေလောက်ရှိတဲ့ ဘုရားဆင်းတုတော် အဲဒီ ဘုရားဆင်းတုတော်အပေါ်မှာ ဒီအမျိုးသမီးက တက်ပြီးတော့ ထိုင်တယ်။

ထိုင်ပုံထိုင်နည်းက ဘုရားနဲ့ မျက်နှာချင်းအပ်ပြီးတော့ ဘုရားလည်ပင်းဖက်ပြီးတော့ ထိုင်တယ်။ ဒီလောက်ပဲ ပြောတာကောင်းပါတယ်။

အဓိပ္ပါယ်က မြတ်ဗုဒ္ဓထဲကနေ ဗောဓိဓာတ်ကို ကူးယူတာတဲ့။ ဒါမှ အမြတ်ဆုံးသားရတနာလေးဖွားမယ်။ တိဘက်တိုင်းပြည် တစ်ပြည်လုံး ယောကျ်ားမှန်သမျှ ဘုရားအလောင်းချည်းပဲ။ သူတို့က ဘုရားဆုပန်ထားကြတယ်။ ဘုရားဖြစ်အောင်ဆိုပြီး နည်းမျိုးစုံနဲ့ ကြံဖန်လုပ်ကြတာ။

ဘုန်းကြီးတို့ ပရိသတ်များက ဘုရားကြည်ညိုတယ်ဆိုတာ တကယ်မှန်ကန်တဲ့ သဒ္ဓါနဲ့ ကြည်ညိုကြတာ။ စနစ်ကျတယ်၊ သဒ္ဓါတရားဟာ အလွန်သန့်ရှင်းတယ်၊ မှန်မြတ်တယ်။

ဟိုမှာကျတော့ ဗုဒ္ဓဘာသာဆိုပေမယ့် အဲဒီလိုဟာတွေ အများကြီးပဲ။ သူတို့ သဒ္ဓါတရားဟာ သန့်ရှင်းတယ်လို့ ပြောဖို့ရန်ခက်တယ်။

* * * * * * * * * * * * * * *

## သူတို့ အနုပညာကို လေ့လာနေတာပါ

ဒီတော့ ဗောဓိခတ်ရအောင်, ဘုရားခတ်ရအောင်, ဝမ်းခေါင်းထဲ ကိန်းအောင်းတဲ့ သန္ဓေသားကလေး ဘုရားလောင်းလေး ဖြစ်လာအောင်ဆိုပြီး ဘုရားရှေ့ ကာမဂုဏ်ခံစားတဲ့ပုံ၊ ဘုရားကိုယ်တော်မြတ်ကို လည်ပင်းဖက်ပြီးတော့, မျက်နှာချင်းအပ်ပြီးတော့ အမျိုးသမီးက ထိုင်ထားတဲ့ပုံတွေကို ကြည့်ရတာဟာ အလွန်စိတ်ပျက်စရာ ကောင်းတယ်။

နီပေါမှာဆိုရင် ညစ်ညမ်းတဲ့ပုံတွေကို ကြေးရုပ်ကလေးများ ထုပြီးတော့ ဆိုင်ပေါ်တင်ပြီး ရောင်းသေးတယ်။ ဘုန်းကြီး မြန်မာပြည်ကလူတွေကို ပြလိုက်ချင်တာ။ ဘုရားကိုးကွယ်တာဟာ ဘယ်လောက်ညံ့ဖျင်းတဲ့ ကိုးကွယ်ခြင်းတွေ ဖြစ်နေတုန်းဆိုတာကို ပြောပြချင်လို့ပါ။

အဲဒီအရုပ်ကလေးကို ဘုန်းကြီးက ဟိုဘက်ကကြည့် ဒီဘက်ကကြည့် လုပ်နေတော့ ဘုန်းကြီးတို့ရဲ့ ပစ္စည်းလေးပါး ဒကာကြီး ဦးဘရီက "ဆရာတော် ဘာတွေ ရစ်သီ ရစ်သီလုပ်နေတုန်း"တဲ့။ လာမေးတယ်။ ဆိုင်ထဲမှာ နည်းတဲ့ အရုပ်တွေမှ မဟုတ်ဘဲ။ မျိုးစုံနေတာ။

ဘုန်းကြီးကလည်း "ဒကာကြီးရာ ဒါတွေကြည့်နေတာ မဟုတ်ပါဘူး။ သူတို့ရဲ့ အနုပညာတွေ လေ့လာနေတာပါ"လို့ ပြောလိုက်ရတယ်။ ဘုန်းကြီးတို့ ပရိသတ်များ ပြောစရာတွေအများကြီး ရှိတယ်။

* * * * * * * * * * * * * * * *

## ကိုင်ဆောင်တောင်ဖေ့း လိုလိုရာ ဆေးကြိတ်တယ်

ဘုန်းကြီးတို့တိုင်းပြည်မှာ အနှစ်ပြည့်တယ်။ အခြားတိုင်းပြည်မှာ ရတနာသုံးပါးရှိတယ်ဆိုပေမယ့် အနှစ်အပြည့်အဝ မရှိဘူး။

ဒီတော့ ခုနက ဘုရားရှိခိုးတာလည်း ဘယ်လိုလဲ။ မတ်တတ်ရပ်ကနေပြီးတော့ ဝမ်းလျားမှောက် ရှိခိုးကြတယ်။

တရားထိုင်တဲ့အခါမှာလည်း စည်း (သံချွင်)လေးတီးလိုက်၊ နဲလေးမှုတ်လိုက်နဲ့ တရားထိုင်ကြတယ်။ တရားထိုင်ပြီးတော့လည်း ညစာလေးလည်း ဘုရားရှေ့ထိုင်ပြီးတော့ စားလိုက်တယ်။

ဘုရားကိုယ်တော်မြတ်ကို ပူဇော်တဲ့အခါမှာလည်း ကာမဂုဏ်နဲ့ (ညစ်ညမ်းတဲ့အမှုအရာတွေနဲ့) ပူဇော်ကြတယ်။

ဒီကနေ့ခေတ်တော့ အဲဒါတွေက ဒါလောက်ခေတ်မစားဘူး၊ ခေတ်စားတဲ့အချိန်ကတော့ တကယ်ခေတ်စားခဲ့တာ။

"မဟန့်" ဆိုတဲ့ ဟိန္ဒူဘုန်းကြီးက ဒီမဟာဗောဓိစေတီတော်ကြီးဟာ "မဟာဒေဝ" နတ်မင်းကြီးကို ဂုဏ်ပြုပြီးတော့ တည်ထားတဲ့ စေတီပဲဆိုပြီး ဒီစေတီကြီးကို အပိုင်စီးထားတယ်။

စေတီတော်ကြီးရဲ့ အောက်လိုဏ်ဂူထဲမှာ သျှီဝနတ်မင်းကြီးရဲ့ 'လိင်အင်္ဂါပုံ' ကို လုပ်ထားတယ်။ မသိတဲ့ ပုဂ္ဂိုလ်တွေ ဘုရားဖူးများ သွားတွေ့လို့ရှိရင် "ဒါဟာ ဖော်ဂျီတပသီတွေ ဆေးကြိတ်တာပဲဟ" ဆိုပြီးတော့

အဲဒီနေရာမှာ သူတို့ ဘုရားပူဇော်တဲ့ ပန်းပွင့်လေးတွေ ကြိတ်ပြီးတော့ နဖူးတောင် သုတ်လာတယ်လို့ ကြားဖူးတယ်၊ ဘုရားဖူးမှားတာပဲ။ သတိထားကြပါ။

* * * * * * * * * * * * * * *

## ဘုရားဖူးတွေကို မှာလိုက်ပါရစေ

ဒါ့ကြောင့် မှာလိုက်စမ်းပါရစေ။ ဘုရားဖူးသွားမယ်ဆိုရင် အရုပ်မြင်တိုင်း ရှိမခိုးကြပါနဲ့။ အိန္ဒိယရောက်လို့ရှိရင်လေ အရုပ်တွေ့တိုင်း ဘုရားထင်ကာ ကုန်းပြီးတော့ ရှိမခိုးလိုက်ကြပါနဲ့၊ စုံစမ်းစစ်ဆေးပြီးမှ ရှိခိုးကြပါ။

ဆဋ္ဌသင်္ဂါယနာတင်တဲ့ အချိန်တုန်းက မြန်မာပြည်အစိုးရနဲ့ အိန္ဒိယအစိုးရတို့ အကြိတ်အနယ် ဆွေးနွေးပြီးတော့ အဲဒီမဟုတ်တဲ့ အတုအယောင်တွေကို အကုန်လုံးဗောဓိစေတီတော်ထဲက ထုတ်ပစ်ခဲ့ရတာ။

ဒီကနေ့တော့ ဗောဓိစေတီကြီးထဲမှ အဲဒီ "လိင်အင်္ဂါကြီး" မရှိတော့ပါဘူး။ သို့သော် စေတီတော်ကြီးထဲမှာ မရှိပေမယ့် စေတီရဲ့ အပြင်ဘက် ၁၅–ကိုက်၊ ကိုက်–၂၀ လောက်ကွာတဲ့ နေရာမှာ အုတ်တိုက်ကလေးတစ်ခုနဲ့ အဲဒါကြီး ရှိသေးတယ်။ အပြီးအပိုင် ဖယ်လို့မရဘူး။

ဘာကြောင့် ဖယ်မရသလဲဆိုတော့"မဟန့်" လို့ခေါ်တဲ့ ဟိန္ဒူဘုန်းကြီးက လက်မခံဘူး။ သူက ဒါကို အဖယ်မခံဘူး။ အတင်းအကြပ်ခံပြီး တရားစွဲချင်လည်း စွဲဆိုပြီး နေတော့ သူနဲ့ ရန်ဖြစ်နေရတာနဲ့ ဖယ်လို့ကို မရဘူး။

စေတီတော်ကြီးရဲ့ အတွင်းအပြင်မှာ ထုထားတဲ့ ဂျိန်းရုပ်တွေကိုတော့ အကုန်ဖယ်ပစ်လိုက်တယ်။ အဲဒါတွေကတော့ မရှိတော့ဘူး။ နှစ်ရုပ်တော့ကျန်တယ်။

"အ၀လောကိတေဆွာရ"လို့ ခေါ်တဲ့ နတ်ရုပ်တစ်ရုပ်ရယ်။ နောက်ပြီးတော့ ဘုရားလောင်း နတ်ရုပ်တစ်ရုပ်ရယ်။ အဲဒီနှစ်ရုပ်ကျတော့ ဗောဓိစေတီတော်ကြီးရဲ့ အရှေ့မုခ်က ၀ဲယာမှာ၊ အဲဒါကတော့ ခုအထိ ရှိသေးတယ်။

* * * * * * * * * * * * * * *

## အရိမေတ္တယျဘုရားအလောင်းတဲ့

တိဘက်ဘုန်းကြီးတွေနဲ့ တိဘက်ဗုဒ္ဓဘာသာအမျိုးသား အမျိုးသမီးတွေက ဗောဓိစေတီတော်ကြီးဆီ ရောက်လာလို့ရှိရင် စေတီတော်ကြီးကို ဦးသုံးကြိမ်ချ၊ ပြီးတော့ အခုနက အဝလောကိတေဆွာရ နတ်မင်းနဲ့ ဗောဓိသတ္တဘုရားအလောင်း အရုပ်ကို အထူးတလည် ပူဇော်ကြတာ၊ ဦးတိုက်ကြတာ။

ဗောဓိပင်ကို ဒါလောက် ဦးတိုက်တာမဟုတ်ဘူး။ အဲဒီဘုရားလောင်းကို သူတို့က အကြိတ်အနယ် ဦးတိုက်နေကြတာ။ သူဟာ "အရိမေတ္တယျဘုရားအလောင်းတဲ့"။ ဒီ အရိမေတ္တယျဘုရားအလောင်း ဘုရားဖြစ်တဲ့ အခါကျရင် သူတို့တိုင်းပြည်က ဘုရားလောင်းတွေ အကုန်လုံး အဲဒီမှာ "ဘုရားဆု" ပန်ကြမှာတဲ့။ နောင် အဆက်ဆက် ပွင့်သွားမည့် ဘုရားတွေဟာ တိဘက်ကချည်းပဲတဲ့။ အဲဒါ မှန်းသာကြည့်၊ ဟိုမှာ ဘုရားလောင်းတွေ အများကြီးပဲ။ ဘုန်းကြီးတို့ ပရိသတ်များ ဘုရားဆု ဘယ်နှစ်ခါ ပန်ဖူးလဲ။ တယ်ညံ့တာပဲ။ တိဘက်က ယောက်ျားမှန်သမျှ အကုန်လုံး ဘုရားလောင်းချည်းပဲတဲ့။

ဘုရားဓာတ်ရအောင်လည်း သူတို့နည်းနဲ့ သူတို့ ခုနက ပြောသလို ယူထားကြပေါ့။ ဒီမှာ ဘုန်းကြီးတို့ ပရိသတ် လူဖြစ်ရတာ အလွန်ကံကောင်းပါတယ်။ ဘာဖြစ်လို့ ကံကောင်းသလဲ။ ရတနာသုံးပါးအစစ်အမှန် ရှိနေလို့ပါ။

ရတနာ ၃ ပါးပြီးရင် သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာ ၃ ပါး။

သူတို့ရဲ့ သီလဆိုတာ ခုနက ပြောပြီးပါပြီ။ နဲ့လေးမှုတ်လိုက်၊ ညစာလေးစားလိုက်နဲ့ တရားအားထုတ်တဲ့ သီလမျိုးပဲ။ သမာဓိဆိုတာကလည်း ပညတ်ပေါ်မှာသာလျှင် များစွာရှုတဲ့ သမာဓိမျိုးပဲ။

* * * * * * * * * * * * * * *

## ဩစတြေးရီးယား အမျိုးသမီးတစ်ယောက် တရားထိုင်ပုံ

ဗောဓိပင်နားတရားထိုင်တဲ့ အမျိုးသမီးတစ်ယောက်ကို ဘုန်းကြီးက အသေအချာ ထိုင်ကြည့်ပြီးတော့ မေးခဲ့တယ်။

သူထိုင်တာက တင်ပျဉ်ခွေလေးရဲ့ အပေါ်မှာ ကြေးကွမ်းအစ် သဏ္ဌာန် ကြေးခွက်ကလေး တစ်ခုရှိတယ်။ အဲဒီ ကြေးကွမ်းအစ်အရွယ်အစားပဲ အဖုံးလေး ဖုံးထားတယ်။ အဲဒီအထဲမှာ မိုးကုတ်က ကျောက်အဖြုန်းကလေးတွေလို ကျောက်နီသေးသေးလေးတွေ ပါတယ်။

တချို့လည်း ဂျုံစေ့လေးတွေ ထည့်ထားတယ်။ တချို့လည်း ရွှေးစေ့ကလေးတွေ ထည့်ထားတယ်။ အမျိုးမျိုးပဲ။ အဲဒီလို ကြေးဖူးကလေးတွေနဲ့ လာကြတယ်။ ထိုင်ပြီးတော့ တော်တော်လေးကြာတော့ အဲဒီ အဖုံးလေးဆွဲဖွင့်၊ အထဲက ရွှေးစေ့ (သို့မဟုတ်) ဂျုံစေ့ (သို့မဟုတ်) ကျောက်ခဲလေးတွေ လက်တစ်ဆုပ်လောက် ဆွဲထုတ်လိုက်ပြီးတော့မှ အဖုံးလေးရဲ့ အောက်ပိုင်း မျက်နှာစာ မျက်နှာပြင်အထက်မှာ တစ်ခါတည်း အဲဒီလက်ထဲက ဥစ္စာတွေ ပုံပြီးတော့ ချလိုက်တယ်။

ပုံပြီးချလိုက်ပြီးတော့ တအားပွတ်တာပဲ။ ရှဲရှဲ ရှဲရှဲနဲ့နေအောင် ပွတ်တာပဲ။ ပွတ်လည်းပြီးရော ခုနက ဂျုံစေ့တို့ ကျောက်ခဲတို့ ရွှေးစေ့တို့ကို ဖယ်လိုက်တဲ့အခါ ခုနက ကြေးခွက်ကလေးများ ပွတ်ပါများတော့ ပြောင်ပြီးတော့ အရောင်တလက်လက်ထွက်နေတယ်။ တရားထိုင်တိုင်း ဒီလိုပဲ ပွတ်နေတာ။ အရောင်တလက်လက်ထွက်နေတဲ့ ဒီကြေးခွက်ကလေးရဲ့ မျက်နှာပြင်ကို ငုံ့ပြီးတော့ သူတို့ သေသေချာချာကြည့်တယ်။ ကြည့်ပြီးတော့ တစ်ခါ ပြန်ပိတ်၊ ပိတ်ပြီးတော့ တစ်ခါ ထိုင်ကြပြန်ရော။ တော်တော်ကြာဆွဲထုတ်ပြီးတော့ ပွတ်ကြပြန်ရော။ ကြည့်လိုက်ကြပြန်ရော။ ပြန်ပိတ်ပြီးတော့ ထိုင်လိုက်ကြပြန်ရော။ ဒီလို လုပ်နေကြတယ်။

* * * * * * * * * * * * * * *

## ဗောဓိဉာဏ်ရအောင် တရားထိုင်တာပါတဲ့

အမျိုးသမီးတစ်ယောက်ကို ချဉ်းကပ်ပြီးတော့ ဘုန်းကြီးက မေးကြည့်တယ်။ တိဘက် အမျိုးသမီးတော့ မဟုတ်ပါဘူး။ ဩစတြေးရီးယား အမျိုးသမီးတစ်ယောက် ဗောဓိပင်နား ထိုင်နေတာ။ သူ့ကို မေးကြည့်တယ်။

“မင်း အဲဒါ ဘာလုပ်နေတာလဲ”လို့ မေးတော့ “ဒါလေးတွေနဲ့ ပွတ်တာ တခြားမဟုတ်ပါဘူး။ တရားထိုင်လို့ရှိရင် တပည့်တော်တို့က ဗောဓိဓာတ်ရအောင် တရားထိုင်ကြတာ၊ ဗောဓိဉာဏ်ရအောင် တရားထိုင်တာဆိုတော့ ဟောဒီ ကြေးပြားလေးရဲ့ မျက်နှာပြင်မှာ တရားထိုင်ရင်း ထိုင်ရင်းနဲ့ ဗောဓိဉာဏ်ကို ရမယ်ဆိုတဲ့ ပုဂ္ဂိုလ် တစ်စုံတစ်ယောက်အတွက် တစ်စုံတစ်ခုသော အမှတ်အသားဟာ ဒီမှာ လာပြီးတော့ ထင်တယ်”တဲ့ သူက။

ဗောဓိညောင်ရွက် သဏ္ဍာန်ကလေး ထင်ချင်ထင်မယ်။ ပုဒ္မကြာဖူးလေး သဏ္ဍာန်လာပြီးတော့ ထင်ချင်ထင်မယ်။ ကြာပွင့်သဏ္ဍာန်လာပြီးတော့ ထင်ချင်ထင်မယ်။ အဲဒီလို တစ်စုံတစ်ခု ထင်လို့ရှိရင် သူတို့မှာ ထူးခြားတဲ့ တရားရပြီလို့ ဆရာများက ဒီလို ပြောထားပါတယ်တဲ့။

အဲဒါကြောင့်မို့လို့ တရားထိုင်ပြီး ဖွဲကောင်းကောင်းနဲ့ မကြာမကြာ ကြေးခွက်ထဲကနေ ကျောက်ခဲကလေးတွေ၊ ရွှေးစေ့ကလေးတွေ၊ ဂျုံစေ့ကလေးတွေ ထုတ်ထုတ်ပြီးတော့ ဒီကြေးပြားလေးကို ပွတ်ပွတ်ပေးရတာဟာ ခုနက အမှတ်လက္ခဏာပေါ်မလားလို့ ပွတ်ပြီးတော့ ကြည့်တာတဲ့။ သူတို့က ဒီလိုပြောတယ်။

ဒီတော့ ဘုန်းကြီးက စဉ်းစားတယ်။ ဒီနည်းလည်း တော်တော်တော့ ကောင်းသားပဲလို့။ ဘာဖြစ်လို့ ကောင်းသလဲ။ တရားထိုင်တဲ့နေရာမှာ ဖွဲကောင်းတယ်။

ဆရာကလှည့်စားပေးထားတာလား၊ တကယ့်အယူအဆလားတော့ မပြောတတ်ဘူး။ တကယ့်အယူအဆ ဖြစ်ကောင်းပါရဲ့။ ဆရာ လှည့်တာတော့ ဟုတ်မယ် မထင်ပါဘူး။

ဒီကြေးပြားလေးရဲ့ မျက်နှာပြင်ထက်မှာ ခုနက ကျောက်ခဲလေးနဲ့ ပွတ်တိုက်လို့ ဗောဓိညောင်ရွက်ကလေးပေါ်လာတယ်ဆိုရင် ဇကန်ပဲ ဒီပုဂ္ဂိုလ်ဟာ ဗောဓိဉာဏ်မကြာခင် ရမယ်။

ကြာဖူးလေးဆိုရင်တော့ ဇောဓိဉာဏ်ရဖို့ ဝေးသေးတယ်။ ကြာပွင့်ဆိုရင်တော့ "မင်းဟာ ဇောဓိဉာဏ် ရပြီ" တဲ့၊ ပွင့်လာပြီကိုး။

အဲဒီလို အထိမ်းအမှတ်တွေနဲ့ သူတို့က ထိုင်ကြတာဆိုပါလား။ ဒီတော့ သမာဓိစခန်း ကြိုးပမ်းတယ်ဆိုပေမယ့် "ပြည့်စုံသော သမာဓိ" မဟုတ်ဘူး။

သီလစခန်းကြိုးပမ်းတယ်ဆိုပေမယ့် "ပြည့်စုံတဲ့ သီလ" မရှိဘူး။ ပညာစခန်း ကြိုးပမ်းတယ်ဆိုပေမယ့် တကယ့် ပညာဉာဏ် မဟုတ်ကြဘူး။

* * * * * * * * * * * * * * *

## ရတနာဃရ ရွှေအိမ်သို့ ရောက်ခဲ့ပါသည်

ပြောလက်စနဲ့ ပြောပါဦးမယ်။ အဲဒီ ဇောဓိပင်ကြီးရဲ့ အနောက်မြောက်ယွန်းယွန်းမှာ "ရတနာဃရ ရွှေအိမ်" ဆိုတာ ရှိတယ်။ ဘုရားကိုယ်တော်မြတ် ဘုရားဖြစ်တော်မူပြီးတော့ လေးကြိမ်မြောက် သတ္တာဟအဖြစ် ရတနာဃရ ရွှေစံအိမ်မှာ စံတော်မူပါတယ်။

လေးကြိမ်မြောက် သတ္တာဟ ရတနာဃရ ရွှေအိမ်မှာ စံနေတော်မူပြီးတော့ ဘာဆင်ခြင် သုံးသပ်ပါသလဲဆိုရင် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဌာန်း၊ အဘိဓမ္မာ ၇–ကျမ်းကို ဆင်ခြင် သုံးသပ်တော်မူခဲ့တယ်။

ရှေ့ပိုင်း အဘိဓမ္မာ ၆–ကျမ်း ဆင်ခြင်တော်မူစဉ် ဘုရားရှင် ကိုယ်တော်မြတ်မှာ ရောင်ခြည်တော်ဓာတ်တွေ ပေါ်မလာဘူး။ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်ရယ်လို့ အဘိဓမ္မာ ၆ ကျမ်း စီဖြန်း သုံးသပ်တော်မူစဉ် ဘုရားရှင်ကိုယ်တော်မြတ်မှာ ရောင်ခြည်တော်ဓာတ်တွေ ပေါ်မလာသေးဘူးတဲ့။

"ဟေတု ပစ္စယော" အစရှိသည်ဖြင့် ပဋ္ဌာန်းဒေသနာကို စီးဖြန်းဆင်ခြင်တော်မူမှသာလျှင် ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ကိုယ်တော်မှ ရောင်ခြည်တော် ခြောက်သွယ်တို့သည် စကြာဝဠာအနှံ့ ပျံ့နှံ့ကွန့်မြူးတော်မူခဲ့ပါတယ်။

ရတနာဃရ စံအိမ်မှာ နေတော်မူစဉ် ရောင်ခြည်တော်ခြောက်ပါး ကွန့်မြူးတော်မူခဲ့တာဟာ ပဋ္ဌာန်းဒေသနာဆင်ခြင်လို့။

ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ် ဟောဒီ ရတနာဃရစံအိမ်မှာ ၇–ရက်လုံးလုံး သီတင်းသုံးတော်မူတုန်းက ပဋ္ဌာန်းဒေသနာတော်တွေကို ရောင်ခြည်တော်ကွန့်မြူးတော်မူသည်အထိ ဆင်ခြင် သုံးသပ်တော်မူခဲ့တယ်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကိုလည်း ဟောဒီမှာစီးဖြန်းဦးမယ်ဆိုပြီးတော့ ရတနာဃရရွှေအိမ် နေရာကို ရှာပြီး ဘုန်းကြီးက "ငါ ပဋ္ဌာန်းရွတ်မယ်" ဆိုပြီးတော့ သွားတာ။ ရတနာဃရ ရွှေအိမ်ကို တွေ့တဲ့အခါကျတော့ ကင်မရာအသေးလေး လွယ်အိတ်ထဲက ထုတ်ပြီးတော့ အဲဒါ ဓာတ်ပုံရိုက်တယ်။

ဝင်တဲ့အပေါက်ကို လိုက်ရှာပြန်တော့ တွေ့တယ်။ မြောက်ဘက်မှာ အပေါက်ရှိတယ်။ ၁၂-တောင် ပတ်လည်လောက်ရှိတဲ့ အုတ်တိုက်ကလေး၊ အမိုးမရှိပါဘူး။

မြန်မာပြည်မှာသာဆိုရင်တော့ ဒီလိုနေရာမျိုးဟာ ရွှေတဝင်းဝင်းဖြစ်နေမှာပဲ။ အခုတော့ အုတ်တိုက်ကလေးဟာ အမိုးလည်း မရှိဘူး။ မြောက်ဘက်လှည့်ထားတဲ့ တံခါးပေါက်ကနေ ဝင်မယ်လို့ ကြည့်လိုက်တော့ သင်္ကန်း တစ်ထည်က တံခါးကို တခါတည်း ပိတ်ထားတယ်။

* * * * * * * * * * * * * * *

## တိဘက်ဘုန်းတော်ကြီးတစ်ပါးနဲ့ တွေ့ရပြန်တယ်

ဝင်တဲ့တခါးအပေါက်မှာ သင်္ကန်းကြီးနဲ့ ပိတ်ထားတာတွေ့ရတော့ "အင်း အထဲမှာ တစ်စုံတစ်ယောက်တော့ ရှိတယ်နဲ့တူတယ်"လို့ တွေးပြီး အဲဒီသင်္ကန်းစကို အသာဆွဲလှန်ပြီး အထဲဝင်ကြည့်လိုက်တော့ တိဘက်ဘုန်းကြီးတစ်ပါး ထိုင်နေတော တွေ့ရတယ်။

တိဘက်ဘုန်းကြီး အထဲမှာ ဝင်ထိုင်နေတာတွေ့ရတော့ ဒီကိုယ်တော်ကြီး ဘာများ လုပ်သလဲဆိုပြီးတော့ လေ့လာကြည့်တယ်။

တိဘက်ဘုန်းကြီး ပါးစပ်က တိုးတိုးတိုးတိုးနဲ့ ရွတ်နေတဲ့အသံကိုလည်း ကြားရတယ်။ လက်ထဲမှာလည်းပဲ ပစ္စည်းလေးတစ်ခုကိုင်ပြီးတော့ သူလှုပ်နေတယ်။ အဲဒီ ပစ္စည်းလေးက တစ်တောင်လောက် အရိုးတပ်ထားတယ်၊ လုလုပပ ပန်းပုတွေနဲ့ ထွင်းပြီးတော့ထားတဲ့ အုန်းမှုတ်အရွယ်အစားလောက်ရှိတယ်။

အုန်းသီးသေးသေးလေး အရွယ်အစားလောက်ရှိတဲ့ သတ္တု ဗူးကလေးတစ်ဗူး၊ အောက်က အရိုးတပ်ထားတယ်။ ထပ်အလယ်တည့်တည့်က အသီးလေးနဲ့။ အဲဒီအသီးလေးမှာ ခလောက်ကလေးလိုပဲ ဘုလေးတစ်ခု တွဲလောင်းလေးဆွဲထားတယ်။

အရိုးအောက်က ကိုင်ပြီးတော့ သူက လက်နဲ့ ယမ်းနေတော့ အပေါ်က အသီးလေးဟာ လည်နေတယ်။ အဲဒါလေး လှည့်ယမ်းပြီးတော့ ကိုယ်တော်ကြီး ပါးစပ်ကနေ မန္တာန်တွေ ရွတ်နေတယ်။

ဘုန်းကြီးက အနားကပ်ပြီး စိုက်ပြီးတော့ နည်းနည်း နားထောင်ကြည့်တယ်။ အသံကိုကြားတော့ ကြားရတယ်။ ပီပီသသ မကြားရဘူး။ တဖြည်းဖြည်း တိုးတိုးတိုးတိုးသွားတော့ သူ့အနား နည်းနည်း တိုးလည်း တိုးလိုက်မိရော သူ့ပခုံးနား ဘုန်းကြီးခေါင်း ရောက်သွားတယ်။ အဲဒီတော့မှ အသံကို တော်တော်လေး ပီပီကြားရတယ်။

အသံကြားရအောင်ဆိုပြီး သူ့အနား တိုးတိုး တိုးတိုးပြီးတော့ ကပ်သွားတယ်။ အသံတော့ ပီပီသသလေး ကြားရတယ်။ အသံကြားရတာနဲ့အမျှ သူ့ကိုယ်က ထွက်လာတဲ့အနံ့ဟာ ဘုန်းကြီးအဖို့ ခေါင်းကိုက်မတက်ပါပဲ။

အနံ့အသက်ဟာ တော်တော်လေးဆိုးတယ်။ ဒီတိဘက်ဘုန်းကြီးဟာ ဘာကြောင့် အသားတွေ တင်းမာပြီးတော့ အနံ့တွေ နံနေတာလဲလို့ ဆိုတော့ အဲဒါကတော့ ဘုန်းကြီးကိုယ်တိုင် လက်တွေ့ ကျင့်သုံးခဲ့တာ။

ပြောရဦးမယ်။ နယူးဒေလီမှာ ချမ်းလွန်းလို့ ရေမချိုးဘဲနဲ့ ဘုန်းကြီးတော့ ဒီအတိုင်းကုပ်နေတာ။ အသားတွေလည်း တင်းပြီးတော့ ဖြစ်နေတယ်။ ရန်ကုန်က ဒကာမကြီးတစ်ယောက် သူက နယူးဒေလီရောက်နေတယ်။

အဲဒီဒကာမကြီးက ဘုန်းကြီးတို့ကို လာဖူးမျှော်ကန်တော့ပြီးတော့ လှူရန်လေးတွေ လှူပြီးတော့ "ဆရာတော်တွေ ဒီလောက်ချမ်းတဲ့အရပ်မှာ ဘယ်လိုလုပ်နေကြတုန်း"လို့ မေးတယ်။

"ဟာ ဘယ်လိုလုပ်နေရမလဲ၊ ဂွမ်းစောင်တွေရော ဝါဂွမ်းတွေရော အထပ်ထပ်ပတ်၊ ခေါင်းစွပ်တွေရော ခြေစွပ်တွေရော လက်အိတ်တွေရော အကုန်စွပ်နေရတာပေါ့ ဒကာမကြီး"လို့ ပြောလိုက်ရတယ်။

"အရှင်ဘုရား အဲဒါနဲ့ အချမ်းက မလုံဘူးဘုရား၊ အသားတွေလည်း ကွဲတတ်တယ်၊ တပည့်တော် အကြံပေးမယ်"။

"မုန်ညှင်းဆီကလေးများ လိမ်းလိမ်းပြီးတော့ အရှင်ဘုရား နေပူဆာလှုံပေးပါဘုရား၊ မုန်ညှင်းဆီလေးအသားကို ပါးပါးပွတ်ပြီးတော့ နေပူဆာလှုံပေး၊ အဲဒါ အချမ်းသိပ်ခံနိုင်တယ်၊ အသားလည်း မကွဲဘူး"တဲ့။ ဒကာမကြီးက အကြံပေးပါတယ်။

"အိန္ဒိယအမျိုးသားတွေ အားလုံးဟာ အခုလိုအေးတဲ့ရာသီဆိုရင် ဒီလိုပဲ မုန်ညှင်းဆီ လိမ်းကြတယ်။ တိဘက်တွေလည်း လိမ်းကြတယ်" တဲ့။

"ဒကာမကြီး ဘုန်းကြီးတို့မှာ မုန်ညှင်းဆီ မရှိဘူး" ပြောတော့ "အိန္ဒိယပြည်တစ်ပြည်လုံး မုန်ညှင်းဆီ အလွန်ပေါပါတယ်။ မော်တော်ကားနဲ့ စီးသွားလို့ရှိရင် လမ်းဘေးဝဲယာ မော်တော်ကားလမ်းဘေးတွေမှာ နေရာတိုင်းမှာ မုန်ညှင်းချည်းပဲ"တဲ့။

ဘုန်းကြီးက တမင်ပြောလိုက်တယ်။ "မုန်ညှင်းဆီ မရှိဘူး ဒကာမကြီး"လို့။ ညနေလည်းစောင်းရော မုန်ညှင်းဆီပုလင်းလေးကိုင်ပြီးတော့ အဲဒီဒကာမကြီး တစ်ခေါက်ပြန်လာတယ်။ တစ်ထွာလောက်ရှိတဲ့ မုန်ညှင်းဆီပုလင်းကို ဘုန်းကြီးကို ပေးပစ်ခဲ့တယ်။

"ကိုင်း ငါတော့ လိမ်းကြည့်မယ်" ဆိုပြီး ခြေသလုံးရယ်၊ လက်မောင်းရယ်၊ အဲဒါ မုန်ညှင်းဆီလေးနဲ့ နာနာပွတ်ပြီးတော့ နေပူဆာ ထွက်လှုံတယ်၊ အသားတင်းတာတွေ အကုန်ပျောက်ပြီးတော့ နေသာထိုင်သာ တော်တော်ရှိသွားတယ်။

ဒါပေမယ့် ည စောင်ခြုံပြီးတော့ အိပ်ပြီလည်း ဆိုရော နံလိုက်တဲ့ ဖြစ်ချင်း၊ စောင်ခြုံကို တခါတည်းဖွင့်ပြီး ခေါင်းကို အပြင်ထုတ် ထားရတယ်၊ တော်တော်ကို နံတာ။

နှစ်ရက်တစ်ခါ သုံးရက်တစ်ခါ လိမ်းမယ်ဆိုရင် ဒီကိုယ်တော့်အနား ဘယ်သူမှ ကပ်ချင်မှာ မဟုတ်တော့ဘူး။ အဲဒါနဲ့ ဒကာမကြီး ကုသိုလ်ဖြစ်အောင် မုန်ညှင်းဆီပုလင်းလက်ခံပြီးတော့ တစ်ခါပဲ လိမ်းတယ်။ နောက်ထပ် မလိမ်းတော့ဘူး။ နယူးဒေလီက ထွက်တော့ အဲဒီမုန်ညှင်းဆီပုလင်းကို နယူးဒေလီသံရုံးမှာ ထားခဲ့တယ်။

* * * * * * * * * * * * * * * *

## ဥုံ မဏိ ပဒ္မေ ဟုံနှင့် ပစ္စယော

ဒီတော့ ဒီတိဘက်ကိုယ်တော်ကြီး တစ်ကိုယ်လုံး နံနေတာ တခြားမဟုတ်ဘူး။ ချမ်းလွန်းလို့ ရေမချိုးတာရယ်၊ မုန်ညင်းဆီ တကိုယ်လုံး လိမ်းထားတာရယ်၊ အဝတ်တွေက အထူကြီးထပ်ပြီးတော့ ဝတ်ထားတာရယ်၊ အဲဒီအကြောင်းသုံးပါးကြောင့် ဒီကိုယ်တော်ကြီး နံနေတာလို့ ဘုန်းကြီးက သဘောကျသွားတယ်။

နံပေမယ့် သူ့မန္တာန်ရချင်တာနဲ့ အနားကပ်ပြီးတော့ နားစွင့်လိုက်တော့မှ မန္တာန်ရဲ့ အသံကို ဘုန်းကြီး ရလိုက်ပါတယ်။

"ဥုံ မဏိ ပဒ္မေ ဟုံ" တဲ့။

အဲဒါ တိဘက်ဘုန်းကြီး ရွတ်တဲ့မန္တာန်နော်။ ထပ်ခါထပ်ခါ ရွတ်ပြီးတော့ လက်ထဲက သတ္တုဖူးကလေးကို ယမ်းပြီးတော့ သူက လှုပ်နေတာ။ ဒါပဲ ထပ်ခါ ထပ်ခါ ရွတ်နေတယ်။ "မန္တာန်တော့ရပြီ" ဆိုပြီးတော့ ဒိုင်ယာရီထဲ ရေးမှတ်ထားလိုက်တယ်။

မှတ်ထားပြီးတော့ ဘုန်းကြီးလည်း ဒီရတနာဃရ ရွှေအိမ်ထဲမှာ ဘုရားရှင်ကိုယ်တော်မြတ်ကို ပဋ္ဌာန်းဒေသနာတော်နဲ့ ပူဇော်ချင်တာ။ ဒီကိုယ်တော်ကြီးကလည်း ပြီးပဲ မပြီးနိုင်ဘူး။ သူဘယ်တော့ ပြီးမလဲလို့ စောင့်နေတာ မပြီးဘူး။

"မပြီးလည်း နေတော့ကွာ၊ ငါလည်း တစ်ထောင့်ကထိုင်၊ မင်းလည်း တစ်ထောင့်က ထိုင်" ဆိုပြီး ၁၂–တောင်လောက်ရှိတဲ့ တိုက်ကလေးထဲ သူက တစ်ထောင့်က ထိုင်၊ ဘုန်းကြီးလည်း ထောင့်တစ်နေရာ ဝင်ထိုင်ပြီးတော့ ဘုရားကိုယ်တော်မြတ်ကို အားပါးတရ ရှိခိုးပူဇော်ကန်တော့ပြီး ဇောခိပင်ဘက်လှည့်ပြီးတော့ ဘုန်းကြီးက ပဋ္ဌာန်းဒေသနာကို ရွတ်ပါတယ်။

"ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော"လို့ ရွတ်လိုက်တာ။

လွန်လေပြီးတဲ့ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်တုန်းက ဘုရားရှင်ကိုယ်တော်မြတ် ဤနေရာမှာ ထိုင်နေတော်မူပြီးတော့ ပဋ္ဌာန်းဒေသနာတော်ကို ဒီလို ဆင်ခြင်သုံးသပ်တော်မူခဲ့လို့ ရောင်ခြည်တော်ခြောက်ပါး ကွန့်မြူးတော်မူခဲ့ပါတယ်။ အာရုံယူပြီးတော့ ဘုန်းကြီးက ပဋ္ဌာန်းကို ခပ်တိုးတိုး ရွတ်နေတာ။

ဟိုဘက်က ကိုယ်တော်ကြီး ရွတ်နေတဲ့ "ဥုံ မဏိ ပဒ္မေ ဟုံ"က နားထဲ ဝင်ဝင်လာတယ်။ ကိုယ်ရွတ်နေတဲ့ ပဋ္ဌာန်း ပျောက်ပျောက်သွားတယ်။ ခက်တော့တာပဲ။ "ဥုံ မဏိ ပဒ္မေ ဟုံ" အသံက ကျယ်ကျယ်လာ၊ ကိုယ့်ပဋ္ဌာန်းက ပျောက်သွား။

"ငါတော့ သူ့ကို နိုင်အောင်ချမှ ဖြစ်မယ်" ဆိုပြီးတော့ ယခု ပလ္လင်ပေါ်က ရွတ်သလိုပေါ့။ အသံကို ခပ်ကျယ်ကျယ်ထုတ်ပြီးတော့ ဘုန်းကြီးက တအား အော်တော့တာကိုး။

ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ တိုက်ကလေးထဲမှာ သူက "ဥုံ မဏိ ပဒ္မေ ဟုံ"၊ ဒီဘက်က "ပစ္စယော" "ပစ္စယော"နဲ့ တအားကြီးချနေတော့ သူ စိတ်ပျက်သွားတယ် ထင်တယ်။ လက်ထဲက ခုနက အုန်းမှုတ်ခွက်လိုဟာလေး အသာချ၊ တင်ပျဉ်ခွေ ထိုင်ပြီးတော့ ဘုန်းကြီးကို ကြည့်နေတယ်။

* * * * * * * * * * * * * * *

## "ဥုံ မဏိ ပဒ္မေ ဟုံ" ရဲ့ အဓိပ္ပာယ်

သူ့ "ဥုံ မဏိ ပဒ္မေ ဟုံ" ကို မရွတ်တော့ဘူး။ ထိုင်ကြည့်နေတယ်။ အဲဒီတော့မှ ဘုန်းကြီးက မြတ်စွာဘုရားအား အားပါးတရ ပဋ္ဌာန်းပစ္စယနိဒ္ဒေသကို ရွတ်ဆိုပူဇော်ပြီး ထပြီးတော့ သူ့ကို နှုတ်ဆက်တယ်။

"ကိုယ်တော် ဘယ်တိုင်းပြည်က လာသလဲ"လို့ အင်္ဂလိပ်လို မေးကြည့်တော့ သူ ပြန်မပြောဘူး။ သူလည်း မတတ်ဘူး။ ဘုန်းကြီးကလည်း တိဘက်စကား မတတ်ဘူး။ ပါဠိလို မေးကြည့်တောလည်း မရဘူး။

ရတနာဃရ ရွှေအိမ်က ထွက်လာခဲ့ပြီးတော့ တည်းခိုတဲ့ကျောင်း ရောက်တဲ့အခါ နီပေါက ဘုန်းကြီးတို့နဲ့ အတူတူ လိုက်လာတဲ့ နီပေါဘုန်းကြီးတစ်ပါးကို ဘုန်းကြီးကမေးကြည့်တယ်။

"အရှင်ဘုရား တပည့်တော် တိဘက်ကိုယ်တော်ကြီးဆီက မန္တာန်တစ်ခု ရခဲ့တယ်။ အဲဒီမန္တာန်ရဲ့ အဓိပ္ပာယ်ကို ပြောပြစမ်းပါ" ဆိုတော့ သူက ပြောပြတယ်။ "ဥုံ မဏိ ပဒ္မေ ဟုံ ဆိုတာ တခြားမဟုတ်ပါဘူး၊ မဏိဆိုတာ အရှင်ဘုရားတို့သိပါတယ်။ ပတ္တမြား။ မြေကြီးကထွက်တဲ့ ကျောက်မျက်ရတနာအားလုံးတို့တွင် ပတ္တမြားဆိုတဲ့ ကျောက်မျက်ရတနာဟာ သူတို့ တိဘက်တိုင်းပြည်မှာတော့ "အမြတ်ဆုံးရတနာပဲ" တဲ့။

မြေကြီးကထွက်တဲ့ ကျောက်အားလုံးတို့တွင် ပတ္တမြားဆိုသော ကျောက်သည် အမြတ်ဆုံးဖြစ်သလိုပဲ လူသားထဲက ပေါက်ဖွားလာတဲ့ ဗုဒ္ဓဟာလည်းပဲ လူသားတကာ လူသားတို့တွင် အမြတ်ဆုံးလူသားတစ်ယောက်ပဲ၊ အဲဒါကြောင့် "မဏိ"ဆိုတာ "မြတ်ဗုဒ္ဓ"ကို တင်စားပြောတာ တဲ့။ အလွန်လျှို့ဝှက်တဲ့ဂါထာ။

ပဒ္မေဆိုတာက ပဒုမ္မာကြာ၊ "ပဒုမ" ကို သူတို့က ပီပီမရွတ်ဘူးတဲ့။ ပဒ္မေ လို့ ရွတ်တယ်တဲ့။ "ဟုံ" ဆိုတာက "ဖြစ်လာတယ်ဆိုတဲ့အဓိပ္ပာယ်"တဲ့။ ပဒ္မေ–ပဒုမ္မာကြာထဲက ပေါ်ပေါက်လာပါတယ်တဲ့။

"ပတ္တမြားရတနာနှင့်တူသော ဗုဒ္ဓကိုယ်တော်သည် ပဒုမ္မာကြာပွင့်ကြီးထဲက ဖြစ်ထွန်းပေါ်ပေါက်လာသလိုပဲ အကျွန်ုပ်ရဲ့ နှလုံးအိမ်မှာလည်းပဲ ဗောဓိဉာဏ်သည် ဖြစ်ထွန်းပါစေ"။ "အဲဒီ အဓိပ္ပာယ်ကိုဆောင်တဲ့ မန္တာန်ပါပဲ" တဲ့။ "အဲဒီ မန္တာန်ရွတ်ပြီးတော့ ဗောဓိဓာတ်ယူတာ။ သူတို့က ဗောဓိဉာဏ်ရဖို့ရန် သူတို့က မန္တာန်ရွတ်တာ" တဲ့။ "မန္တာန်ရွတ်လို့ ဗောဓိဉာဏ်ရမယ်တဲ့လား"။ စဉ်းစားကြည့်။ သဘာဝ မကျဘူး။

ဗောဓိဉာဏ်ရအောင် ဘာလုပ်ရမလဲ။ ဗုဒ္ဓရဲ့အကျင့်ကို ကျင့်ပေါ့။ မဂ္ဂင်ရှစ်ပါး၊ သိက္ခာသုံးပါး ကျင့်ပေါ့။ သိက္ခာသုံးပါးကို အကျင့်တရား ဘေးဖယ်ထားပြီးတော့ အဲဒီတိဘက်ကိုယ်တော်ကြီးက ဗောဓိဉာဏ်ကို မန္တာန်နဲ့ ယူတယ်တဲ့။ ဘာမှ အဓိပ္ပာယ်မရှိဘူး။

သူတို့ ပုတီးစိပ်လည်း အဲဒါပဲ။ တိဘက်ကလေး၊ လူကြီး၊ မိန်းမ၊ ယောကျ်ားအားလုံး ပုတီးနဲ့ချည်းပဲ။ ဗောဓိပင်တပတ်လည် ပုတီးစိပ်လည်း တခြားဘာမှ မစိပ်ဘူး။

"ဥုံ မဏိ ပဒ္မေ ဟုံ" ဆိုပြီး ပုတီးလုံးရေတွေကို ချနေတာပဲ။ ဘုန်းကြီးတို့ကတော့ " အရဟံ အရဟံ" နဲ့ ဒီလိုသွားတာ။

ဒီတော့ ပုတီးစိပ်တာလည်း မန္တာန်ပဲ။ ဗောဓိဉာဏ်ရအောင် အားထုတ်တာလည်း မန္တာန်ပဲ။ ဘယ်မှာလဲ၊ သိက္ခာသုံးပါးဆိုတာ။

သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးဆိုတာ ဟန်ပဲရှိတယ်၊ တကယ်အမှန်မရှိဘူး။

ဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်များရဲ့ နှလုံးသားထဲမှာ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးစုံ ရှိပါတယ်။

ဟိုမှာကတော့ သိက္ခာသုံးပါးရှိတယ်ဆိုပေမယ့် တချို့ရှိတယ်။ တချို့ မရှိဘူး။ အပြည့်အစုံ မရှိရာကြဘူး။

## ချီးကျူးစရာ အချက်တော့ရှိတယ်

ဘာကိုတော့ ကျေးဇူးတင်ရမလဲဆိုလို့ရှိရင် ဘုရားကိုယ်တော်မြတ်ကို ကြည်ညိုတယ်ဆိုတဲ့ နေရာမှာတော့ သူတို့ကို ချီးကျူးရမယ်။

အဲဒီလို ဘုရားကို ကြည်ညိုတဲ့စိတ်ကလေး ရှိနေတာသည်ပင်လျှင် သူတို့အတွက် အဖိုးတန်လှပြီလို့ ချီးကျူးရမယ်။

အဲဒီစိတ်ကလေးပျောက်ရင်တော့ ကုန်ရော။ ဗုဒ္ဓဘာသာဟာ မကျန်တော့ဘူး။ အဲဒီစိတ်ဓာတ်ကတော့ သူတို့မှာ သိပ်ခိုင်မာကြတယ်။

ဘာကြောင့် ဘုရားကို ကြည်ညိုတဲ့စိတ် ပြင်းပြသလဲဆိုလို့ရှိရင် ဘုရားကိုယ်တော်မြတ်ကို ရှိခိုးတဲ့နေရာမှာ ခုနက ပြောပြထားတယ်။

မတ်တပ်ရပ်ကနေပြီးတော့ ခေါင်းပေါ် မြှောက်၍ လက်အုပ်ချီ နဖူးသို့ တစ်ဆင့်ချ၊ မေးစေ့သို့ တစ်ဆင့်ချ၊ ရင်ဘတ်သို့ တစ်ဆင့်လျှောပြီးတော့ လက်နှစ်ဖက်ကို ဆန့်၊ ပြီးတော့ ရှေ့ပစ်ပြီး၊ ဝမ်းလျားမှောက်ချလိုက်တာ။ နောက်တစ်ခါ ပြန်ထ၊ ဒီအတိုင်း ရှိခိုး။ နောက်တစ်ကြိမ်ပြန်ထ၊ ဒီအတိုင်း ရှိခိုး၊ အဲဒါ မြေကြီးပေါ်က သမံတလင်းပေါ်မှာ။

မြက်ပေါ်မှာဆိုရင် ရှေ့ပိုင်းတစ်ကိုယ်လုံးဟာ ပေကျံနေတာပဲ။ ဆောင်းတွင်းကြီး ချမ်းချမ်းစီးစီးနဲ့ အဲဒီလိုရှိခိုးနေတဲ့ လူတွေ ဇောဓိပင်နားမှာ အများကြီးပဲ။

မတ်တပ်ထလိုက်၊ ဖုံးကနဲ ဝမ်းလျားမှောက်လိုက် မတ်တပ်ထလိုက် ဖုံးကနဲ ဝမ်းလျားမှောက်လိုက် ဒီလိုလုပ်နေကြတဲ့လူတွေဟာ နည်းတာမဟုတ်ဘူး။ အင်္ဂလိပ်တွေလည်း အဲဒီအထဲဝင် လုပ်ကြတာပဲ။ အမေရိကန်တွေလည်း ဒီဂိုဏ်းထဲဝင် ဒီလိုလုပ်ကြတာပဲ။

အဲဒီလို ရှိခိုးနေကြတဲ့ လူထုကြီးတွေကိုကြည့်ပြီးတော့ ဘုန်းကြီး စဉ်းစားမိတယ်။ "သြော် သဒ္ဓါတရားများကောင်းလိုက်တာ၊ ဘုရားကြည်ညိုလို့ ရှိခိုးတယ်ဆိုတဲ့နေရာမှာ ဒီလောကကို သူတို့က အားပါးတရကြီး ရှိခိုးကြတာပဲ"လို့ တွေးမိတယ်။

ဘုန်းကြီးတို့ မြန်မာများ ရှိခိုးတာကတော့ တံတောင်ဆစ်ဟာ မြေကြီးကို ထိချင်မှထိ၊ ဒူးကလည်း ထိချင်မှထိ၊ အဆင်မပြေဘူး။

တစ်ချို့ ရှိခိုးကြတာဆိုရင် နွေရာသီ ပူပူလောင်လောင် လမ်းပေါ်က ရေညှော်ကောင်နဲ့ တယ်ပြီးတော့ တူတာပဲ။ ကြည့်လို့မကောင်းဘူး။

ထိခြင်း ငါးပါးဆိုတဲ့ ရှိခိုးနည်း ပေးထားတယ် မဟုတ်လား။ သူတို့ ရှိခိုးတာက ဝမ်းလျားမှောက်ထားတာ။ ငါးပါးမကဘူး၊ အကုန်လုံးထိနေတယ်။

ဘုန်းကြီးတို့ ပရိသတ်များလည်း ထိခြင်း ၅ ပါးထိအောင် ကြိုးစားကြစမ်းပါ။

"လက်ချ၊ ဒူးချ၊ တံတောင်ချ၊ နဖူးကျစေ ဦးချလေ"။

ဒကာကြီးများဆိုလို့ရှိရင် ဆောင့်ကြောင့်ထိုင်ပြီးတော့ လက်အုပ်ချီလိုက်၊ ပြီးတော့မှ လက်ချ၊ လက်ဖဝါးနှစ်ဖက်ထောက်ပြီးတော့ ဒူးနှစ်ဖက်ချ။ ပြီးတော့မှ တံတောင်နှစ်ဖက် ကျပါစေ။ အဲဒီ တံတောင်နှစ်ဖက်သာမကျရင် ခုနက ရေသွင့်ကောင်အတိုင်းပဲ။

ဘုန်းကြီးတို့မြန်မာတွေ သဒ္ဒါတရား ဘယ်လောက်ပဲ ကောင်းတယ်ပြောပြော၊ တိဘက်က ကာတွေ ဒကာမတွေ ဦးချတာမျိုးကိုတော့ မလုပ်နိုင်ကြဘူး။

* * * * * * * * * * * * * * * *

## ရှစ်သောင်းလေးထောင် ဦးချနိုင်ရင်

ဦးချတဲ့နေရာမှာ အဲဒီလိုသဒ္ဒါတရား သိပ်ကောင်းတော့ တစ်ချို့လူများကိုတော့ ဘုန်းကြီးက သနားမိတယ်။ ဖိုက်စူစူကြီးတွေနဲ့ ဝပြီးနေတဲ့ တိဘက်အဘိုးကြီးတွေ အဘွားကြီးတွေ အဲဒီဘုရားအနားမှာ ရှိခိုးတာကြည့်ပြီးတော့ ဘုန်းကြီးသနားတယ်။

မတ်တပ်ရပ်ပြီးတော့ ခုနက ပြောသလို လက်နှစ်ဖက်မြှောက်၊ လက်အုပ်ချီ၊ နဖူးပေါ် တင်ပြီးတော့မှ မေးစေ့ချ။

ပြီးတော့ ရင်ဘတ်ထိအောင်ချ၊ ရှေ့လက်ပစ်ပြီးတော့ ဝမ်းလျားလည်းမှောက်လိုက်ရော အဲဒီဗိုက်ကြီးစူပြီး ဝနေတဲ့ အဘိုးကြီးနဲ့ အဘွားကြီးဟာ တကတည်း တစ်မျိုးကြီးကို ဖြစ်နေတာပဲ။ ဘောလုံးပေါ်မှာ တက်ပြီးတော့ မှောက်ထားသလိုဖြစ်နေတယ်။ လိမ့်တိမ့်လိမ့်တိမ့်နဲ့ ဖြစ်နေတယ်။

သူတို့က ဂါဝန်အရှည်ကြီးတွေဝတ်ကြတာဆိုတော့ တစ်မျိုးကြီးပဲ။ သူတို့ရှိခိုးနေတာ နောက်ကနေ သွားပြီးတော့ မကြည့်ညိုလိုက်ကြပါနဲ့။

ရှေ့ကနေကြည့်ပြီး ကြည်ညိုမယ်ဆိုရင် တော်တော် ကြည်ညိုစရာကောင်းတယ်။ ရှေ့နားမှာ ပုတီးလေးက ချထားတယ်။ လက်ဖျားနဲ့ ထိပ်နားမှာ ပုတီးလုံးလေးက ချထားတယ်။ တစ်ကြိမ်ဦးချပြီးရင် သူတို့က ပုတီးတစ်လုံးဆွဲလိုက်တယ်။ တစ်ကြိမ်ပြီးတိုင်း ပုတီးတစ်လုံး ဆွဲလိုက်တယ်။

တော်တော်လေး အချိန်ကြာတော့ အဘိုးကြီးတစ်ယောက် နဖူးက ချွေးတွေ ကျလာတယ်။ နဖူးက ချွေးတွေသုတ်ပြီးတော့ ဦးချ။ ဒီတိဘက်အဘိုးကြီးတွေ အဘွားကြီးတွေကို ငါမေးလို့ ရမှာမဟုတ်ဘူး။ သူတို့က တိဘက်လိုပြောရင် ငါက တိဘက်လိုနားမလည်တော့ မဖြစ်သေးဘူး။

မေးလို့ရတဲ့ အီတလီက လူကို သွားမေးမှပဲဆိုပြီးတော့ မေးလိုက်တယ်။

“ဒါလောက်တောင် မင်းတို့က ကြိမ်ဖန်များစွာ တစ်မနက်လုံး တစ်နေ့လုံး တစ်ညလုံးရရှိခိုးနေကြတာဟာ ဘာကြောင့်လဲ။ အကြိမ်တွေ များလိုက်တာ” လို့ .....

အဲဒီလူက “တပည့်တော်တို့ ဆရာက သင်ပေးထားတယ်၊ အကြိမ်ပေါင်း ရှစ်သောင်းလေးထောင် ရှိခိုးနိုင်ရင် အပါယ်လေးပါး တံခါးပိတ်တယ်”လို့ ပြောတယ်။

သူတို့ သဒ္ဓါတရားက ဒီလိုလာတာ။ အချို့များ ရှစ်သောင်းလေးထောင်ကျော်လို့ တစ်သိန်းတောင် ရောက်နေပြီ။ သူတို့ရဲ့ သဒ္ဓါတရား ဘယ်လောက်ကောင်းသလဲ။ "အသက်ခန္ဓာ စွန့်ချင်စွန့်ရပါစေ" ဆိုတဲ့ စိတ်ဓာတ်နှင့် ရှိခိုးနေကြတာ။ သို့သော် ဉာဏ်မပါဘူး။

* * * * * * * * * * * * * * *

## အသိဉာဏ်မပါသော ယုံကြည်မှု

ဗလဝသဒ္ဓေါ၊ သဒ္ဓါတရားအားကောင်းပြီးတော့။ မန္ဒပညော၊ ပညာနည်းကြပြီဆိုရင်။ မုဓပ္ပသန္နော၊ အချည်းနှီး အကျိုးမရှိတဲ့နေရာမှာ ယုံကြည်တတ်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။

သဒ္ဓါတရားက အလွန်အားကောင်းပြီးတော့ အသိဉာဏ်နည်းရင် အကျိုးမရှိ အချည်းနှီးကိစ္စတွေမှာ ယုံကြည်တတ်ကြသည်။

ရှစ်သောင်းလေးထောင် ဝမ်းလျားမှောက်၍ ရှိခိုးခြင်းဖြင့် အပါယ်လေးပါးမှ သူတို့ လွတ်တဲ့လို့ ယုံကြည်ထားကြတယ်။ သူတို့ရဲ့ စရဏ (အကျင့်) ဆိုတာဟာ အဲဒီလောက်ပဲ ရှိပါတယ်။

* * * * * * * * * * * * * * *

## ကံကောင်းကြတဲ့ မြန်မာ

မြန်မာပြည်က ပုဂ္ဂိုလ်တွေရဲ့ စရဏပိုင်းကျတော့ ရုပ်နာမ်ရဲ့ လက္ခဏာဖောက်ထွင်းသိမြင်နိုင်တဲ့အထိ ဆင်ခြင်သုံးသပ်နိုင်ကြတယ်။ အဲဒီလို အသိဉာဏ်ကောင်းစွာရတဲ့ လူ့အဖြစ်ကို ဘုန်းကြီးတို့ ရရှိနေကြတယ်။ အသိဉာဏ်မပါသော ယုံကြည်မှုကို အကန်းယုံကြည်မှုလို့ ခေါ်တယ်။ ယုံကြည်မှုမပါဘဲနဲ့ အသိဉာဏ်သက်သက်ပဲဆိုလို့ရှိရင် ပန်းတိုင် မရောက်နိုင်ဘူး။

အသိဉာဏ်ဘက်ကို သိပ်ဦးတည်သွားတယ်။ သဒ္ဓါတရားမပါဘူးဆိုရင်လည်းပဲ အဲဒါ အကျင့်ထဲ မရောက်တော့ဘူး။ ဝေဖန်နေတာနဲ့ သူ အချိန်ကုန်တယ်။

* * * * * * * * * * * * * * *

## ဗုဒ္ဓဘာသာသည် Religion မဟုတ်

ဒါကြောင့် ဘုန်းကြီးတို့ နယူးဒေလီတရားပွဲမှာ ဒကာတစ်ယောက်က "အရှင်ဘုရား ဗုဒ္ဓဘာသာကို **Religion** (ရီလီဂျင်း) လို့ ဆိုနိုင်ပါသလား"လို့ မေးတယ်။ **Religion** ဆိုတာ "ဘာသာတရား"လို့ ဒီလို ဆိုကြတာကိုး။

**Buddhism is not Religion.** ဗုဒ္ဓဘာသာဟာ ရီးဂျင်း မဟုတ်ဘူး။

"**Religion** မဟုတ်ရင် အရှင်ဘုရား ဘာလို့ ပြောချင်တုန်း"။ ဒီတော့ ဘုန်းကြီးက ပြောလိုက်တယ်။

"ဗုဒ္ဓဘာသာဟာ ကျင့်စဉ်တစ်မျိုးပါ"။

" **Religion** ကတော့ ကျင့်စဉ်မဟုတ်ဘူးလား"တဲ့ သူက ထပ်မေးတယ်။

**Religion** ဟာ ကျင့်စဉ်မဟုတ်ပါဘူး။ ဆိုတဲ့ ဘာသာမှာ ကျင့်စဉ်ကို မပါဘူး။ **Religion** လို့ ခေါ်တဲ့ ဘာသာတိုင်းမှာ ကျင့်စဉ်မပါဘူး။

**Religion** မှာ ယုံကြည်ခြင်း၊ ရှိခိုးခြင်း၊ ဆုတောင်းခြင်းတို့ပဲ ရှိတယ်။

မကောင်းတာတွေ အကုန်လုပ်၊ အပြစ်မှ လွတ်ဖို့ရန် ဆုတောင်း။ ကောင်းမှုတွေလုပ်ချင်လည်းလုပ်၊ မလုပ်ချင်လည်းနေ၊ ချမ်းသာသုခကို ဘုရားသခင်က ချပေးပါလို့ ဆုတောင်း။

ယုံကြည်မှုနှင့် ဆုတောင်းခြင်းသာလျှင် ပဓာနထားတဲ့ဘာသာကို Religion လို့ ခေါ်ပါတယ်။ ယုံကြည်မှုနှင့် ဆုတောင်းမှုကို ပဓာနမထားဘဲနဲ့ အကျင့်ကိုသာ ပဓာနထားတဲ့ ဘာသာသည် ဗုဒ္ဓဘာသာပါ။

အဲဒီလူက ထပ်မေးတယ်။ "ဗုဒ္ဓဘာသာသည် **Philosophy** (ဖီလိုဆိုဖီ)လို့ ဆိုရင်ကော ဆိုနိုင်ပါသလား" တဲ့။

"မဆိုနိုင်ပါဘူး။ ဗုဒ္ဓဘာသာကို **Philosophy** လို့လည်း တစ်ဖက်သတ် မပြောနိုင်ပါဘူး။ **Philosophy** ဆိုတာ အသိသက်သက်ပဲ ဖြစ်တယ်။ **Philosophy** မှာ အကျင့် (စရဏ) မပါဘူး"။

**Religion** က ယုံကြည်မှုသက်သက်။ **Philosophy** က အသိဉာဏ်သက်သက်။ အဲဒီနှစ်ခုစလုံးမှာ"အကျင့်တရား" မပါကြဘူး။

ဗုဒ္ဓဘာသာဆိုတာ ယုံကြည်မှုနှင့် အသိဉာဏ်ပေါင်းစပ်ပြီးတော့ ကျင့်ရတဲ့ တရား။

ယုံကြည်မှုနှင့် အသိဉာဏ်ပေါင်းစပ်ပြီး ကျင့်တော့ မိမိရဲ့ နှလုံးသားထဲက ယုတ်မာတဲ့ ကိလေသာတွေ အကုန်လုံး ရှင်းသွားတယ်။ အဲဒီ ယုတ်ညံ့တဲ့ ကိလေသာတွေ ရှင်းသွားတဲ့ အခါ ချမ်းသာသုခကို တကယ်ရတာပါပဲ။

"မိမိရဲ့ ယုတ်ညံ့မှုတွေကို မိမိကိုယ်တိုင် သန့်ရှင်းအောင် လုပ်ရပါတယ်။ မိမိစိတ်ဓာတ်ရဲ့ တိုးတက်ဖွံ့ဖြိုးမှုကို မိမိကိုယ်တိုင်ကြိုးစားယူရပါတယ်။ အလွန်တန်ခိုးထက်မြက်တဲ့ စိတ်စေတသိက်တို့ကို အသုံးချကျင့်ရတာဟာ ဗုဒ္ဓဘာသာပဲ"လို့ ဘုန်းကြီးက ပြောလိုက်ပါတယ်။

နယူးဒေလီမှာ နေ့ခင်းပိုင်း ဟောတဲ့တရားပွဲမှာ အဲဒီမေးခွန်းကို ဖြေပြီးတော့ အဲဒီနေ့မှာပဲ အိန္ဒိယရေဒီယိုအသံလွှင့်ဌာနက လာပြီးတော့ တောင်းတယ်။ "တပည့်တော်တို့ ရေဒီယိုမှာ အသံလွှင့်ချင်လို့ အရှင်ဘုရား တရားတစ်ပုဒ်တော့ အသံသွင်းပေးခဲ့ပါဘုရား"တဲ့။

ဒီတရားပွဲလည်း ပြီးရော အဲဒီမေးခွန်းကို အခြေခံပြီးတော့ ဘုန်းကြီးက စာတမ်းတစ်ခု ဘုန်းကြီးရေးတယ်။ ည ၁၀– နာရီအထိ မပြီးဘူး။

မပြီးတော့ အသံလွှင့်ဌာနကို "မနက်ဖြန်ခါကျမှ အသံသွင်းကြစို့"လို့ ပြောလိုက်ပြီး ဆက်ရေးတယ်။ အရုဏ်တက်ခါနီး ၃–နာရီလောက်ကျတော့မှ ဒီစာတမ်းဟာ ပြီးသွားပါတယ်။ စာမျက်နှာ ၇–မျက်နှာ ရှိတယ်။

နောက်တစ်ရက်ညနေစောင်းတော့ အိန္ဒိယရေဒီယိုမှာ အဲဒီမေးခွန်းကို အခြေခံပြီးတော့ ဗုဒ္ဓဘာသာသည် **Religion** မဟုတ်ဘူးဆိုတဲ့ အကြောင်းကို ရှင်းလင်းဖော်ပြတဲ့ ဟောပြောချက်ကို အသံသွင်းပေးခဲ့တယ်။ အဲဒီနေ့ ညနေ (၁၃၄၃–ခု၊ တပေါင်းလပြည့်နေ့ ညနေ)က အဲဒီတရားတွေ လွှင့်သွားတယ်။ တပေါင်းလပြည့်နေ့လွှင့်တော့ ဘုန်းကြီး သိပ်ကြိုက်သွားတယ်။ ဘုန်းကြီးရဲ့ မွေးနေ့ကိုး။

ယုံကြည်မှုတွေ လွန်ကဲရင် အလွဲယုံကြည်တတ်တယ်။

အသိဉာဏ်တွေ လွန်ကဲရင် ကောက်ကျစ်တယ်

သဒ္ဓါ၊ ပညာ၊ ဤနှစ်ဖြာ ညီညွတ်စွာ ပေါင်းစပ်ပြီးတော့ အကျင့်နဲ့ သွားရတယ်။

သဒ္ဓါ၊ ပညာ ညီမျှစွာတွဲ။ ပြီးတော့မှ "စရဏ (အကျင့်)" နှင့် ထပ်မံ၍ ပေါင်းစပ်တဲ့အခါကျတော့ "ဝိမုတ္တိ" ဆိုတဲ့ လွတ်မြောက်မှုကို ကောင်းစွာရတယ်။

ကိုယ်တိုင်ကျင့်ရတဲ့ စရဏကို အသာလေး ဖယ်ထား၊ ကိုယ်တိုင်ဘာမှ မကျင့်ဘဲနဲ့ ဆုချည်းထိုင်တောင်းနေမယ်ဆိုရင် ဗုဒ္ဓဘာသာက လက်မခံဘူး။

ဒါဖြင့် ဗုဒ္ဓဘာသာတွေဟာ ကုသိုလ်ကောင်းမှု တစ်ခုခုပြုပြီးတော့ ဆုမတောင်းဘူးလားလို့ မေးရင်၊ တရားပွဲတွေမှာ မေးလည်း မေးတတ်ပါတယ်။ "ဗုဒ္ဓဘာသာမှာ ဆုတောင်း ရှိတာပေါ့"လို့ ဘုန်းကြီးတို့က ဖြေပါတယ်။

"ဒါပေမယ့် ဗုဒ္ဓဘာသာတို့ရဲ့ ဆုတောင်းဆိုတာဟာ တန်ခိုးရှင်တစ်ယောက်ထံမှာ တောင်းတဲ့ဆုမဟုတ်ဘူး။ ကောင်းကင်ဘုံက တစ်စုံတစ်ယောက်ထံမှာ တောင်းတာမဟုတ်ဘူး။ ဘုရားရှင်ကိုယ်တော်မြတ်ထံက တစ်စုံတစ်ခုကို မျှော်လင့်လို့ "တပည့်တော်ကို ဒါလေးပေးပါ၊ တပည့်တော်ကို ဒါလေးပေးပါ"လို့ တောင်းတာ မဟုတ်ဘူး"။

* * * * * * * * * * * * * * *

## ဆုတောင်းခြင်းနဲ့ ဗုဒ္ဓဘာသာ

ဗုဒ္ဓဘာသာတို့ရဲ့ ဆုတောင်းက ဘာဆုတောင်းလဲ။ ဒါန၊ သီလ၊ သမာဓိ၊ ပညာ အဲဒီ ကောင်းမှုလေးမျိုး တစ်မျိုးမျိုး ပြုကျင့်ပြီးရင် ကိုယ်လုပ်ထားတဲ့ ကောင်းမှုအားလျော်စွာ ရထိုက်တဲ့ အခွင့်အရေးကို ကိုယ့်ဟာကိုယ်တောင်းတာ။

ကိုယ်ကျင့်ထားတဲ့ အကျင့်အားလျော်စွာ ရထိုက်တဲ့ အခွင့်အရေးကို တောင်းတာ။

တောင်းတာက တစ်စုံတစ်ယောက်က ပေးမှာကို မျှော်လင့်ပြီးတော့ တောင်းနေတာ မဟုတ်ဘူး။ ကိုယ့်လုပ်အားအတိုင်း ကိုယ်ဖြစ်ချင်တာကို ဖွင့်ထုတ်ပြီးတော့ ဆိုခြင်းပါပဲလို့ ပြောလိုက်တယ်။

ကိုယ့်ကျင့်ထားတဲ့ အကျင့်အားလျော်စွာ ကိုယ်ရထိုက်တာကို ရချင်တဲ့ဆန္ဒကို ဖော်ကျူးလိုက်တာပါပဲ။ "တစ်စုံတစ်ယောက်က ကိုယ့်ကို ချပေးလိမ့်မယ်လို့ မျှော်လင့်ပြီးတော့ တောင်းနေတဲ့ ဆုတောင်းမျိုး မြန်မာမှာ မရှိဘူး"လို့ ဘုန်းကြီးက ပြောလိုက်တယ်။

အဲဒီလို ပြောလိုက်တော့ "မြန်မာတွေရဲ့ ဆုတောင်းက အဆင့်အတန်းမြင့်တယ်၊ မြန်မာတွေရဲ့ ဆုတောင်းက လက်စသတ်တော့ သူတို့ အကျင့်ပေါ်မှာ သူတို့ ပြန်တည်တယ်"လို့ သူတို့တတွေ သဘောကျသွားတယ်။ အခြားဘာသာများက တောင်းတဲ့ဆုကတော့ ကိုယ့် အကျင့်တရားအပေါ်မှာ မတည်ဘဲနဲ့ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ပေးမလားဆိုပြီးတော့ တောင်းတာ။

ဗုဒ္ဓဘာသာရဲ့ အနှစ်သာရက "ယုံကြည်မှုနဲ့ အသိဉာဏ်ကို ညီမျှစွာ ပေါင်းစပ်ပြီးတော့ ကျင့်ယူရတဲ့ တရား" ဖြစ်ပါတယ်။

ဒါကြောင့် ဘုန်းကြီးတို့မြန်မာပြည်က ဗုဒ္ဓဘာသာဝင်သူတော်စင်တွေဟာ ဒီလို အသိဉာဏ်မျိုးတွေကို သိခွင့်ရ၊ ဤကဲ့သို့သော ယုံကြည်မှုမျိုးတို့ကို ယုံကြည်ခွင့်ရ၊ ဤကဲ့သို့သော စရဏတရားတွေကို ကျင့်ခွင့်ရနေကြတာဟာ ငါတို့ ကံကောင်းလိုက်တာလို့ ကိုယ့်ဘဝရဲ့ အဖိုးတန်ပုံကို နားလည်ကြပါ။

* * * * * * * * * * * * * * *

## ကမ္ဘာမှာ အုပ်စုကြီး(၂)ခုရှိတယ်

တို့တိုင်းပြည်မှာ လေယာဉ်ပျံလည်း မလုပ်နိုင်သေးဘူး။ မော်တော်ကားလည်း မလုပ်နိုင်သေးဘူး။ ဒုံးပျံကြီးလည်း မဆောက်နိုင်သေးဘူး။ အထပ်ခြောက်ဆယ်လောက်ရှိတဲ့ တိုက်ကြီးတွေလည်း မရှိသေးဘူး။ တိုင်းပြည်က တယ်ပြီးတော့ အောက်ကျနောက်ကျနိုင်တာပဲလို့ ဒီလိုများ သွားပြီးတော့ မတွက်ပါနဲ့။

ကမ္ဘာမှာ အုပ်စုကြီး(၂)ခုရှိနေတယ်။ တစ်အုပ်စုက အလွန်ကိုပဲ ကြီးပွားတိုးတက်ချမ်းသာပြီးတော့ စည်းစိမ်ခံဖို့ရန် ကြိုးစားနေတဲ့ လူစုကြီး။

သိပ်တိုးတက်နေတယ်။ သိပ်ကြီးပွားနေတယ်။ ပစ္စည်းတွေ အမျိုးမျိုးထုတ်လုပ်နေတယ်။ အဲဒီ ပုဂ္ဂိုလ်တွေက စည်းစိမ်ခံဖို့ချည်း ကြိုးစားနေကြတယ်။ သူတို့က တစ်ပိုင်း။

နောက်တစ်အုပ်စုကတော့ စည်းစိမ်ကို မခံစားနိုင်ဘူး။ စားစရာလည်း မလောက်တလောက်၊ ဝတ်စရာလည်း မလောက်တလောက်၊ နေဖို့ကလည်းပဲ ကျိုးတိုးကျဲတဲ။

အဲဒီလို စားရေး၊ နေရေး၊ ဝတ်ရေးတွေ ချို့တဲ့နေတဲ့ ဒီလူစုကလည်း 'ဟိုလူတွေဟာ မတရားသဖြင့် ချမ်းသာတယ်ဆိုပြီး' တော့ ချမ်းသာတဲ့ လူစုကြီးကို အံတကြိတ်ကြိတ်ဖြစ်နေကြတယ်။ သူတို့က တစ်အုပ်စု။

ကြီးပွားတိုးတက်လို့ စည်းစိမ်ခံနေတဲ့ လူစုမှာ "လောဘ" နှင့် "မစ္ဆရိယ(ဝန်တိုမှု)" တရားက ပြဌာန်းနေတယ်။

လောဘက သိပ်ရချင်တယ်။ ရဖို့ချည်း သိပ်အားထုတ်တယ်။ မစ္ဆရိယတရားက သူတို့ရတာတွေကို ဘယ်သူ့ကိုမှ ဝေမပေးချင်ဘူး။

သိပ်ဆင်းရဲနေတဲ့ လူစုမှာတော့ "ဒေါသ" နဲ့ "ဣဿာ" (သူတပါး စည်းစိမ်ကို မနာလိုမှု) က လွှမ်းမိုးနေပါတယ်။

ကမ္ဘာမှာ အဲဒီလို ဟိုဘက်ဒီဘက် အစွန်းထွက်နေကြတယ်။ အစွန်းသို့ ရောက်နေကြတယ်။

* * * * * * * * * * * * * * *

## ပြင်းထန်နေသော ပဋိပက္ခ (၂) ခု

အိန္ဒိယပြည်ကြီးမှာ သိပ်ချမ်းသာတဲ့ လူတွေကို ကြည့်လိုက်တော့ သိပ်ဇိမ်ခံကြတယ်။ သိပ်ဆင်းရဲတဲ့ လူတွေကို ကြည့်လိုက်ပြန်တော့လည်း အမှိုက်ပုံးလေးထဲ ကောက်စားနေကြတယ်။ ဒီလို ဖြစ်နေတယ်။

ဇောခ်ိပင်နားမှာ နေ့တိုင်းနေ့တိုင်း မနက်စောစောသွားရင် အရှေ့ဘက်နားမှာ သူတောင်းစား တစ်ရာလောက် တန်းနေတယ်။ အနောက်ဘက်ပေါက်နားမှာလည်း တစ်ရာလောက် တန်းနေတယ်။

တစ်ယောက်ကို ငါးပြားလောက် သွားမပေးနဲ့။ တစ်ရာလောက် ဝိုင်းပြီးတောင်းတော့တာပဲ။ ထွက်လို့ကို မရဘူး။ ကြောက်စရာတောင်ကောင်းလိုက်တာ။ ပေးချင်လျက်နဲ့ အဲဒါမပေးခဲ့ရဘူး။ လူစေ့အောင်လည်း ဘုန်းကြီးက မပေးနိုင်ဘူး။

တချို့သူတောင်းစားကတော့ ခေတ်မီလိုက်တာ။ ဘယ်လိုခေတ်မီသလဲဆိုတော့ လက်ထဲမှာ ခွက်ကလေးကိုင်ထားပြီ " **I am blind, I am blind** ကျွန်ုပ် မျက်စိမမြင်ပါ, ကျွန်ုပ် မျက်စိမမြင်ပါ "လို့ ပြောပြီးတော့ တောင်းတယ်။ အဲဒီလို ခေတ်မီတဲ့ သူတောင်းစားလည်း ရှိသေးတယ်။

ဒီပဋိပက္ခနှစ်ခုဟာ ပြင်းထန်နေရင်တော့ ကမ္ဘာ့ငြိမ်းချမ်းမှုဆိုတာ မရနိုင်ဘူး။ ဘာကြောင့်လဲ၊ အစွန်းရောက်နေလို့။

* * * * * * * * * * * * * * *

## လမ်းညွှန်ခ ငါးကျပ်ပေးရမယ်တဲ့

ဒီကနေ့ မြန်မာပြည်က လူတွေကတော့ တယ်ပြီးတော့ တော်ကြတယ်။ ချမ်းသာတဲ့ လူတွေကလည်း ကံ၊ ဉာဏ်၊ ဝီရိယရှိလို့ ချမ်းသာတာပဲဆိုပြီး ကျေနပ်လို့။ ကောင်းလိုက်တာ။

ဆင်းရဲတဲ့ ပုဂ္ဂိုလ်တွေကျပြန်တော့လည်း တို့ ကံ၊ ဉာဏ်၊ ဝီရိယရနည်းလို့ ဆင်းရဲတာ။ ဆင်းရဲတဲ့လူကလည်း တရားသဘောကို ကောင်းကောင်းသိတယ်။ ဒီလို နားလည်တော့ ချမ်းသာတဲ့ လူတွေအပေါ်မှာ ဒေါသ, ဣဿာ မဖြစ်ကြတော့ဘူး။

မြန်မာပြည်မှာ ချမ်းသာနေကြတဲ့ ပုဂ္ဂိုလ်တွေကလည်းပဲ ဆင်းရဲတဲ့ ပုဂ္ဂိုလ်တွေကို တတ်နိုင်သမျှ စွန့်ကြကြတယ်။ ဆန်တစ်ဆုပ်၊ ရေတစ်မှုတ်ဆိုတာ မြန်မာပြည်မှာ ဘယ်နေရာ တောင်းတောင်း ရတယ်။ လိုချင်တိုင်း ရတယ်။

နိုင်ငံခြားမှာ သစ်ပင်ရိပ်ကလေးတောင် သွားမခိုလေနဲ့၊ သစ်ပင်ရိပ်ကလေး သွားခိုမိတာနဲ့ "ငါ့သစ်ပင်ရိပ် မင်းလာခိုတာ၊ ပေး ငါးကျပ်" ဆိုပြီး ဒီလိုတောင်းတာ။

ဘုန်းကြီးတို့ ဗာရာဏသီမှာ တည်းခိုမည့်ကျောင်း ရှာမတွေ့လို့ မော်တော်ကားနဲ့ တလည်လည် ဖြစ်နေတော့ လမ်းပေါ်မှာ ကားရပ်ပြီး လမ်းဘေးနားက လူပျိုအရွယ်ကုလားလေးသုံးယောက်ကို လှမ်းမေးတယ်။

မေးတော့ သူတို့က လမ်းဘေးကနေ ဘယ်လမ်းကိုသွားလို့ လမ်းညွှန်တယ်။ အဲဒီအခါမှာ ဒရိုင်ဘာက ဂီယာ ကောက်ထိုးပြီး မောင်းထွက်မလို့ ဟန်ပြင်တော့ ရှေ့တည့်တည့်က လာရပ်တယ်၊ "ပေး ငါးကျပ်"တဲ့။ "ဟာ မင်းကို ဘာလို့ပေးရမှာတုန်း" ဆိုတော့ "ခင်ဗျား မေးလို့ ကျုပ်တို့ လမ်းပြရတယ်၊ အဲဒီလမ်းပြခအတွက် ၅–ကျပ် ပေးရမယ် "တဲ့။ မခက်ဘူးလား။

မြန်မာပြည်မှာသာဆိုရင် အိမ်အရောက်တောင် လိုက်ပို့လိုက်ဦးမယ်။ ရှိတာတောင် ချကျွေးလိုက်ဦးမယ်။ "သြော် သူတို့ ခရီးသည်တွေ အဝေးကြီးက လာကြတာ။ တတိုင်း တပြည်က လာကြတာ။

ပင်ပန်းနွမ်းနယ်လာကြတယ်။ ရေလေးသောက်ပါဦး။ ထမင်းလေးစားပါဦး။ ဒီနေရာလေး ထိုင်ပါဦး" လို့တောင် ဖိတ်ကြဦးမယ်။

ဒီတော့ ဘုန်းကြီးစိတ်ထဲက သဒ္ဓါတရားကုန်သွားတယ်။ အဲဒီကောင်ကို မပေးချင်တော့ဘူး။ ဒါကြောင့် ဒရိုင်ဘာကို ပြောလိုက်တယ်၊ "အဲဒီကောင် ပြတဲ့လမ်းက မမောင်းနဲ့ကွာ၊ ဒိပြင့်လမ်းက မောင်း" ဆိုပြီးတော့ အခြားလမ်းက မောင်းလာခဲ့တယ်။

အဲဒီကောင်ကလည်း နောက်ကနေ လိုက်ပြီးတော့ "ဘာဘာ ဘာဘာ"နဲ့ ဆိုပြီး လိုက်လာတယ်။ "ဘာတုန်းကွ" ဆိုတော့ "ပေး ငါးကျပ်"တဲ့။ "မင်းပြတဲ့လမ်းက ငါတို့ မမောင်းဘူးကွာ၊ ဘာပြုလို့ ပေးရမှာလဲ"လို့ ပြောပစ်ခဲ့တယ်။

* * * * * * * * * * * * * * *

## ဖိမ်ခံဖို့နဲ့ ညှင်းဆဲဖို့ အားထုတ်နေကြတယ်

အဲဒီလို သူတပါးဆီက ပစ္စည်းကို အတင်းယူဖို့ချည်း ကြိုးစားနေတဲ့ လူထုကြီးဟာ ကမ္ဘာမှာ အများကြီးပဲ။ အဲဒီလို ဆင်းရဲတဲ့ လူတွေကစပြီးတော့ အထက်နည်းနည်း နည်းနည်း တက်တက်ပြီး ကြည့်လိုက်ပေါ့။

ဒါ့ကြောင့် ရတဲ့ ပုဂ္ဂိုလ်တွေကလည်း ဘယ်လောက်ပဲ ရရ၊ မကျေနပ်ကြဘူး။ အဲဒါ လောဘ။ အဲဒီရတာတွေကို စည်းစိမ်ခံ၊ ကိုယ်ရသလို သူများကို မရစေချင်ဘူး။ အဲဒါ မစ္ဆရိယ။

မရှိဘူး, မရဘူးဆိုတဲ့ ပုဂ္ဂိုလ်တွေကလည်း ရတဲ့ လူတွေ အပေါ်မှာ မကျေနပ်တဲ့ ဣဿာ (မနာလိုမှု)၊ အဲဒီဣဿာရဲ့ နောက်နားကနေ "မင်းတို့တော့ ချလိုက်ဦးမယ်"ဆိုတဲ့ ဒေါသ။ တစ်ဖက်စွန်းပဲ။

မဟာသက္ကရာဇ် ၁၀၃–ခုနှစ် ဝါဆိုလပြည့်နေ့ မိဂဒါဝုန်မှာ မြတ်စွာဘုရားရှင် ၅–ယောက်သော ပုဂ္ဂိုလ်တို့ကို စတင်ဟောဖော် ကြွေးကြော်တော်မူခဲ့တဲ့ ဒေသနာက ဓမ္မစကြာ။ အဲဒီတရားတော်ထဲမှာ အစွန်း ၂–ခု ဆိုတာကို မိန့်တော်မူထားပါတယ်။

တစ်ဖက်က ဖိမ်ခံဖို့ အားထုတ်နေတာ။ တစ်ဖက်က ညှင်းဆဲမယ်လို့ အားထုတ်နေတာ။ ကိုယ့်ကိုယ်ကို ညှင်းဆဲရုံတင်မကဘူး၊ သူတပါး ညှင်းဆဲဖို့ အားထုတ်တာက ပိုများတယ် ထင်တာပဲ။

အတ္တကိလမထာနုယောဂေါ၊ ကိုယ့်ကိုယ်ကို ညှင်းဆဲဖို့ အားထုတ်တယ်။

ကိုယ့်မှာ ဒေါသနဲ့ဣဿာဖြစ်ရင် ကိုယ့်ကိုယ်ကို ညှင်းဆဲပြီးသား။ သူတစ်ပါး ညှင်းဆဲတာက နောက်၊ ဒါကြောင့် ကိုယ့်ကိုယ်ကို ညှင်းဆဲတဲ့အလုပ်ဟာ ကိုယ့်ဒုက္ခ ကိုယ့်ကိုယ်ကို ဖန်တီးနေတာပဲ။

ကမ္ဘာမှာ "စနစ်တွေ ဘယ်လောက်ပဲ များပါတယ်၊ ဝါဒတွေ ဘယ်လောက်ပဲများပါတယ်" ပြောပြော၊ အဲဒီနှစ်စုထဲ အကုန်ဝင်နေတယ်။

မြတ်ဗုဒ္ဓက အဲဒီအစွန်း ၂–ခုကို ရှောင်သွားတယ်။ ဒီအစွန်း နှစ်ဖက်ကိုလည်း ရှောင်ဖို့ရန် တိုက်တွန်းခဲ့တယ်။

ဗုဒ္ဓဘာသာဖြစ်ခွင့် ရလိုက်တော့ အဲဒီအစွန်း ၂–ဖက်ကို လွတ်အောင် ရှောင်နိုင်ကြတယ်။ ရှောင်တတ်ကြတယ်။

* * * * * * * * * * * * * * *

## သာသနာဟာ အမြဲတမ်း ပြောင်းရွှေ့နေတယ်

ဒါကြောင့် မြန်မာလူမျိုးတွေ မြန်မာပြည်က ပုဂ္ဂိုလ်တွေ ချမ်းသာနေကြတာဟာ အဲဒီအစွန်းနှစ်ခုကို လွတ်အောင် ရှောင်နိုင်ကြလို့ပါပဲ။

ကမ္ဘာမှာ အဲဒီအစွန်းနှစ်ဖက်ကို လွတ်အောင် မရှောင်နိုင်တဲ့ ပုဂ္ဂိုလ်တွေ သိပ်ကို ဒုက္ခဖြစ်နေကြတယ်။ ဆဋ္ဌသံဂါယနာတင်တဲ့ အချိန်တုန်းက ထေရဝါဒသာသနာထွန်းကားတဲ့ နိုင်ငံဆိုလို့ မြန်မာရယ်၊ သီဟိုဠ်ရယ်၊ ကမ္ဘောဒီးယားရယ်၊ လာအိုရယ်၊ ယိုးဒယားရယ်ဆိုပြီး ၅–နိုင်ငံပဲ ရှိတယ်။

ဗုဒ္ဓဘာသာ သာသနာကြည်ညိုတဲ့ နိုင်ငံတွေအများကြီးထဲက ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ကို နှစ်ပေါင်း (၂၅၀၀)စလုံး မပြုမပြင်ဘဲနဲ့ ပကတိအတိုင်း ထိန်းသိမ်းစောင့်ရှောက်ပြီးတော့ လာခဲ့တဲ့ ထေရဝါဒသာသနာ ထွန်းကားတဲ့ နိုင်ငံသည် ဒီ၅–နိုင်ငံပဲ။

သာသနာဟာ အမြဲတမ်းပြောင်းရွှေ့နေကြတယ်။ အိန္ဒိယပြည်မှာ အခု ပြောပြီးပြီ၊ သာသနာမှတ်တိုင်ပဲ ကျန်တော့တယ်။

ဗုဒ္ဓဂါယာက ဗောဓိပင်ကြီးအကြောင်း အခုနက ပြောပြီးပြီ။ မဟာန့်တို့က အကုန်လုံး ဝင်နှောင့်ယှက်ထားတာ။ သန့်ရှင်းအောင် မနည်းလုပ်ယူရတယ်။ ဒီကနေ့ မှတ်တိုင်အဖြစ်ပဲ ကျန်တော့တယ်။ နောက်ပြီးတော့ ဟိုဖက်က မိဂဒါဝုန်စေတီတော်ကြီးလည်း ပြိုလို့။ ရွှေဆိုရင် တစမှ မရှိတော့ဘူး။ ရာဇဂြိုဟ်ဆိုလို့ရှိရင်လည်း အထိမ်းအမှတ်အဖြစ် အုတ်ရိုးပဲ ရှိတော့တယ်။ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းဆိုတာလည်း အုတ်ရိုးပဲ ရှိတော့တယ်။ ဒီတော့ သာသနာဟာ နေရာ ရွှေ့ရွှေ့သွားတယ်။

ရွှေ့တယ်ဆိုရင် တော်သေးတာပေါ့။ လုံးဝမကွယ်ပျောက်ဖို့ အရေးကြီးတယ်။ ဘာသာခြားတွေရဲ့ ခြေလှမ်းကို သတိထားဖို့လိုတယ်။

တိဘက်တွေဆိုရင် တိုင်းပြည်ပါ ပျောက်တယ်။ တိဘက်ဗုဒ္ဓဘာသာလူမျိုးတွေဟာ နီပေါနဲ့ အိန္ဒိယမှာ ခိုနေကြတယ်။ တိဘက်နိုင်ငံရယ်လို့ ကမ္ဘာမှာ ရှိကိုမရှိတော့ဘူး။

နောက်ပြီးတော့ ဟိုဘက်က မွန်ဂိုးယားဆိုလို့ရှိရင်လည်း ရှိတော့ရှိတယ်။ ဒါပေမယ့် ကမ္ဘာမှာ မထင်ရှားဘူး။ အညတရ ဖြစ်နေတယ်။ ဂျပန်ကျပြန်တော့ "မဟာယာန"။

ဒီကနေ့ခေတ်မှာ အားရစရာ တစ်ခုကောင်းတာက အမေရိကတို့ အင်္ဂလန်တို့ ဥရောပတို့မှာ သာသနာရောက်နေခြင်းပဲ။ ရှေ့ဆက်ပြီး တိုးတက်အောင် လုပ်ဖို့တော့ လိုသေးတယ်။ မြတ်စွာဘုရား ဆုံးမတော်မူတဲ့ အဆုံးအမအတိုင်း ကျင့်ကြံအားထုတ်တော် မူကြတဲ့အတွက်ကြောင့် ချမ်းသာခွင့်ရကြတာ။

* * * * * * * * * * * * * * *

## အစွန်းလွတ်အောင်နေ ကမ္ဘာကြီးချမ်းသာတယ်

ဘုန်းကြီး စင်္ကာပူနှင့် သီဟိုဠ်နိုင်ငံမှာ တရားဟောတုန်းက အစွန်း ၂–ပါးမှ လွတ်အောင်နေဖို့ အဓိက ဟောခဲ့ပါတယ်။

ခုနက ပြောခဲ့တဲ့ ကမ္ဘာ့အုပ်စုကြီး နှစ်ခု ပဋိပက္ခဖြစ်နေတာကို ငြိမ်းချမ်းအောင် ဘယ့်နှယ့်လုပ်မလဲ၊ သူတို့က "မေတ္တာတရားနဲ့ လုပ်ရမယ်"လို့ ပြောလိမ့်မယ်လို့ ထင်ထားတာ။ အဲဒီနေရာမှာ ဘုန်းကြီးက မေတ္တာတရား ထပ်မပြောတော့ဘူး။ ပြောရင် သက်သက်လွတ် ပုဂ္ဂိုလ်နဲ့ တွေ့ရင် ခက်နေဦးမှာ။

"အစွန်းလွတ်အောင်နေ၊ ကမ္ဘာကြီးချမ်းသာတယ်"ဆိုပြီး ဘုန်းကြီးက ဟောလိုက်တယ်။ အားလုံးငြိမ်နေတာပဲ။ တချို့ကလည်း ဦးခေါင်းတငြိမ့်ငြိမ့်နဲ့ သဘောကျနေကြတယ်။

* * * * * * * * * * * * * * *

## ပိဋကတ်တော်လာ အနှစ်သုံးပါး

ပိဋကတ်သုံးပုံကို အဆီ ညှစ်ထုတ်လိုက်တဲ့အခါ တရားသုံးမျိုးထွက်လာပါတယ်။

၁။ ရတနာသုံးပါး

၂။လက္ခဏာသုံးပါး

၃။ သိက္ခာသုံးပါး

ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ဒီ သုံးခုကို "ရတနာ"လို့ ခေါ်ပါတယ်။ "ရတနာ"လို့ ခေါ်ခြင်းရဲ့ အကြောင်းတွေ ရှိပါတယ်။

* * * * * * * * * * * * * * *

## "ရတနာ" ခေါ်ရခြင်း၏အကြောင်း

စိတ္တီကတံ မဟဂ္ဃဉ္စ၊ အတုလံ ဒုလ္လဘဒဿနံ။

အနောမသတ္တပရိဘောဂံ၊ ရတနံ တေန ဝုစ္စတိ။

စိတ္တီကတံစ၊ ဆန်းကြယ်သော သဘောရှိ၏အဖြစ်လည်းကောင်း။ မဟဂ္ဃဉ္စ၊ တန်ဖိုးကြီးမားသည်၏အဖြစ် လည်းကောင်း။ အတုလံ၊ တုလို့မရ အတုမဲ့တဲ့ သဘောသည်လည်းကောင်း။ ဒုလ္လဘဒဿနံ၊ တွေ့ရခဲ ကြုံရခဲ ဆုံရခဲ မြင်ခဲတဲ့ သဘောသည်လည်းကောင်း။ အနောမသတ္တပရိဘောဂံ၊ မြင့်မြတ်သော ပုဂ္ဂိုလ်တို့မှ သုံးဆောင်ထိုက်သည့် အဖြစ်လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေဟိ ကာရဏေဟိ၊ ဤအကြောင်းတို့ကြောင့်။ ရတနန္တိ၊ ရတနာဟူ၍။ ဝုစ္စတိ၊ မုချကိန်းသေ ဆိုအပ်ပါပေ၏။

စိန် ရွှေ ငွေ စတဲ့ ပစ္စည်းတွေကို ရတနာ လို့ ခေါ်ပါတယ်။ ရတနာခေါ်ထိုက်တဲ့ အကြောင်း ၅ ပါးရှိပါတယ်။

၁။ စိတ္တီကတ၊ ဆန်းကြယ်တဲ့ သဘောရှိခြင်း။

၂။ မဟဂ္ဃ၊ တန်ဖိုးကြီးမားခြင်း။

၃။ အတုလ၊ အတုမရှိခြင်း (အတူမရှိခြင်း)

၄။ဒုလ္လဘဒဿန်၊ တွေ့ဖို့ရန်ခက်ခဲခြင်း။

၅။အနောမသတ္တ ပရိဘောဂ၊ မြတ်သော သူတို့မှ သာလျှင် သုံးစွဲထိုက်ခြင်း တို့ဖြစ်ပါတယ်။

ထိုနည်းတူစွာ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ဆိုတဲ့ ဒီရတနာသုံးပါးဟာလည်းအလွန်ဆန်းကြယ်ပါတယ်။ အလွန့်အလွန် တန်ဖိုးကြီးပါတယ်။ တုလို့လည်း မရကြပါဘူး။ တွေ့ရခဲ ကြုံရခဲပါတယ်။ မြတ်သော သူတို့မှသာလျှင် ဖူးတွေ့ရတယ်။ ဒါကြောင့် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ကို ရတနာ လို့ ခေါ်တယ်။

* * * * * * * * * * * * * * * 

## အင်းဝခေတ်လက်ရာ ရှေးဟောင်းဆင်းတုတစ်ဆူ

ဗုဒ္ဓဟာ ရတနာ။ မြတ်သောသူတို့မှ ဖူးထိုက်တယ်။ ညံ့တဲ့ ပုဂ္ဂိုလ်တွေ ဗုဒ္ဓရတနာကို မဖူးထိုက်ဘူး။ ဘုန်းကြီးတို့ ပရိသတ်များဟာ မြင့်မြတ်တဲ့ စိတ်ဓာတ်တွေရှိလို့ အမြတ်ဆုံးဖြစ်တဲ့ ဗုဒ္ဓရတနာကို ဒီကနေ ဖူးမျှော်ခွင့်ရနေကြတာ။ ညံ့တဲ့ ပုဂ္ဂိုလ်တွေ ဗုဒ္ဓရတနာကို ဖူးမျှော်ခွင့်မရကြပါဘူး။

မြန်မာပြည်က ဘုရားဆင်းတုတော်ပေါင်း မြောက်မြားစွာဟာ ယိုးဒယားပြည် ဗန်ကောက်မြို့က ဆိုင်ကြီးတွေမှာ အများကြီးတွေ့ရတယ်။

ဘာလုပ်ဖို့ထားသလဲဆိုတော့ ရောင်းဖို့ထည့်ထားတာ။ မြန်မာပြည်က ဘုရားဆင်းတုတော်တွေ အများကြီးပဲ။ ဘယ်သူတွေက ပို့လိုက်တယ်တော့ မသိဘူး။ ဟိုမှာတော့ ရောက်နေကြတယ်။

အဲဒီဘုရားဆင်းတုတော်တွေ ရောင်းတဲ့ဆိုင်ကြီး တစ်ဆိုင်ကို ဘုန်းကြီးတို့ ရောက်ခဲ့တယ်။ မိန်းကလေး ခပ်ငယ်ငယ်ရွယ်ရွယ်တွေက ဘုရားရောင်းနေကြတယ်။

ဘုရားဆင်းတုတော်တစ်ဆူကို ဘုန်းကြီးက တော်တော်လေးကြိုက်တယ်။ အဲဒီ ဘုရားဆင်းတုတော်ဟာ ပလ္လင်ပေါ်ကနေ ပြီးတော့ ခြေထောက်နှစ်ချောင်းလွှဲချပြီးတော့ ထိုင်နေတယ်။ ပလ္လင်ထက်ကနေပြီး လက်ယာဘက်လက်ကနေ လက်ဝဲဘက်ရဲ့ လက်ခလယ်လေးကို ကိုင်ပြီးတော့ တရားဟောနေတဲ့ပုံပဲ။

ဒီပုံမျိုးဟာ မြန်မာပြည်မှာ အလွန်ရှားတယ်။ သစ်သားဆင်းတုတော်ဘုရား ဟိုရောက်နေတယ်။ အဲဒါ ရောင်းဖို့ဆိုပြီးတော့ ဆိုင်ပေါ်တင်ထားတယ်။

မုဒြာအနေနဲ့ဆိုရင် နှစ်ခုပေါင်းထားတယ်။

၁။ ခြေထောက်ထိုင်ဟန်ကိုကြည့်လျှင် "အာစနမုဒြာ"၊

၂။ လက်ရဲ့ဟန်ကိုကြည့်လျှင် "ဓမ္မစက္ကမုဒြာ" ဖြစ်နေတယ်။

မုဒြာနှစ်မျိုး ပေါင်းထားတဲ့ဘုရား။ ဘယ်လောက်မြင့်သလဲဆိုလို့ရှိရင် သုံးပေခွဲလောက်မြင့်ပါတယ်။ ထိုင်ကိုယ်တော်ကလေး အလွန်သပ္ပါယ်တယ်။ အဲဒီဘုရားကို ရောင်းဖို့တဲ့။ လက်ရာကိုကြည့်လိုက်လို့ရှိရင် အင်းဝခေတ်စောစောပိုင်းက လက်ရာမျိုးဆိုတာ မှန်းကြည့်ပြီး သိနိုင်တယ်။

* * * * * * * * * * * * * * *

## ဈေးသည်မလေးနှစ်ယောက်ကြားက ဗုဒ္ဓဆင်းတုတော်

အဲဒီဘုရားဆင်းတုတော်ကို ဘယ်လောက်နဲ့ ရောင်းမှာလဲလို့ မေးကြည့်တော် ယိုးဒယားဘတ်ငွေ ရှစ်ထောင်နဲ့ ရောင်းမယ်တဲ့။ ဘုရားရောင်းပြီးတော့ ချမ်းသာနေလိုက်ကြတာ။

ဒီကပုဂ္ဂိုလ်တွေက အဲဒီဘုရားပို့လိုက်တာ ဘယ်လောက်ရတယ်တော့ မသိဘူး။ ဟိုမှာတော့ ယိုးဒယားငွေ ရှစ်ထောင်နဲ့ ရောင်းမယ်တဲ့။

ဘုန်းကြီးက ယိုးဒယားဘတ်ငွေ နှစ်ထောင်လောက်နဲ့ မရဘူးလားလို့ ဈေးဆစ်ကြည့်တယ်။ ယိုးဒယားမှာ ဈေးဝယ်ရင် အဲဒီလောက်ဆစ်နိုင်မှ တော်ရုံကျတာ။ အလွန်ဈေးဆိုကြတယ်။ ဘတ်ငွေ နှစ်ထောင်လောက်နဲ့ မရဘူးလားလို့ ဈေးဆစ်တယ်။

အဲဒီဘုရားလေးကို ဖြစ်များဖြစ်နိုင်ရင် ဝယ်ပြီးတော့ မြန်မာပြည် ပြန်သယ်လာချင်တယ်။

အဲဒီမိန်းကလေးနှစ်ယောက် ဘုန်းကြီးတို့ဘေးနားတစ်ဖက်တစ်ယောက် လာရပ်ပြီးတော့ အဲဒီဘုရားကို သူတို့က ရှေ့နားဆွဲပို့ပြီးတော့ တစ်ယောက်က လက်လေးကိုင်လို့။ တစ်ယောက်သော မိန်းကလေးက ဘုရားရဲ့ခေါင်းက သျှောင်ကလေးကို ကိုင်လို့။ အဲဒါ ဟိုဖက်လှည့်လိုက် ဒီဖက်လှည့်လိုက်၊ ဟိုဖက်ပွတ်လိုက်၊ ဒီဖက်ပွတ်လိုက်နဲ့ မတ်တပ်ရပ်ပြီးတော့ ဘုန်းကြီးတို့နဲ့ စကားပြောတယ်။

ဒီတော့ ဘုန်းကြီးက နင်တို့တွေ ဗုဒ္ဓဘာသာတွေ မဟုတ်ဘူးလား လို့ မေးလိုက်တော့ တစ်ယောက်က ဗုဒ္ဓဘာသာ။ တစ်ယောက်က ခရစ်ယာန်တဲ့။ ဒီတော့ ဘုန်းကြီးတို့ ဘုရားကတော့ အဲဒီလိုအဖြစ်မျိုး ရောက်နေတယ်။ တကယ်ကျတော့ ဥရောပတို့ အမေရိကတို့က အဲဒီဘုရားဆင်းတုတွေကို ဝယ်သွားမယ်ဆိုရင် ဟိုမှာ သူတို့က တကယ်ကို ရှိခိုးပူဇော်ဖို့ ဝယ်သွားလိမ့်မယ်လို့လည်း ကျိန်းသေကြီး မတွက်ကြပါနဲ့။

* * * * * * * * * * * * * * *

## တောထဲတောင်ထဲမှ တိုင်းပြည်တစ်ခု

ထပ်မံပြီးတော့ ပြောပါဦးမယ်။ နီပေါတိုင်းပြည်မှာ ခတ္တမန္ဒူမြို့ကနေပြီးတော့ အနောက်ကီလိုမီတာ ၂၄၀–လောက် ကွာဝေးတဲ့ ပေါက္ခရဆိုတဲ့မြို့ကို ဘုန်းကြီးတို့ရောက်ခဲ့တယ်။ တောင်တန်းကြီးတွေရဲ့အကြားမှာ ရေကန်ကြီးတွေ ရှိတယ်။ ရေကန်ကို "ပေါက္ခရ"လို့ ခေါ်တယ်။

အဲဒီမြို့မှာ ခရစ္စတင်းလို့ခေါ်တဲ့ ဟိုတယ်ကြီးတစ်ခု ရှိပါတယ်။ ဟိုတယ်ပိုင်ရှင်ဒကာကြီးက ဗုဒ္ဓဘာသာပါပဲ။ ခတ္တမန္ဒူမှာ ဘုန်းကြီးတို့ တရားဟောတော့ တရားနာပြီး အဲဒီ ဒကာကြီးက ကြည်ညိုတယ်။" တပည့်တော်ရဲ့ ဟိုတယ်ကို တစ်ညလောက် ကြွရောက်ပြီးတော့ ချီးမြှောက် ကုသိုလ်ပြုချင်လို့ပါ" ဆိုတော့ ဘုန်းကြီးတို့ လိုက်သွားတယ်။

ခတ္တမန္ဒူကနေ ကီလိုမီတာ ၂၄၀–လောက် သွားရတယ်။ တောတွေ တောင်တွေထဲမှာချည်း တစ်လျှောက်လုံးသွားရတယ်။ နီပေါနိုင်ငံဟာ တောထဲတောင်ထဲမှာ တည်ရှိတဲ့ တိုင်းပြည်ပါ။ ဟိမဝန္တာတောင်တန်းထဲမှာလို့ ဆိုနိုင်ပါတယ်။

ရောက်သွားတော့ ဟိုတယ်ပိုင်ရှင် ဒကာကြီးက "သူ့ဟိုတယ်မှာ တစ်ညတာ တည်းခိုပါ။ သူဆွမ်းကပ်မယ်၊ ပြုစုမယ်၊ ဟိုတယ်မှာ ပရိတ်ရွတ်ပေးပါ"လို့ သူက လျှောက်တယ်။

ထိုတောင်တန်းကြီးတို့တွင် ဟိုတယ်ရဲ့ မြောက်ဘက် ပေါက္ခရမြို့ (တောင်တန်းကြီးတွေရဲ့ အကြားမှာ ရေကန်ကြီးတွေရှိတဲ့မြို့)ရဲ့ မြောက်ဘက် ၁၂–မိုင်လောက် ကွာဝေးတဲ့အရပ်မှာ ကောင်းကင်ကို ထိုးပြီးတော့ ချွန်ချွန်ကြီးထွက်နေတဲ့ မြန်မာပြည်က ဇင်းကျိုက်တောင်နဲ့ ခပ်ဆင်ဆင်တူတဲ့ တောင်ချွန်ကြီးတစ်ခုရှိတယ်။

အဲဒီတောင်ကြီးတစ်ခုလုံး အခြားတောင်တွေရဲ့ အပေါ်မှာ ထိုးထွက်နေတဲ့ အပိုင်းကြီး တစ်ပိုင်းလုံးဟာ ဖြူဖွေးပြီးတော့ နေပါတယ်။ ဆီးနှင်းတွေဟာ အကုန်လုံးခဲပြီးတော့ နေတယ်။ အဲဒီတောင်ကြီးကို ခရစ္စတင်းတောင်လို့ သူတို့ ခေါ်ကြတယ်။ ဒီတောင်ကြီးရဲ့အမည်ကို အစွဲပြုပြီး သူ့ဟိုတယ်ကို နာမည်ပေးထားတယ်။

ဘုန်းကြီးတို့ ရောက်သွားတော့ ညနေစောင်း ၃–နာရီလောက်ပေါ့။ ချမ်းလိုက်တာလည်း လွန်ရော။ အဲဒါနဲ့ ခြေအိတ်ရော လက်အိတ်ရော ခေါင်းစွပ်ရော အကုန်လုံးစွပ်ထားရတယ်။ နှစ်ထပ်သက်န်းလည်း ပါသေးတယ်။

* * * * * * * * * * * * * * *

## အအေးဓာတ်လွန်ကဲတော့လည်း ဆွယ်တာဝတ်

နီပေါတိုင်းပြည်က ဘုန်းကြီးတွေ အကုန်လုံးပဲ ဆွယ်တာအကျီလက်ရှည်ကြီးတွေကို ဝတ်ရတယ်။ ဧကသီသာ ချွတ်ပြီးတော့ ချထားမယ်ဆိုလို့ရှိရင် အဲဒီကိုယ်တော်ကြီးတွေကို ဘယ်သူကမှ ဘုန်းကြီးလို့ထင်မှာ မဟုတ်ဘူး။ ဆွယ်တာအကျီတွေချည်းနဲ့ချည်းပဲ။

အဲဒီတော့လည်း ဘုန်းကြီးတို့လည်း ရောက်သွားရော နီပေါက ဆွယ်တာအကျီတွေ ဝိုင်းလှူကြတာ၊ ဆွယ်တာအကျီ ၄–ထည်လောက် ဘုန်းကြီးရလိုက်တယ်။ ညချမ်းကာလကျရင် ချမ်းလွန်းလို့ တစ်မိုက်လောက်ရှိတဲ့ ဂွမ်းကပ်ကြီးတွေ အပေါ်ကနေထပ်ခြုံတာတောင်မှ အရုဏ်တက် ၄–နာရီ လောက်ဆိုရင် ဖောက်ပြီးတော့ စိမ့်ပြီးတော့ အအေးဓာတ်က ဝင်လာတယ်။

အအေးဓာတ်ဝင်လာတော့ အဲဒီဆွယ်တာကြီးတွေကို ဝတ်ပြီးတော့ အိပ်မလို့ ကြိုးစားကြည့်လိုက်တယ်။

ပြည်မြို့ဗာရဏသီဆရာတော်ကို လှမ်းကြည့်လိုက်တော့ ဆရာတော်က အကုန်လုံးဘေးမှာ ပုံထားတယ်။ တစ်ထည်မှ မဝတ်ဘူး။

ဆရာတော်မဝတ်ဘူး။ ငါက အဲဒါသွားဝတ်လို့ရှိရင် ဆရာတော်ကတော့ ပြောတော့မှာပဲ၊ လူ့အသုံးအဆောင်ပစ္စည်းတွေကို သုံးရကောင်းလား လို့ ပြောတော့မှာပဲ။ ဒီလို တွေးလိုက်မိတယ်။ အဲဒါကြောင့် အသာဘေးနားချထားလိုက်ရတယ်။

နောက်တော့ မနေနိုင်တော့ဘူး။ ဒီအတိုင်းနေလို့ကတော့ မဖြစ်ဘူးဆိုပြီး ဘယ့်နှယ်လုပ်ရတုန်းဆိုတော့ ဆွယ်တာ အကျီကြီးတွေကို လက်တွေ အကုန်ဖြတ်ပြီးတော့ တစ်ခြမ်းကိုဖွဲ့။ ဖွဲ့လိုက်တော့ မြန်မာပြည်က ဘုန်းကြီးတွေဝတ်တဲ့ အံသတိုင်ရှုပုံဖြစ်သွားတာပေါ့။

ဆွယ်တာအကျီတစ်ခြမ်းကိုဖွဲ့ပြီး ဝတ်လိုက်တော့ ဟိုဘက်တစ်ခြမ်းက ဆွယ်တာလွတ်နေပြန်ရော။ ဗယ်ဘက်ခြမ်းမှာ ပခုံးတင်လေး ပါလာပေမယ့် ညာဘက်ခြမ်းက ပခုံးချိတ်တဲ့ ဟာလေးမပါတော့ အေးနေပြန်တယ်။

အဲဒီတော့ မဖြစ်ချေဘူးဆိုပြီး နောက်တစ်ထည်ဖြတ်ပြီးတော့ အဲဒီလိုပဲ တခြမ်းပဲ့လေးဖွဲ့။

ဖွဲ့ပြီးတော့ ညာဘက်ပခုံးပေါ် တင်ပြီးတစ်ခြမ်းစွပ်လိုက်တော့ အံသကိုင်ရှုကို စလွယ်သိုင်းပြီး တစ်ဖက် တစ်ခုစီ အဲဒီလိုဝတ်လိုက်တယ်။ အဲဒီတော့မှ တော်တော်လေး နေသာထိုင်သာ ဖြစ်သွားတယ်။ အကျီတွေလည်း အကုန်ပျက်စီးသွားတယ်။

အံသကိုင်ရှုနှစ်ခု စလွယ်သိုင်းပြီး ဝတ်တော့မှ သင်းပိုင် တစ်ထည်နဲ့ တင်းနေအောင်ပတ်၊ အပေါ်က ဧကသီ ထူထူတင် ပြီးတော့မှ သင်္ကန်းကို အပေါ်ကနေခြုံ၊ ခေါင်းစွပ် ထူထူစွပ်ပြီးတော့ အဲဒီလို ဘုန်းကြီးတို့ သွားကြရတယ်။

* * * * * * * * * * * * * * *

## လေ့ကားရင်းမှာ တွေ့ရလို့ စိတ်မချမ်းသာပါ

ဒါကြောင့် တိဘက်တွေက ဘုန်းကြီးတို့ကို နောက်က ကြည့်ကြည့်ပြီးတော့ တိဘက် ကိုယ်တော်တွေလို့ ထင်ကြတာ။

ဟိုတယ်ရောက်တော့ ဆင်ဝင်အောက်မှာ မော်တော်ကား ထိုးဆိုက်လိုက်တယ်။ မော်တော်ကားပေါ်က ဆင်းလျှင်ဆင်းချင်း ဘုန်းကြီးတို့ တွေ့ရပါပြီ။ ဘုရားဆင်းတုတော်တွေ။

ဟိုတယ်ရဲ့ အောက်ထပ်ဟာ နိမ့်နိမ့်ကလေးပါပဲ။ မြေကြီးအထက် တစ်ပေလောက်ပဲ မြင့်တယ်။ လှေကားက ၂–ထစ်ရှိတယ်။

အဲဒီလှေကားထစ်ပေါ် တက်လိုက်တာနဲ့တပြိုင်နက်တည်း လှေကားမုခ်ရဲ့ ဝဲဘက်ယာဘက်က အုတ်တိုင်များရဲ့ တိုင်ခြေရင်းမှာ မြန်မာအခေါ်အဝေါ်ဆိုရင်တော့ ဖိနပ်ချွတ်လို့ခေါ်တဲ့ နေရာတွေမှာ ဘုရားဆင်းတုတော်တွေစီလို့။

အဲဒီမှာချထားတာ တွေ့ရတယ်။ ဂျိန်းစ်ဘုရားတွေရဲ့ ရုပ်ထုတွေကိုလည်း တွေ့ရတယ်။

ဟိုတယ်လှေကားတက်နားမှာ အဲဒီလိုချထားတာတွေ့ရတော့ ဖိနပ်ကြီးနဲ့ အဲဒီနေရာလျှောက်ရတာ ခြေထောက်က အောက်က သံမံတလင်းပေါ်ကို မချနိုင်ဘူး။ အောက်က စိမ့်ပြီးတော့ အေးနေတယ်။

ဒါနဲ့ပဲ "စိတ်တော့မချမ်းသာဘူးဘုရား၊ ဆင်းတုတော်တွေကို ဖိနပ်ချွတ်မှာ တွေ့နေရပြီ၊ ဒီဟိုတယ်ပိုင်ရှင် အဘိုးကြီးကိုတော့ ငါပြောဦးမှပဲ"လို့ ဘုန်းကြီး စိတ်ကူးထားတယ်။ ရုတ်တရက်ပြောလို့ကလည်း မဖြစ်သေးတော့ ပစ္စည်းတွေအကုန်ချ။ ချပြီးတော့ တည်းခိုရာအခန်းတွေ အကုန်လုံးပို့။

ပို့ပြီးတော့ ရေနွေးလေးသောက်။ သောက်ပြီးတော့ ဟိုတယ်ဝင်းထဲလမ်းလျှောက် ဟိုလှည့်ဒီလှည့်သွား၊ ခုနက ခရစ္စတင်းတောင် လို့ခေါ်တဲ့ ရေခဲတွေ ဖွေးနေတဲ့ တောင်ကြီးကို ဓာတ်ပုံရိုက်ပြီး မြက်ခင်းပြင်မှာ လမ်းလျှောက်တော့ အဘိုးကြီး ရောက်လာတယ်။

ရောက်လာပြီးတော့ "ဆရာတော် မိုးလည်းချုပ်ပြီ၊ အခန်းထဲကြွပါတော့"တဲ့။ သူက လာလျှောက်တယ်။ အခန်းထဲမှာ ဟီတာ **(Heater)** လွှတ်ထားတယ်။ အပူဓာတ်တွေပေးထားတယ်။

"ကောင်းပြီ ဒကာကြီး။ ဒါပေမယ့် နည်းနည်းတော့ လမ်းလျှောက်ချင်သေးတယ်"လို့ သူ့ကို စကားပြောချင်တာနဲ့ ဘုန်းကြီးက ပြောလိုက်တယ်။

* * * * * * * * * * * * * * *

## အမြတ်ဆုံးပုဂ္ဂိုလ်ဟာ အမြတ်ဆုံးနေရာမှာရှိရမယ်

လမ်းလျှောက်ပြီးသွားတော့ အဲဒီဆင်ဝင်နားကို ရောက်လာကြတယ်။ ရောက်တာနဲ့ တပြိုင်နက် မေးလိုက်တယ်။ "ဒကာကြီး ဟောဒီလှေကားတက် ဖိနပ်ချွတ်မှာ စီပြီးတော့ချထားတဲ့ အရုပ်တွေဟာ ဘာအရုပ်တွေတုန်း ပြောစမ်းပါ"လို့။ ဘုရားဆင်းတုတော်တွေမှန်းတော့ သိပါတယ်။ စကားဖြစ်အောင်လို့ တမင်မေးလိုက်တာ။

မေးတော့ "အဲဒါတွေဟာ ဗုဒ္ဓရဲ့ ရုပ်တုတော်တွေပဲ"တဲ့။ ဗုဒ္ဓဆင်းတုတော်တွေလို့ အဲဒီ အဘိုးကြီးက ဖြေတယ်။

"ဟုတ်လား ဒီအရုပ်တွေက ဗုဒ္ဓဆင်းတုတော်တွေလား"။

"မှန်ပါတယ်ဘုရား"

"ဒကာကြီး လောကမှာ မြတ်ဗုဒ္ဓဆိုတဲ့ ပုဂ္ဂိုလ်ဟာ သတ္တဝါအားလုံးတို့ထက် အမြတ်ဆုံး ပုဂ္ဂိုလ်တစ်ယောက်ဆိုတာကို ဒကာကြီး လက်ခံရဲ့လား"။

"မှန်ပါ အမြတ်ဆုံးပုဂ္ဂိုလ်တစ်ယေက်ဆိုတာကို လက်ခံပါတယ်ဘုရား"။

"ဗုဒ္ဓဟာ တကယ့်အမြတ်ဆုံးနေရာမှာ ရှိထိုက်တယ်ဆိုတာကိုကော လက်ခံရဲ့လား"။

"လက်ခံပါတယ်ဘုရား"။

"ဒကာကြီး ဗုဒ္ဓဘာသာ ဟုတ်တယ်နော်"။

"မှန်ပါ၊ တပည့်တော် ဗုဒ္ဓဘာသာပါဘုရား"။

"ဒါဆိုရင် ဒကာကြီးရဲ့ စိတ်ဓာတ်ဟာ အလွန်မွန်မြတ်တဲ့ စိတ်ဓာတ်ပဲဆိုတာကို ဘုန်းကြီး ယုံကြည်တယ်"။

အဲဒီလိုလေး ပြောထားတော့ စကားအကုန်လုံးတုပ်မိသွားပြီ။ ဘုန်းကြီးက ဆက်ပြောလိုက်တယ်။

"ဗုဒ္ဓဟာလည်း အမြတ်ဆုံးပုဂ္ဂိုလ်မို့လို့ အမြတ်ဆုံးနေရာမှာ ရှိထိုက်တယ်၊ ထားထိုက်တယ်။ ဗုဒ္ဓဘာသာဖြစ်တဲ့ ဒကာကြီးကိုယ်တိုင်လည်း အမြတ်ဆုံး စိတ်ဓာတ်ရှိတယ်။ အဲဒီလို ဖြစ်ပါလျက်နဲ့ မွန်မြတ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ဘယ်နှယ့်ကြောင့် ဖိနပ်ချွတ်တဲ့နေရာမှာ ထားရသလဲ" ဆိုတော့ ဘာမှ ပြန်မပြောနိုင်တော့ဘူး၊ ငေးနေတယ်။

ပြီးတော့မှ သူက ပြောတယ်။ "အမြတ်ဆုံးပုဂ္ဂိုလ်တစ်ယောက်ကို ဘာပြုလို့ ဖိနပ်ချွတ်တဲ့နေရာမှာ ထားရတုန်းဆိုရင်ဘုရား၊ ကမ္ဘာ့အရုပ်ရုပ်ကလာကြတဲ့ ကမ္ဘာလှည့်ခရီးသည်တွေဟာ ဒီလို ရှေးကျတဲ့ (ရှေးဟောင်းဆင်းတုတော်များ) ဗုဒ္ဓဆင်းတုတော်တွေကို အလွန်စိတ်ဝင်စားကြတယ်"တဲ့။

* * * * * * * * * * * * * * *

## သံဝေဂဖြစ်သွားတဲ့ ဟိုတယ်ပိုင်ရှင်

“အဲဒီလို စိတ်ဝင်စားကြတဲ့အတွက်ကြောင့် ဟိုတယ်ထဲ ရောက်တာနဲ့ တပြိုင်နက်တည်း သူတို့ စိတ်ဝင်စားကြတဲ့ ဗုဒ္ဓဆင်းရဲ့တုတော်တွေကို ဖူးတွေ့ပါရစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဟောဒီလှေကားမုခ်မှာ ထားလိုက်တာပါ”တဲ့။

ဒီတော့ ဘုန်းကြီးက ပြောလိုက်တယ်။ “ကောင်းပြီ ဒကာကြီး သူတို့စိတ်ဝင်စားဖို့အတွက် လှေကားတက်မှာ ထားတယ်။ အဲဒီစိတ်ဝင်စားပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေ ဘယ်လောက်များသလဲ”။

“ဗုဒ္ဓဘာသာဝင်က နည်းပါတယ်ဘုရား၊ ဗုဒ္ဓဘာသာကို စိတ်ဝင်စားလို့လေ့လာတဲ့ ပုဂ္ဂိုလ်တွေက ပိုများပါတယ်”။

“ဒကာကြီး ကောင်းပြီ ဗုဒ္ဓဘာသာကို မကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီး လေ့လာကြမှာပေါ့”။

“လာကြပါတယ်ဘုရား”။

“ဒီတော့ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ ဟိုတယ်ပိုင်ရှင် ဒကာကြီးကိုယ်တိုင်က ဗုဒ္ဓရဲ့ဆင်းတုတော်ကို အဲဒီလှေကားတက်မှာ ထားတယ်ဆိုရင် ဗုဒ္ဓဘာသာမဟုတ်တဲ့ ပုဂ္ဂိုလ်တွေ၊ ဗုဒ္ဓဘာသာကို မကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေက အဲဒီဆင်းတုတော်တွေကို ခြေနဲ့နင်းသွားကြလိမ့်မယ် ဒကာကြီး”။

အဲဒီတော့မှ သူတော်တော်သံဝေဂ ဖြစ်သွားတယ်။ ဘာမှ ပြန်မပြောတော့ဘဲနဲ့ ဘုရားဆင်းတုတော်တွေကို စိုက်ကြည့်ပြီးတော့ သူရပ်နေတယ်။

အဲဒီနောက် ဘုန်းကြီးက ပြောလိုက်တယ်။ “ဗုဒ္ဓဘာသာ သူတော်စင်တို့က ကိုယ့်ဘုရား ကိုယ့်ဟာကိုယ် လှေကားရင်း ထားတယ်ဆိုရင် ဗုဒ္ဓဘာသာ မဟုတ်တဲ့ သူတွေက တက်နင်းတော့မှာပဲ။ ဒီတော့ သူများ တက်မနင်းသေးခင် အမြတ်ဆုံးဖြစ်တဲ့ ဗုဒ္ဓရဲ့ ဆင်းတုတော်တွေကို မွန်မြတ်တဲ့ နေရာမှာ ဒကာကြီး ထားလိုက်စမ်းပါ။ အဲဒါက ပိုပြီးတော့ စိတ်ဝင်စားစရာ ကောင်းပါတယ်”။

“မှန်လှပါ၊ အရှင်ဘုရားတို့ နောက်တစ်ခေါက်လာရင် အဲဒီ လှေကားတက်နားမှာ ဘုရားဆင်းတုတော်တွေကို မတွေ့စေရပါဘူး၊ နေရာပြောင်းလိုက်ပါ့မယ်ဘုရား”တဲ့။ လှေကားတက်နားမှာ ဘုရားဆင်းတုတော်တွေ ရှိ၊ မရှိ နောက်တစ်ခေါက် သွားရင် ကြည့်ရဦးမယ်။

ဘုန်းကြီးတို့ မြန်မာပြည်သူ ပြည်သားတွေကျတော့ ဘုရားဆင်းတုတော်တွေကို လှေကားတက်ထားဖို့အရေး ဝေးရော။

ဘုရားအရိပ်တောင်မှ ကောင်းကောင်းမနင်းရဲကြဘူး။ ဟိုမှာကတော့ ဗုဒ္ဓဘာသာဆိုတဲ့ ပုဂ္ဂိုလ်တစ်ချို့ဟာ အဲဒီလို လှေကားအတက်မှာ ထားတယ်ဆိုတာ ရှိနေပါတယ်။

* * * * * * * * * * * * * * *

## အိန္ဒိယဝန်ကြီးချုပ် နေရူးရဲ့ သမာဓိဆင်းတုတော်

ကမ္ဘာမှာရှိကြတဲ့ ပန်းချီရုပ်ပေါင်းများစွာ၊ ပန်းပုရုပ်ပေါင်းများစွာ ဆင်းတုတော်ပေါင်းများစွာတို့တွင် အံ့သြစရာအကောင်းဆုံးနဲ့ ကြည်ညိုစရာ အကောင်းဆုံးရုပ်ဟာ ဗုဒ္ဓရဲ့ ဆင်းတုတစ်ခုပဲရှိတယ်။

အိန္ဒိယဝန်ကြီးချုပ်နေရူးဟာ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ခါစ ထောင်ထဲမှာ ရောက်နေတော့ အလွန်စိတ်ညစ်ပြီးတော့ ပင်ပန်းတဲ့အခါများမှာ သူ့စားပွဲမှာ ဗုဒ္ဓဆင်းတုတော်တစ်ခုကို တင်ထားပြီးတော့ နာရီပေါင်းများစွာ ထိုင်ပြီးတော့ ဖူးမျှော်ပြီးတော့ ကြည်ညိုတယ်။

အဲဒီလို ကြည်ညိုနေရင် နေရူးဟာ စိတ်ချမ်းသာတယ်လို့ဆိုတယ်။ အဲဒီဆင်းတုက "သမာဓိဆင်းတု"။ သီဟိုဠ်ကျွန်းမဟာစေတီတော်ကြီးရဲ့ အနီးအနားက ကျောင်းတိုက်ဟောင်းကြီးတွေ ရှိပါတယ်။ မဟာဝိဟာရကျောင်းတိုက်တို့၊ ဇေတဝန်ကျောင်းတိုက်တို့ အဘယဂီရိကျောင်းတိုက်တို့ ဆိုပြီးတော့ မဟာစေတီကြီးအနီးမှာ ကျောင်းတိုက်ကြီးတွေရှိတယ်။

အဲဒီ ဇေတဝန်ကျောင်းတိုက်ကြီးထဲမှာ "သမာဓိဆင်းတု" ဆိုတာ ရှိတယ်။ ဒီကနေ့လည်းပဲ ရှိပါတယ်။ သမာပတ်ဝင်စားပြီးတော့နေတဲ့ ဆင်းတုတော်တစ်ခုဟာ အလွန် အံ့သြဖွယ် ကောင်းတဲ့ လက်ရာနဲ့ ထုထားတာ တည်တည်ငြိမ်ငြိမ်နဲ့ တယ်ပြီးတော့ ကျက်သရေရှိတယ်။

ဘုရားဆင်းတုတော်ဟာ တင်ပျဉ်ခွေထိုင်ပြီး လက်ဝါးနှစ်ဖက် ထပ်ပြီးတော့ ဈာန်ဝင်စားနေတဲ့ပုံမျိုး။ သမာပတ်ဝင်စားနေတဲ့ပုံမျိုးကို သရက်ဥယျာဉ်ကြီးထဲမှာ သေသေချာချာ ထုထားတာ "သမာဓိဆင်းတု"တဲ့။

အဲဒီဆင်းတုဓာတ်ပုံကို နေရူးဟာ သူ့ရဲ့စားပွဲပေါ်မှာ တင်ထားပြီးတော့ ကြိမ်ဖန်များစွာ ဖူးတယ်။ အဲဒီလို ဖူးမျှော်ကြည်ညိုရင်းနဲ့ စိတ်ရဲ့ ကြည်လင်ချမ်းသာမှုကို ရခဲ့တယ်ဆိုတဲ့အကြောင်းကို နေရူးကိုယ်တိုင် ရေးခဲ့ဖူးပါတယ်။

ဒါကြောင့် ကမ္ဘာမှာ ရုပ်တုပေါင်းများစွာ ရှိတဲ့အထဲက ဗုဒ္ဓရုပ်ပုံဟာ အလှဆုံး၊ ဗုဒ္ဓရုပ်ပုံမှတပါး အခြားအခြား လူပုဂ္ဂိုလ်တွေ နိုင်ငံရေးခေါင်းဆောင်တွေ မျိုးစုံနေတဲ့ ရုပ်ပုံပေါင်းများစွာထဲမှာ ဗုဒ္ဓပုံတော်ဟာ အံ့သြစရာ အကောင်းဆုံးပုံတစ်ခုဆိုတာကို အိန္ဒိယဝန်ကြီးချုပ်နေရူးက ပြောခဲ့ပါတယ်။

* * * * * * * * * * * * * * *

## အဖိုးထိုက်ရတနာများကို အလွဲသုံးစားမပြုထိုက်

ဒါကြောင့် မြင့်မြတ်တဲ့ပုဂ္ဂိုလ်တစ်ယောက်ရဲ့ ပုံတော်ကို မြင့်မြတ်သောစိတ်ဓာတ်ရှိတဲ့ ပုဂ္ဂိုလ်များကျတော့ အဲဒီလိုတန်ဖိုးထားပြီးတော့ သုံးစွဲသွားတယ်။

ဒါကြောင့် ရတနာဆိုတာ ရတနာစိတ်ရှိမှ သုံးဆောင်ထိုက်တယ်။ ဘုန်းကြီးတို့ ပရိသတ်ရဲ့ လက်ထဲမှာ ရတနာအပြည့်ရှိတယ်။ ဒီလောက်တန်ဖိုးရှိတဲ့ ရတနာတွေကို အလွဲမှားသွားပြီး မသုံးလိုက်ပါနဲ့။

တစ်ဘဝစာ တနပ်စာအတွက် ရောင်းပစ်လိုက်တယ်ဆိုတာ ဘယ်ကောင်းမလဲ။ လုံချည်လေး၊ အင်္ကျီလေး ရဖို့ရန်အတွက် ဘုရားဆင်းတုတော်တွေကို ဟိုမှာ ပို့ပစ်တယ်ဆိုတော့ ဘယ်ကောင်းမလဲ။ တန်ဖိုးရှိတဲ့အရာကို တန်ဖိုးရှိမှန်း သိဖို့လိုပါတယ်။

* * * * * * * * * * * * * * *

## သိက္ခာ(၃) ပါး

သိက္ခာသုံးပါးဆိုတာ

၁။ သီလသိက္ခာ၊

၂။သမာဓိသိက္ခာ၊

၃။ပညာသိက္ခာ၊

ဗုဒ္ဓပေးထားတဲ့ သီလသိက္ခာကို ပြည့်စုံစွာ ကျင့်နိုင်ကြရင်တော့ ကိုယ်နှုတ်နှစ်ပါးရဲ့ ချမ်းသာမှု၊ ကိုယ်နှုတ်နှစ်ပါးရဲ့ ငြိမ်းချမ်းမှုကို တကယ်ရတယ်။

သီလအပြည့်အစုံကျင့်လိုက်ရင် ကိုယ်ကလည်း မလွန်ကျူးဘူး၊ နှုတ်ကလည်း မလွန်ကျူးဘူး။ ဒီသီလရဲ့ သတ္တိကြောင့် ဝီတိက္ကမကိလေသာ (ကိုယ်ထိလက်ရောက် လွန်ကျူးတဲ့ စိတ်) ဟာ ကိုယ်နဲ့နှုတ်အပေါ်မှာ ရပ်သွားတယ်။

သမာဓိရဲ့သတ္တိက စိတ်ရဲ့ သောင်းကျန်းမှုတွေအကုန် ရပ်သွားတယ်။ စိတ်သောင်းကျန်းမှုတွေဟာ သမာဓိဖြစ်တဲ့အချိန်မှာ ရပ်သွားတာပဲ။

သမာဓိမဖြစ်ရင် စိတ်တွေဟာ အမြဲတမ်း သောင်းကျန်းတာပဲ။ ဒါကြောင့် သမာဓိသိက္ခာကျင့်ရင် ပရိယုဋ္ဌာနကိလေသာ (ထကြွသောင်းကျန်းလိုတဲ့စိတ်) တွေဟာ ရပ်ဆိုင်းသွားတယ်။

ကိုယ် နှုတ်ရဲ့ ကျူးလွန်မှု၊ စိတ်ရဲ့ ထကြွသောင်းကျန်းမှုတွေ ရပ်ဆိုင်းသွားတာတော့ ဟုတ်ပါပြီ။ အဲဒီ ရပ်ဆိုင်းသွားတာဟာ တကယ်အပြီးတိုင် ရပ်ဆိုင်းသွားသလားလို့ ဆိုတော့ အပြီးတိုင် ရပ်ဆိုင်းသွားတာတော့ မဟုတ်သေးဘူး။

အပြီးတိုင် ရပ်ဆိုင်းသွားဖို့ရာဆိုတာက "ပညာသိက္ခာ"ကို တဆင့်တက်ရတယ်။

ပညာသိက္ခာဆိုတာ ပရမတ္ထ ဓမ္မတို့ရဲ့ လက္ခဏာကို သိမြင်အောင် ကျင့်ရတဲ့ အကျင့်သည် “ပညာ”။ အခိုးထသလို စိတ်ရဲ့ သောင်းကျန်းမှုတွေ တထောင်းထောင်း ထနေတာကို အနည်ထိုင်သွားအောင်လုပ်တာက “သမာဓိ”။

ကိုယ်နှုတ်နှစ်ပါးရဲ့ လွန်ကျူးမှုတွေကို ရပ်တန့်သွားအောင်လုပ်တာက “သီလ”။

ဗုဒ္ဓပေးထားတဲ့ သိက္ခာကြီးသုံးခုဟာ တကယ်ကိုပဲ ငြိမ်းချမ်းတဲ့ တရားကြီး သုံးမျိုးပဲ။

၁။သီလသိက္ခာကျင့်ရင် ကိုယ်နှုတ်နှစ်ပါး ငြိမ်းချမ်းမှုရတယ်။

၂။သမာဓိသိက္ခာကျင့်ရင် စိတ်ရဲ့သောင်းကျန်းမှုတွေ ချုပ်ငြိမ်းစေပါတယ်။

၃။ပညာသိက္ခာကိုကျင့်ရင် ပရမတ္ထတရားတို့ရဲ့ လက္ခဏာကို သိပြီးတော့ ကိုယ် နှုတ် စိတ် သုံးပါးစလုံးတို့ရဲ့ ငြိမ်းချမ်းမှုကို အပြီးတိုင်ရတယ်။

ဘုန်းကြီးပြောခဲ့တဲ့ အတွေ့အကြုံလေးဟာ နည်းနည်းလေးပါ။ အများကြီးမဟုတ်ပါဘူး။ အနည်းငယ်မျှသော ထိုအတွေ့အကြုံလေးထဲက ကောက်နှုတ် ကောက်နှုတ်ပြီးတော့ ပြောခဲ့တာတွေကို စီစဉ်ကြည့်ရင် မပြည့်စုံတဲ့ သိက္ခာတွေကို တွေ့ကြရမယ်။

ပြည့်စုံတဲ့ သိက္ခာတွေမဟုတ်ကြဘူး။ မပြည့်စုံတဲ့ သိက္ခာတွေကို တွေ့ကြရလိမ့်မယ်။ မပြည့်စုံတဲ့ သိက္ခာတွေဖြစ်ကြောင်း ထင်ရှားတဲ့ သာဓကတစ်ခု ပြောချင်သေးတယ်။

ဗုဒ္ဓဂါယာမှာ ဘုန်းကြီးတို့ တွေ့ဆုံခဲ့ရတဲ့ လူတွေထဲက နှစ်ယောက်သောပုဂ္ဂိုလ်ဟာ အီတလီနိုင်ငံက လာကြတာ။ သူတို့ကလည်း ဘုန်းကြီးတို့ တည်းခိုတဲ့ မြန်မာကျောင်းမှာပဲ တည်းခိုကြတယ်။

မြန်မာကျောင်းမှာ နိုင်ငံခြားသားအားလုံးက ဥရောပတိုက်သားတွေများတယ်။ နိုင်ငံခြားသား ၁၈၀–လောက် တည်းခိုနေကြတဲ့ အထဲမှာ အီတလီက လူနှစ်ယောက်။ သူတို့ကတော့ လူဝတ်ကြောင်နဲ့ပဲ၊ အဲဒီလူနှစ်ယောက်နဲ့ ဘုန်းကြီးဟာ ဗောဓိပင်ရဲ့ အနောက်ဘက်နားမှာ မကြာ မကြာ ဆုံလေ့ရှိတယ်။

သူတို့ တရားထိုင်ကြတယ်။ သူတို့ တရားထိုင်တဲ့အနား ဘုန်းကြီးက မသွားပါဘူး။ တစ်နေရာတည်းမှာ တည်းကြခိုကြတာဆိုတော့ ညမှာလည်း စကားပြောခွင့်ရတယ်ဆိုပြီး မသွားတော့ဘူး။ တစ်ညမှာတော့ တည်းခိုတဲ့ ကျောင်းထဲက သစ်ပင်ရိပ်ကလေးမှာ ထိုင်ရင်းနဲ့ “မင်းတို့ ဘယ်လိုတရားအားထုတ်ကြသလဲ၊ ပြောစမ်းပါ”လို့ မေးကြည့်တယ်။

* * * * * * * * * * * * * * *

## အနတ္တကို ကျုပ်မယုံဘူးတဲ့

အဲဒီလိုမေးတော့ သူတို့က ပြောတယ်။ "ကျုပ်တို့ ဝိပဿနာရှုတာပါပဲ၊ သမထ မဟုတ်ပါဘူး"။

"ဒကာကြီး ဝိပဿနာ ဘယ်လိုရှုသလဲ၊ ဘာတွေကို ရှုသလဲ"။

"စတင်ကာစမှာ အာနပါနနဲ့ သမာဓိယူလိုက်ပါတယ်၊ သမာဓိတော်တော်ရပြီဆိုတော့မှ ဟောဒီခန္ဓာထဲမှာ ရှိတဲ့ သဘောတွေကို ရှုပါတယ်ဘုရား"။

"ခန္ဓာထဲမှာ ဘာသဘောတွေ ရှိသလဲ ဒကာကြီး"။

"အနိစ္စတွေ ရှိတယ်၊ ဒုက္ခတွေ ရှိတယ်"။

"ဒကာကြီး အနတ္တကော မရှိဘူးလား"။

"**I don't believe Anatta** အနတ္တ (အတ္တမရှိ) ဆိုတာကို ကျုပ်မယုံဘူး"။

တော်တော်ခက်တဲ့ ဒကာကြီးပဲ။ အနိစ္စနဲ့ ဒုက္ခကို တော့ ယုံတယ်၊ အနတ္တကိုတော့ မယုံဘူးတဲ့။

"ဒကာကြီး ဘာကြောင့် အနတ္တကို မယုံသလဲ"။

"အရှင်ဘုရား စဉ်းစားကြည့်၊ အတ္တမရှိဘူးဆိုရင် လူတစ်ယောက်သေသွားပြီးရင် နောက်ဘဝတစ်ခုကို ဘယ်သူ ပြောင်းသွားသလဲ၊ ဘယ်လိုလုပ်ပြောင်းမှာလဲ၊ ဘဝတစ်ခုမှ တစ်ခုသို့ ပြောင်းပြောင်း ပြောင်းပြောင်းပြီးတော့ သွားနေတယ်ဆိုတာက **Soul** လို့ခေါ်တဲ့ အတ္တလေးက ပြောင်းနေတာ"။ အဲဒါ သူတို့ရဲ့ အယူအဆ။

အဝိဇ္ဇာ, တဏှာ, ကံ ဆိုတာကို သူတို့ လက်မခံကြဘူး။ မစဉ်းစားကြဘူး။ စဉ်းစားရင်လည်းပဲ အဲဒါကို သူတို့ ဉာဏ်မမီဘူး။

ဘဝဟောင်းမှ ဘဝသစ်သို့ လူတစ်ယောက်ပြောင်း သွားတယ်ဆိုတာကိုတော့ သူတို့ ယုံကြည်ကြတယ်။ နောက်ဘဝရှိတာကိုလည်း ယုံကြည်ကြတယ်။ နတ်ပြည်၊ ဗြဟ္မာပြည်ရှိတယ်ဆိုတာကိုလည်း ယုံကြည်တယ်။ လူသေပြီးရင် လူပြန်ဖြစ်နိုင်သေးတယ်။ နတ်လည်း ဖြစ်နိုင်တယ်။ ပြိတ္တာ၊ အသုရကာယ်၊ တိရစ္ဆာန်တို့ ဖြစ်နိုင်သေးတယ်။ အဲဒါကိုလည်း သူတို့ယုံကြည်ကြပါတယ်။

သူက ဆက်ပြောသေးတယ်။ "အဲဒီ တမလွန်ဘဝကို ပြောင်းတာကတော့ အတ္တ(ဝိညာဉ်)က ပြောင်းသွားတာပဲ၊ အဝိဇ္ဇာ, တဏှာ, ကံကိုတော့ ကျုပ်တို့ မသိဘူး"တဲ့။

ဒီလိုဖြစ်နေတယ်။ ဒီခန္ဓာအိမ်ကြီး ပျက်သွားပေမယ့် ခန္ဓာအိမ်ထဲမှာ ကိန်းနေတဲ့ အတ္တကလေး(ဝိညာဉ်)ဟာ မပျက်ဘဲနဲ့ နောက်ခန္ဓာတစ်ခုထဲ ဝင်သွားတာ။ နောက်ခန္ဓာတစ်ခုက ပျက်ပြန်ရင်လည်း အဲဒီခန္ဓာက ထွက်ပြီးတော့ နောက်ခန္ဓာတစ်ခုထဲကို ဝင်သွားတာ။ ဒီအတ္တလေး(ဝိညာဉ်)ဟာ မပျက်ဘဲနဲ့ တစ်ခန္ဓာမှ တစ်ခန္ဓာသို့ ပြောင်းပြောင်း ပြောင်းပြောင်းပြီးတော့ သူရွှေ့နေတယ်တဲ့။ ဘဝပြောင်းတဲ့နည်း။

* * * * * * * * * * * * * * *

## အတ္တကိုကိုးကွယ်ရမယ်တဲ့

ဘုန်းကြီးက ကြိုးစားပြီးတော့ ရှင်းပြတယ်။ မျိုးစေ့လေးတစ်ခုမှာ အပင်ပေါက်တဲ့ သတ္တိကလေးရှိတယ်။ ထိုအပင်ပေါက်စေတတ်တဲ့ သတ္တိကလေးဟာ မြေကြီး ရေတို့နဲ့တွေ့တဲ့အခါမှာ အပင်ပေါက်လာတယ် မြေ၊ ရေသာ မရှိရင် ဒီမျိုးစေ့ဟာ အပင်မပေါက်ဘူး။ မျိုးစေ့ကို မြေနဲ့ပေါင်း ရေနဲ့ပေါင်းရင် အောက်၌ အမြစ်တွယ်ခြင်း၊ အထက်၌ အညွန့်အညှောက် တက်ခြင်းဆိုတာ ဖြစ်သလိုပါပဲ။

ကံဆိုတဲ့မျိုးစေ့ဟာ အဝိဇ္ဇာ, တဏှာ, ဆိုတဲ့ မြေနဲ့ ရေနဲ့ပေါင်းမိတဲ့အခါကျတော့ ဇာတိဆိုတဲ့အညွန့်ကလေး တက်လာတယ်။ ခန္ဓာဆိုတဲ့ အပင်ကလေးပေါက်လာတယ်။

နောက်တစ်ခါ အပင်ပေါက်တဲ့ ဘဝသစ် ခန္ဓာသစ်မှာ "ဘဝကိုသာယာတယ် မက်မောတယ်" ဆိုတဲ့ တဏှာက အမြစ်တွယ်တာ။

အဲဒီသဘောတရားလေးကို သူတို့နားမလည်ကြဘူး။ ဒါက အဘိဓမ္မာသဘောတရား။ အဘိဓမ္မာဆိုတာက သိမ်မွေ့တယ်။ နက်နဲတယ်။ သူတို့က နားမလည်ကြဘူး။

ပြီးတော့ သူတို့က ပြောသေးတယ်။ "အတ္တ(ဝိညာဉ်) သာမရှိရင် လူတွေလို နေလို့လည်း မဖြစ်ဘူး။ သေလို့လည်း မဖြစ်ဘူး။ အတ္တရှိလို့ နေဖြစ်တာ။ အတ္တကိုမှီနေရတာ။ နောက်ဘဝပြောင်းတာ အတ္တ(ဝိညာဉ်) လို့ခေါ်တဲ့ အရာဝတ္ထုက ပြောင်းတာပဲ၊ ဒါကြောင့် ဝိပဿနာရှုတဲ့အခါ အနိစ္စကို ရှုပါတယ်၊ ဒုက္ခကို ရှုပါတယ်၊ အနတ္တကတော့ ကျုပ်တို့ မရှုပါဘူး"တဲ့။

"ဒကာကြီး ဗုဒ္ဓက အနတ္တကို ဟောတယ်မဟုတ်လား"။

"အရှင်ဘုရား ဗုဒ္ဓက အတ္တကို ဟောတာပါ"။

"အဲသလိုဆိုရင် ဒကာကြီး အထောက်အထားပြပါ"။

"အတ္တာဟိ အတ္တနော နာထော၊ ကောဟိ နာထော ပရောသိယာ၊ အတ္တသမံ ပေမံ နတ္ထိ (ဓမ္မပဒ)လို့ ဘုရားဟောထားပါတယ်"။

သူတို့လည်း ရတာပဲ။ အထင်မသေးနဲ့။ ဒါပေမယ့် စာရဲ့ သဘောတရားကို နားမလည်ဘူး။ စာရဲ့ အဓိပ္ပါယ်ကို ကောင်းကောင်းမသိဘူး။

ပိဋကတ်သုံးပုံရှိတိုင်း တရားရှိတာ မဟုတ်။ အမှန်အတိုင်း နားလည်ဖို့လိုသေးတယ်။ တရားနာတိုင်းလည်း တရားသံကို ကြားရတာမဟုတ်။ သဘောပေါက်ဖို့ လိုသေးတယ်။

မျက်စိရှိတိုင်းလည်း ဘုရားကို မြင်တာမဟုတ်။ ကြည့်တတ်ဖို့လိုသေးတယ်။ ဘုရားမမြင်လို့ လေ့ကားရှင်းထားတာ။

ဒါကြောင့် သူတို့က အခုလို ပြောကြတာ။ "အရှင်ဘုရား ဘုရားက ဟောထားပါတယ်၊ အတ္တာဟိ အတ္တနော နာထော- အတ္တကို အားကိုးရမယ်"။

"အတ္တသမံ ပေမံ နတ္ထိ- အတ္တဟာ ချစ်စရာ အကောင်းဆုံးပဲ"။

"အတ္တသရဏာ အနညသရဏာ- အတ္တကို ကိုးကွယ်ရမယ်ဆိုပြီး ဟောထားပါတယ်"တဲ့။

သူတို့က ဆက်ပြောပုံလေးကို နားထောင်ကြည့်၊ ဘယ်လောက်ထိနားလည်မှု လွဲနေသလဲဆိုတာ ပေါ်လွင်လိုက်တာ။

"အရှင်ဘုရား ဒီစကားတွေကို ထောက်ဆလိုက်ရင် အားကိုးရမယ့်တရား၊ ကိုးကွယ်ရမယ့်တရား၊ ချစ်ခင်ရမယ့်တရားတွေဟာ အတ္တ(ဝိညာဉ်)ပဲ။ အဲဒီ အတ္တကို ဝိပဿနာရှုပစ်လို့ ဘယ်ဖြစ်မှာလဲ၊ ဒါလေးကို ကိုးကွယ်ထားရမှာ"တဲ့။ အခ်ပွါယ်အယူအဆက တော်တော်မှားနေတယ်။

* * * * * * * * * * * * * * *

## ဝိပဿနာလုပ်ငန်းပြည့်စုံဖို့ဆိုတာ

ဒါကြောင့် ဒီအတ္တကို မပယ်ဘူးဆိုရင် ဝိပဿနာက ဖြစ်ကို မဖြစ်ဘူးဆိုတာ မှတ်သာထား။ "အတ္တဒိဋ္ဌိ" နဲ့ "သက္ကာယဒိဋ္ဌိ" သည် အတူတူပဲ။ အတ္တဒိဋ္ဌိကို အခြေခံရင် ဒိဋ္ဌိ (၆၂) ပါး အကုန်ဖြစ်တယ်။

ဒါကြောင့် အနိစ္စလို့၊ ဒုက္ခလို့ ဘယ်လိုပဲ ရှုနေရှုနေ၊ "အနတ္တ"ကို မရှုကြသမျှတော့ အတ္တဝါဒကို မစွန့်နိုင်၊ မပယ်နိုင်ဘူး။ ဒီလိုမပယ်နိုင်ရင် "ဝိပဿနာပညာ" ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

ဝိပဿာလုပ်ငန်းဆိုတဲ့ ပညာသည် အဲဒီအတ္တကိုမှ မပယ်ရင် ပြည့်ကို မပြည့်စုံဘူးဆိုတာကို ကောင်းကောင်းကြီး မှတ်သားကြစေလိုပါတယ်။

* * * * * * * * * * * * * * *

## အဝိဇ္ဇာ, တဏှာ, ကံကြောင့် ဖြစ်လာတာ

ဘဝဟောင်းနဲ့ ဘဝသစ်ပြောင်းတာဟာ အဝိဇ္ဇာ၊ တဏှာ၊ ကံတို့နှင့် ပတ်သက်နေတယ်။ အတ္တ(ဝိညာဉ်)နှင့် လုံးဝ ပတ်သက်မှု မရှိဘူး။

ဒီဘက်ဘဝဆိုတာက အကြောင်း၊ ဟိုဘက်တမလွန်ဘဝဆိုတာက အကျိုး။ အဲဒီလို အကြောင်းအကျိုး ဆက်စပ်နေတယ်။

မျိုးစေ့ဟာ မြေ, ရေတို့နဲ့တွေ့ရင် အပင်သစ်ပေါက်တယ်။ အဲဒီအပင်သစ်ထဲမှာ မျိုးစေ့သည် မရှိတော့ဘူး။ မျိုးစေ့ရှာမရတော့ဘူး။ အပင်ပဲ ထင်ထင်ရှားရှား ကျန်ရစ်တယ်။

အဝိဇ္ဇာ(မသိမှု)သည် မြေနှင့်တူပါတယ်။ တဏှာ(လိုချင်မှု)သည် ရေနှင့်တူပါတယ်။ ကံ(ကုသိုလ်ကံ အကုသိုလ်ကံ)သည် မျိုးစေ့နှင့်တူပါတယ်။

ဘဝဟောင်းက မြေဓာတ် ရေဓာတ်နဲ့ မျိုးစေ့ဓာတ်တို့ကြောင့် "ဘဝခန္ဓာသစ်" ဆိုတဲ့ အပင်သစ်ကလေးပေါက်တာ။

ဘဝခန္ဓာသစ်ဆိုတဲ့ အပင်သစ်ထဲမှာ ဒီဘက်က ကံဆိုတဲ့မျိုးစေ့ကတော့ ပါမသွားဘူး။ ကံဆိုတဲ့မျိုးစေ့သည် ဟိုဘက်ကို လိုက်တော့မသွားဘူး။ ဒီကံဆိုတဲ့မျိုးစေ့ရှိလို့လည်းပဲ ဟိုဘက်မှာ ခန္ဓာသစ်ဆိုတဲ့ အပင်သစ်ပေါက်တာ။

ဥပမာ ကိုယ်လုံးပေါ် မှန်ကြီးတစ်ချပ်ကို ရှေ့မှာ ထောင်ထားရင် မှန်ထဲမှာ လူအရိပ်ထင်တယ်။ မှန်ထဲက အရိပ်သည်ဒီလူပဲလား။ မဟုတ်ဘူး။ ဒါဖြင့် တခြားစီလား။ မဟုတ်ဘူး။ မှန်ထဲက အရိပ်နဲ့ ဒီလူက တသားတည်းပဲ။

ဟိုဘက်က မှန်ဆိုတဲ့ ဘဝသစ်လည်း ရှိနေတယ်။ ဒီဘက်က ကိုယ်ပြုလုပ်ထားတဲ့ အဝိဇ္ဇာ၊ တဏှာ၊ ကံဆိုတဲ့ လူကြီးကလည်း ရှိနေတယ်။

ဘဝဟောင်းနဲ့ ဘဝသစ်ကူးတယ်ဆိုတာ မှန်ထဲမှာ အရိပ်ထင်သလိုပါပဲ။

* * * * * * * * * * * * * * *

## ဝိပဿနာတခြမ်းပဲ့

အဲဒါကို နားမလည်တော့ အတ္တကို လက်ခံပြီး အတ္တက တစ်ဘဝမှ တစ်ဘဝကူးတာဆိုတော့ အကုန်လုံးမှားကုန်တယ်။

အဲဒီလိုမှားတော့ ဝိပဿနာရှုတဲ့အခါ အနိစ္စ၊ ဒုက္ခပဲ ရှုတယ်၊ အနတ္တကို မရှုဘူး။ ဒီလိုဆိုရင် "ဝိပဿနာတခြမ်းပဲ့" ဖြစ်နေမှာပေါ့။ သတိထားရမည့် အချက်တွေ။ နားမလည်တော့ နည်းမမှန်တော့ဘူး။ နည်းမမှန်ရင် ပန်းတိုင်ကို ဘယ်လိုနည်းနှင့်မှ မရောက်နိုင်တော့ဘူး။

* * * * * * * * * * * * * * *

## အတ္တစွဲပညာတတ်နှစ်ယောက်

ပိဋကတ်သုံးပုံကို လန်ဒန်ပါဠိအသင်းကြီး **L.P.T.S (London Pali Text Society)** ကနေ အကုန်လုံး အင်္ဂလိပ်လို ဘာသာပြန်ပြီးသားရှိတယ်။

အဲဒီပိဋကတ်သုံးပုံကို ဘာသာပြန်တဲ့နေရာမှာ ဦးဆောင်ကြတာက ရစ်စ်ဒေးဗစ်လို့ခေါ်တဲ့ ဇနီးခင်ပွန်း နှစ်ယောက်။

သူတို့ဟာ ပိဋကတ်သုံးပုံကို ကြေကြေညက်ညက် တစ်ခါတည်း ဖတ်လိုက်တဲ့ဖြစ်ခြင်း၊ ဘာသာလည်း ပြန်တယ်။ ကောက်နုတ်ချက်တွေလည်း ရေးကြတယ်။

ပိဋကတ်ကို အင်္ဂလိပ်လို ဘာသာပြန်ပြီး ကမ္ဘာကို ဖြန့်ထားတဲ့ အဲဒီပညာတတ် ဇနီးခင်ပွန်း နှစ်ယောက်ဟာ အနတ္တဆိုတာကို လက်မခံကြဘူး။ သူတို့လည်း အတ္တသမားတွေပဲ။

ဒီအကြောင်းကို ဆရာတော်ကြီး ဦးသေဋ္ဌိလ အမိန့်ရှိလို့ ဘုန်းကြီးတို့ သိရတာ။ ဆရာတော်ကြီးက ပြောတယ်၊ "ပညာတတ် ဒီအဘိုးကြီးနဲ့ အဘွားကြီးကို ငါ အနတ္တကို ဟောတယ်၊ သူတို့ လက်ကို မခံကြဘူး"။

"ဘဝကူးတာဟာ အတ္တ(ဝိညာဉ်)က ကူးတာပါ။ ***'အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တ သရဏာ- အတ္တကို ကိုးကွယ်ရမယ်'*** လို့ ဘုရားက ဟောထားတာပဲ ဆိုပြီးတော့ သူတို့ အတ္တကို စွဲလမ်းနေကြတယ်"တဲ့။

တချို့ တချို့နေရာတွေမှာ ဘုရားရှိပေမယ့် တရားမရှိပြန်ဘူး။ တရားရှိပေမယ့် သံဃာမရှိပြန်ဘူး၊ ဒီလိုမဟုတ်လား။ ဘုရားနဲ့တရားရှိတယ်။ သံဃာမရှိဘူး။ သံဃာရှိတယ်။ တရားမရှိဘူး။ဒီလိုတွေဖြစ်နေကြတယ်။

နောက်ပြီးတော့ အနိစ္စ၊ ဒုက္ခရှိတယ်၊ အနတ္တမရှိဘူး။ အနတ္တရှိတယ်၊ အနိစ္စမရှိဘူး။

သမာဓိရှိလျက်နဲ့ သီလမပါဘူး။ သီလ၊ သမာဓိရှိလျက်နဲ့ ပညာမပါဘူး။ သူတို့ခမျာ အပြည့်အစုံမသိကြဘူး။ ဒါ ဘာကြောင့်လဲ၊ ထေရဝါဒသာသနာ မထွန်းကားလို့ ဒီလိုဖြစ်နေတာ။

* * * * * * * * * * * * * * * *

## အိန္ဒိယပြည်မှာ ဗုဒ္ဓဘာသာ ဘာ့ကြောင့် ကွယ်သလဲ

ဒီတော့ သာသနာကွယ်ခြင်းရဲ့ အကြောင်းနဲ့ပတ်သက်လို့ ဘုန်းကြီးတို့ကို မေးလိုက်တဲ့ မေးခွန်းတစ်ခုကိုပြောပါမယ်။ နယူးဒေလီမှာ အသံလွှင့်ဌာနက မေးပါတယ်။

"အရှင်ဘုရား အိန္ဒိယပြည်မှာ ဗုဒ္ဓသာသနာ ဘာကြောင့်ကွယ်ရသလဲ"လို့ မေးပါတယ်။ ဒီတော့ ဘုန်းကြီးကဖြေလိုက်ပါတယ်။

"ဗုဒ္ဓသာသနာ ကွယ်သွားရတာဟာ ဘုန်းကြီးတို့ လေ့လာလို့ရသလောက် ပြောရရင် အခြေခံ အကြောင်း ၃–ခုကို တွေ့ရပါတယ်။

၁။ ဇာတ်ဝါဒ အလွန်ပြင်းထန်ခြင်း၊ (လူတန်းစားခွဲခြားမှု)

၂။ အတ္တဝါဒ အလွန်ပြင်းထန်ခြင်း၊ (အစွဲကြီးမှု)

၃။ သဒ္ဓါတရားနည်းပါးခြင်း–

တို့ကြောင့် အိန္ဒိယမှာ ဗုဒ္ဓသာသနာ ကွယ်ခဲ့ရပါတယ်"။ အဲဒီလို ဘုန်းကြီး ဖြေခဲ့ပါတယ်။

(အဲဒီ အမေးနဲ့ အဖြေတွေကို အသံလွှင့်ဌာနမှာ အသံသွင်းခဲ့တာ အချိန်အားဖြင့် မိနစ်–၄၀ ရှိပါတယ်။)

"ဇာတ်နိမ့်တယ်၊ ဇာတ်မြင့်တယ်၊ အမျိုးယုတ်တယ်၊ အမျိုးမြတ်တယ်" ဆိုပြီးတော့ လူတန်းစားခွဲခြားတဲ့စနစ်ဟာ အိန္ဒိယမှာ အလွန်ပြင်းထန်တယ်။

ဇာတ်နိမ့်တဲ့ ပုဂ္ဂိုလ်က ရေတစ်အိုးမှာ သောက်သွားလို့ရှိရင် ဇာတ်မြင့်တဲ့ ပုဂ္ဂိုလ်က အဲဒီရေအိုးကို ခွဲပစ်တယ်။ အဲဒီရေအိုးမှာ သူ မသောက်တော့ဘူး။

ဇာတ်မြင့်ပုဂ္ဂိုလ်တို့ရဲ့ နေရာကို ဇာတ်နိမ့်ပုဂ္ဂိုလ်တစ်ယောက်တက်လာရင် အဲဒီနေရာ ရေဆေးပစ်တယ်။ ဝိဋ္ဋူပတို့ရဲ့ အတ္ထုပ္ပတ္တိနဲ့ သိနိုင်ပါတယ်။

အဲဒီလို အတန်းအစားတွေက သိပ်ခွဲခြားလွန်းတဲ့အခါကျတော့ အနိမ့်ခံရတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဇာတ်မြင့်ဆိုတဲ့ အဆင့်အတန်းမြင့်တဲ့ လူတန်းစားတွေဟာ ပဋိပက္ခ အမြဲတမ်းဖြစ်နေကြတယ်။

* * * * * * * * * * * * * * * *

## “အနတ္တ” ဖြင့် ဇာတ်ဝါဒကို တိုက်ဖျက်တော်မူခဲ့

အဲဒီပဋိပက္ခတွေရဲ့ အကြားမှာ မြတ်စွာဘုရားက ပွင့်ပေါ်လာပြီးတော့ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောမှာ “အနတ္တဒေသနာ”ကို ကြွေးကြော်ပြီး ဇာတ်ဝါဒကို တိုက်ဖျက်တော်မူခဲ့တယ်။

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်ဆိုတာ ပင်လယ်ကြီးနဲ့တူတယ်။ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာက ရေတွေ ပင်လယ်ကြီးထဲ ရောက်ရင် အဲဒီမြစ်ပေါင်းများစွာက စီးဆင်းသောရေ အားလုံးတို့သည် “ငန်တယ်” ဆိုတဲ့ အရသာထဲမှာ တစုတည်း ပေါင်းသွားကြတယ်။

ဂင်္ဂါ၊ ယမုနာ၊ အစီရဝတီ၊ ဘယ်မြစ်က ဘယ်ရေရယ်လို့ ပင်လယ်ထဲမှာ ခွဲခြားလျက်မရှိတော့ဘူး။ တစ်မျိုးတည်း ပေါင်းခဲ့ပါတယ်။

ဘုရားသာသနာတော်ထဲကို ဆင်းရဲတဲ့လူ ဝင်လာလည်း သူကျင့်ရမယ့် အကျင့်တရားဟာ သိက္ခာသုံးပါးပါပဲ။ စကြဝတေးမင်းကြီး ရဟန်းပြုရင်လည်း ကျင့်ရမယ့်တရားဟာ ဒီသိက္ခာသုံးပါးပါပဲ။ နူနာစွဲနေတဲ့ ပုဂ္ဂိုလ်ကြီး တစ်ယောက် ဘုရားသာသနာမှာ ဝင်လာရင်လည်း ကျင့်ရမယ့်တရားဟာ ဒီသိက္ခာသုံးပါးပါပဲ။

ကျင့်စရာ ကွဲကွဲပြားပြား ခြားနားမှုဆိုတာ မရှိဘူး။ ဘယ်လူမျိုးပဲဖြစ်ဖြစ် ဘုရားသာသနာ ဝင်လာလို့ရှိရင် ကျင့်စရာဟာ တစ်မျိုးတည်းသာလျှင် ရှိတယ်။ အဲဒါဟာ ဘုရားသာသနာတော်ရဲ့ ထူးခြားတဲ့ အခွင့်အရေးကြီးတစ်ခုပဲ။

တချို့နေရာတွေကျတော့ အမျိုးမျိုးခွဲတယ်။ ဘယ်သူက ဘယ်ကျင့်ကျင့်၊ ဘယ်ပုဂ္ဂိုလ် ဘယ်အကျင့် မကျင့်ရ၊ ဘယ်ပုဂ္ဂိုလ် ဘယ်နေရာ မတက်ရဆိုပြီးတော့ မျိုးကိုစုံလို့။

ဘုရားသာသနာကျတော့ ကျင့်ရမည့် သိက္ခာတွေဟာ ဘယ်လိုလူမျိုး လာခဲ့လာခဲ့ ဒါပဲ၊ တခြားမရှိဘူး။ ကောင်းပြီ အဲဒီသိက္ခာသုံးပါးကို ကျင့်ပြီးတဲ့ အခါကျပြန်တော့ အရဟတ္တဖိုလ်ပေါက်လို့ နိဗ္ဗာန်ရပြီ ဆိုလို့ရှိရင် ဘယ်လူမျိုးမြင်တဲ့ နိဗ္ဗာန်ဖြစ်ဖြစ် တစ်မျိုးတည်းပဲ။

ပြည့်တန်ဆာအမျိုးသမီး ရဟန်းပြု၊ နိဗ္ဗာန်မြင်တော့လည်းပဲ ရှင်ဘုရားကြီးများနဲ့ သာကီဝင် မင်းသမီးကြီးများ မြင်သွားတဲ့ နိဗ္ဗာန်ပါပဲ။ ဘာမှ မထူးခြားဘူး။

အမ္ဗပါလီပြည့်တန်ဆာမကြီး ရဟန်းပြု၊ ရဟန္တာဖြစ်ပြီးတော့ မြင်သွားတဲ့ နိဗ္ဗာန်ရယ်၊ မိထွေးတော် ဂေါတမီတို့မြင်သွားတဲ့ နိဗ္ဗာန်ရယ်၊ တခြားစီမဟုတ်ဘူး။ အတူတူပဲ။ ဘုရားသာသနာက အဲဒီလောက် ကောင်းတာ။ ဘုရားသာသနာကလွဲရင် တခြားမှာ ဒီလောက်အခွင့်အရေးကို ဘယ်မှာမှ မပေးပါဘူး၊ ဘုရားသာသနာက ဇာတ်စနစ်ကို အကုန်လုံး ပြောင်းပြန်လှန် ပစ်လိုက်တယ်။ အတန်းအစားခွဲခြားတဲ့စနစ်ကို ဘုရားသာသနာက ပြောင်းပြန်လှန်ပြီးတော့ အကုန်လုံး ပစ်ပယ်လိုက်တယ်။

ကမ္ဘာဦး လူ စပေါ်ကတည်းက စွဲလာတဲ့ “အတ္တ” ဝါဒကြီးကိုလည်း အမြစ်ကနေ ဖြိုပြီးတော့ “အနတ္တ(ဝိညာဉ်ဆိုတာမရှိ)” ဆိုပြီးတော့ ကြွေးကြော်ခဲ့တယ်။

“အနတ္တ”လို့ ဆိုပြီးတော့ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့က ကြွေးကြော်ခဲ့တယ်။

ဝါဆိုလပြည့်နေ့ကစပြီး လပြည့်ကျော် ၄ ရက်နေ့ထိ ဓမ္မစကြာတရားကို ဟောပါတယ်။ ဓမ္မစကြာတရားပွဲဟာ ၅ ရက်ဖြစ်သွားတယ်။ အဲဒီမှာ ပဥ္စဝဂ္ဂီငါးဦးဟာ သောတာပန်ဖြစ်ကြတယ်။

ဝါဆိုလပြည့်ကျော် ၅ ရက်နေ့လည်းရောက်ရော အဲဒီသောတာပန် ငါးပါးကိုပေါင်းပြီးတော့ "အနတ္တ"လို့ တစ်လုံးတည်းဟောလိုက်ပါတယ်။

"အနတ္တဒေသနာ" ဆုံးတဲ့အခါ ထိုငါးပါးသော ရဟန်းတော်တို့ ရဟန္တာဖြစ်ကြပါတယ်။ ထိုမထေရ်သူမြတ်တို့ရဲ့ စိတ်တွေဟာ ဘဝအစွဲမှ မရှိတော့ဘူး။

၁။ ကာမပေါ်မှာ၊

၂။ ဘဝပေါ်မှာ၊

၃။ အယူမှားတွေပေါ်မှာ၊

၄။ အတ္တပေါ်မှာ ငြိကပ်ခြင်းမရှိဘဲ ရဟန္တာဖြစ်ကြပါတယ်။

အိုင်ကြီးတစ်ခုမှာ ရွံ့တွေရှိတယ်, ညွန်တွေရှိတယ်, ရေတွေရှိတယ်, ရွံ့ညွန်နဲ့ ရေအပြည့်ရှိတဲ့ အိုင်ထဲမှာ ကြာတွေစိုက်ထားတယ်။

* * * * * * * * * * * * * * *

## ဓမ္မနဲ့ ပူဇော်ခဲ့သေးတယ်

အဲဒီရွံ့ညွန်ထဲက ရေထဲက ထိုးထွက်လာတဲ့ ကြာဖူးကြီးဟာ နေနှင့်တွေ့လို့ ကားကားစွင့်စွင့် ပွင့်နေတဲ့အခါ ကြည့်လိုက်စမ်းပါ။

ရွံ့များ ပေသလားဆိုတော့ မပေတော့ဘူး။ ရေလည်းမစိုတော့ဘူး။ ရေနဲ့ ရွံ့ထဲက ထိုးထွက်လာတဲ့ ကြာပွင့်ဟာပွင့်လို့ရေပေါ်လည်း ရောက်လာရော ရေလည်းမစို၊ ရွံ့ညွန်အိုင်ကြီးထဲမှာ အောင်းနေခဲ့ရတဲ့ ဒီစိတ်ဟာ လွတ်ထွက်သွားတယ်။ ဘဝမှ မကပ်တော့ဘူး။

ဘုန်းကြီး မိဂဒါဝုန် ရောက်တုန်းက အခုလို တစ်ယောက်တည်း အားပါးတရ ရွတ်ဖတ်ခဲ့သေးတယ်။ "တေသံ ပဥ္စဝဂ္ဂိယာနံ ဘိက္ခူနံ၊ ထိုငါးပါးသော ရဟန်းတော်တို့၏။ စိတ္တာနိ၊ စိတ်တို့သည်ကား။ အနုပါဒါယ၊ တစ်စုံတစ်ခုသော ဥပါဒါန်ဖြင့် ငြိကပ်ခြင်းမရှိဘဲ။ အာသဝေဟိ၊ အာသဝေါတရား လေးပါးတို့မှ။ ဝိမုစ္စိံသု၊ ကောင်းစွာမသွေ လွတ်မြောက်တော်မူခဲ့ကြလေကုန်၏"။ အဲဒီလို "ဓမ္မ"နဲ့ ပူဇော်ခဲ့သေးတယ်။

ဘုန်းကြီးတို့နဲ့ ဗာရာဏသီဆရာတော်ကြီး (ပြည်မြို့) ပစ္စည်းလေးပါး ဒကာကြီး ဦးဘရီ၊ ဇန်ကောက်က လိုက်လာတဲ့ ကပ္ပိယ ဒကာလေး ဝမ်ချိုင့်၊ နီပေါက လိုက်လာပြီးတော့ ဆွမ်းချက်ကပ်တဲ့ သီလရှင် ဒေါ်ဂုဏဝတီ၊ နီပေါသံအမတ်ကြီးကတော်၊ နီပေါက ဘီအေစီ မန်နေဂျာကတော်၊ နီပေါဘုန်းကြီးလေး အရှင်စုဆောဗန်းတို့ အားလုံး မိဂဒါဝုန်မှာရှိတဲ့ မြန်မာကျောင်းကို သွားကြတယ်။

ဘုန်းကြီးက အဲဒီမြန်မာကျောင်းကို လိုက်ကို မလိုက်နိုင်တော့ဘူး။ မြတ်စွာဘုရား ဓမ္မစကြာ ဟောတယ်ဆိုတဲ့ နေရာမှာ အထိမ်းအမှတ် ပလ္လင် လုပ်ထားတယ်။ အဲဒီမိဂဒါဝုန်တောကြီးထဲမှာ စေတီတော်ကြီးတစ်ဆူလည်း တည်ထားပါတယ်။

မိဂဒါဝုန်ဥယျာဉ်က ယခုသပ်သပ်ရပ်ရပ် လှလှပပတော်တော်ကို ပြင်ထားတော့ ကြည်နူးစရာ တော်တော်ကောင်းတယ်။ ကျောင်းတိုက်အဟောင်းကြီးတွေ အုတ်တံတိုင်းကြီးတွေ အုတ်ခုံကြီးတွေကိုလည်း ပြန်ဖော်ထားတယ်။

မြတ်စွာဘုရား ဓမ္မစကြာ ဟောတာ၊ ပဥ္စဝဂ္ဂီတို့တရားနာတာ ဒီနေရာပဲဆိုပြီးတော့ ဓမ္မစကြာနဲ့ အနတ္တလက္ခဏာသုတ်ကို ရောက်တဲ့အချိန်ကစပြီး အဲဒီနေရာက မထတမ်း ရွတ်ပြီးပူဇော်ခဲ့ပါတယ်။

အိန္ဒိယပြည်ကြီး တစ်ပြည်လုံးရှိတဲ့ လူထုကြီး အကုန်လုံးဟာ "အတ္တ" ချည်းဖြစ်နေတယ်။ အဲဒီကစပြီးတော့ ကြွေးကြော်လာခဲ့တဲ့ "အနတ္တ"ဟာ ဘယ်လောက်များ ကြွေးကြော်ခွင့်ရသလဲဆိုရင် ၄၅–နှစ်ပဲ။

"အတ္တဝါဒ"က အမြစ်ပြုတ်အောင် မကွယ်တော့ ဗုဒ္ဓရှင်တော် ကွယ်ပြီးတဲ့နောက် "အနတ္တဝါဒ"ပေါ်မှာ "အတ္တဝါဒ" က ပြန်ပြီးတော့ လွှမ်းလာခဲ့တယ်။

ဗုဒ္ဓကိုယ်တော်တိုင် တိုက်ဖျက်ခဲ့တဲ့ ဇာတ်စနစ်ဟာ မြတ်ဗုဒ္ဓကွယ်ပြီးတဲ့နောက် ပြန်ပြီးတော့ လွှမ်းမိုးလာတယ်။ ဒါကြောင့် အိန္ဒိယမှာ သာသနာကွယ်ခဲ့တာပါ။

* * * * * * * * * * * * * * *

## သဒ္ဓါတရားနည်းပါးခြင်း

နောက်တစ်ခုသာသနာကွယ်ခြင်းရဲ့ အကြောင်းက ဘာလဲဆိုရင် လူတွေရဲ့ နှလုံးသားထဲမှာ ခုနက ပြောခဲ့တဲ့ "သဒ္ဓါတရား" တဖြည်းဖြည်း ခေါင်းပါးလာမှုပါပဲ။

ဘာသာခြားတွေက သဒ္ဓါတရားက ခေါင်းပါးတော့ လုပ်ချင်ရာလုပ်တော့တာပဲ။ အရာရာမှာ ကိုယ့်ဘာသာက ရှေ့တန်းက နေရာရဖို့၊ အသာစီးရဖို့၊ ခေါင်းတစ်လုံး သာဖို့၊ ဆိုတဲ့ မကောင်းတဲ့စိတ်တွေ ဖြစ်လာတယ်။ သူများဘာသာက ကိုယ့်ဘာသာထက် သာသွားမှာကို မလိုလားဘူး။

ဗုဒ္ဓသာသနာအရှိန်အဝါ ကောင်းမှာကို မလိုလားဘူး။ ဒီတော့ မနာလိုစိတ်တွေ ပြင်းထန်လာတယ်။ ဒါကြောင့် ဘာသာခြားများက ဗုဒ္ဓသာသနိက အဆောက်အဦးတွေကို ဖျက်ဆီးတယ်။

* * * * * * * * * * * * * * *

## သတိမူရင် မြူကို မြင်တယ်

နာလန္ဒာ ဗုဒ္ဓတက္ကသိုလ်ကြီးဆိုရင် တချိန်တုန်းက သိပ်အောင်မြင်ခဲ့တာပဲ။ ဒီလိုအောင်မြင်တာကို မလိုလားတဲ့ ဘာသာခြားတွေက တက္ကသိုလ်ကြီးကို မီးရှို့ပြီး ဖျက်ဆီးတယ်။ သံဃာတွေကို ညှင်းပန်းနှိပ်စက်တယ်။ သတိမူရင် မြူကို မြင်တယ်။ သတိမမူရင်တော့ ဂူကိုတောင် မြင်မှာမဟုတ်ဘူး။ ဒီလို မမြင်ခဲ့ကြလို့ မြန်မာနိုင်ငံ နယ်စပ်ဒေသတွေမှာ ဘာသာခြား အဆောက်အဦးတွေ မင်းမူနေတာကို တွေ့ရတယ်။

ပြီးတော့ ရှိသေးတယ်။ ဗောဓိပင်ကြီးနဲ့ မဟာဗောဓိစေတီတော်ကြီးကို "မဟန့်" ဆိုတဲ့ ဟိန္ဒူဘုန်းကြီးက အင်မတန်ကြီးမားတဲ့ အဆောက်အအုံတွေကို မကြည့်နိုင်တဲ့အတွက်ကြောင့် "ဒါတွေပျောက်ပျက်အောင်တော့ ငါလုပ်လေမှပဲ" ဆိုပြီး လုပ်လိုက်တော့ ပျောက်လုမတတ်ဖြစ်သွားတယ်။

မင်းတုန်းမင်းကြီးရဲ့ ဇရပ်ကို ဖျက်ပြီးတော့ သူ့ကျောင်းဆောက်ထားတာကို ကြည့်ပါ။ ဗောဓိစေတီကြီးထဲမှာ သူတို့ရဲ့ ရုပ်ပုံတွေကို သွင်းထားတာကိုလည်း ကြည့်ပါဦး။ ဘယ်လောက်ထိ ရက်စက်သလဲဆိုတာ ထင်ရှားလှပါတယ်။

အဲဒါအချိန်မီ ထိန်းသိမ်းထားနိုင်လို့သာ။ မထိန်းသိမ်းနိုင်ရင် ဒီနေရာ ဗုဒ္ဓစေတီလို့ မပြောဘဲနဲ့ ဟိန္ဒူတို့ရဲ့ ဘုရားကျောင်းကြီးဖြစ်မှာ။ ဘာသာခြားတို့ရဲ့ ဖျက်ဆီးခြင်းဟာလည်း သာသနာကွယ်ခြင်းရဲ့ အကြောင်းတစ်ခု။ အဲဒါ သဒ္ဓါတရား ခေါင်းပါးလာလို့ပါပဲ။

* * * * * * * * * * * * * * *

## ညောင်သီးလည်းစား, လေးသံလည်း နားထောင်

ဒါကြောင့် သာသနာကို ချစ်မြတ်နိုးကြတဲ့ သူများဟာ ကိုယ့်ဘာသာကို နှောင့်ယှက်တဲ့ သူများကို ခုခံကာကွယ်ဖို့ လိုပါတယ်။ အလျှော့ပေးလို့ မဖြစ်ဘူး။ အလျှော့ပေးရင် ကန်းတက်ပြီး ပိုပြီးတော့ စော်ကားလာလိမ့်မယ်။ ရခိုင်ပြည်နယ်က ဘင်္ဂလားနယ်စပ်ဒေသမှာဆိုရင် ဘာသာခြားအဆောက်အဦးတွေကို မြောက်မြားစွာ တွေ့ရတယ်။ မြန်မာလူမျိုးဆိုတာ အတော်ကို ရှာကြည့်ရတယ်။

မြန်မာနိုင်ငံသားဖြစ်ပြီးတော့ မြန်မာလူမျိုးပျောက်နေတာဟာ နိုင်ငံနှင့် သာသနာအတွက် အန္တရာယ် သိပ်များတယ်။ "မြေမျိုလို့ လူမျိုး မပျောက်၊ လူမျိုမှ လူမျိုးပျောက်မည်"တဲ့။ သတိ, ဝီရိယရှိဖို့လိုပါတယ်။

ကိုယ့်အမျိုး ဘာသာ သာသနာကို ကာကွယ်ပိုင်ခွင့်ရှိတယ်။ အခြားသော ဘာသာများကို သတိထားရမယ်။ "သူတို့ ဘာလုပ်နေကြသလဲ" ဆိုတာကို မျက်ခြေမပြတ်ကြည့်ဖို့ လိုပါတယ်။ "ညောင်သီးလည်းစား, လေးသံလည်း နားထောင်"တဲ့။

* * * * * * * * * * * * * * *

## နောင်ခါးဆရာတော်

အဲဒီအကြောင်းအရာတွေနဲ့ ပတ်သက်လို့ ဘုန်းကြီးတို့ သာဝတ္ထိနဲ့ ကုသိနာ္ဒရုံအသွား ကြားထဲမှာ "နောင်ခါး" ဆိုတဲ့ မြို့ ရှိပါတယ်။ အဲဒီမြို့ကလေးမှာ မြန်မာပြည်က ဆရာတော်ကြီး ဦးနန္ဒဝံသ နေပါတယ်။ သက်တော် ၈၄–နှစ် ရှိပါပြီ။

ပဲခူးနယ်က ကျိုက်ပဒိုင်ရွာသား၊ ညောင်တုန်း ရွှေဟသာ်္ဒတောရတိုက်ထွက်။ ဆရာတော်ကြီး အိန္ဒိယ ရောက်နေတာ နှစ်ပေါင်း ၄၅–နှစ်လောက်ရှိပြီ။

အဲဒီ နောင်ခါးရောက်နေတာလည်း ကြာပြီ။ ဆရာတော်ကြီး စ နေတုန်းက ဗာရာဏသီမှာ နေတာ။ ဗာရာဏသီကျောင်းတွေဟာ ဆရာတော်ကြီး လက်ထက်က ဖြစ်တဲ့ကျောင်းတွေချည်းပဲ။ သိပ်ပြီးတော့ ကောင်းတယ်။

ဗာရာဏသီမှာ မနေဘဲနဲ့ ဆရာတော်ကြီးက နောင်ခါးမှာ သွားနေတယ်။ ရှေးရှေးက မြန်မာဘုရားဖူးတွေ သာဝတ္ထိကနေ ကုသိနာ္ဒရုံကို သွားလို့ရှိရင် ရထားစီးသွားတော့ လမ်းမှာ တစ်ညအိပ်ရတယ်၊ အဲဒီ နောင်ခါးဘူတာမှာ အိပ်ရတာ။

ရှေးက ခေတ်မမီသေးတဲ့အချိန်၊ ရန်ကုန်ကနေ မန္တလေးရထားစီးသွားရင် ပျဉ်းမနား တစ်ညအိပ်ရတာမျိုးပေါ့။ နောင်ခါးမှာ တစ်ညအိပ်ရတော့ မြန်မာဘုရားဖူးတွေဟာ တည်းခိုစရာ အိပ်စရာ မရှိ၊ အလွန်ဆင်းရဲကြတယ်။

ဘုန်းကြီးက ဆရာတော်ကြီးကို လျှောက်တယ်။ "ဆရာတော် ဘယ်နှယ့်ကြောင့် နောင်ခါးမှာ လာနေပါသလဲ ဘုရား"။

"မြန်မာဘုရားဖူးတွေ အဆင်ပြေအောင်ဆိုပြီး နောင်ခါးမှာ ငါ ကျောင်းလာတည်တာ၊ ငါ့ကို ကြည်ညိုတဲ့ ကုလားလေးတစ်ယောက်က မြေကွက်ပေးတာနဲ့ အဲဒီမြေကွက်ကလေးမှာ ကျောင်းဆောက်ပြီးတော့ အဲဒီမှာ ဘုရားဖူးတွေကို ငဲ့ပြီးနေရတာ"တဲ့။

ဆရာတော်ကြီး တော်တော်ကြိုးစားထားတယ်။ နောင်ခါးဘူတာမှာ မြန်မာစာနဲ့ ရေးထားတဲ့ ဆိုင်းဘုတ်ရှိတယ်။ ဘူတာရဲ့ အမည်ကို "နောင်ခါးဘူတာ"လို့ မြန်မာလို ရေးထားတယ်။ ရှေးရှေးတုန်းက ဆရာတော်ကြီး ဩဇာတော်တော် ရောက်တယ်။ သာသနာ့အာဇာနည်ဆိုတာ ဒီလို ဆရာတော်မျိုးကို ပြောတာပဲ။

အဲဒီ ဘူတာဆင်ဝင်မုခ်ရဲ့ အထက်မှာ ကျောင်းဆောင်လေး တစ်ခုလုပ်ပြီး ဘုရားဆင်းတုတော် တစ်ဆူလည်း တင်ထားတယ်။ အဲဒါ ဆရာတော်ကြီးရဲ့ စွမ်းဆောင်ချက်တွေပေါ့။ ဘူတာရောက်တာနဲ့ ချက်ချင်း ဘုရားဖူးရတယ်။

* * * * * * * * * * * * * * *

## ချမ်းသာတဲ့နေရာမှာနေရင် ဖွဲလုံ့လမတက်ဘူး

ဆရာတော်ကြီးရဲ့ကျောင်းက မဝေးပါဘူး။ ဘူတာရဲ့ နောက်နားမှာပဲ။ ကျောင်းလေးက ခပ်ကုပ်ကုပ်ပဲ။ စည်စည်ကားကားတော့ မရှိလှပါဘူး။

"ဆရာတော် ဆွမ်းကွမ်း ဝေယျာဝစ္စ ဘယ်သူပြုတုန်း" ဆိုတော့ "မြို့မှာ ဗုဒ္ဓဘာသာ ကုလားကပ္ပိယ နှစ်ယောက်ပဲ ရှိတယ်၊ သူတို့ကပဲ ချက်ကျွေးကြတာ"လို့ မိန့်တယ်။

ဒီကလေးနှစ်ယောက်ရဲ့ အဖေ၊ အမေတွေ၊ ဆွေတွေမျိုးတွေ၊ အစ်ကို အစ်မတွေက ကျောင်းမှာ လာနေကြတော့ မိသားစုကြီး တစ်ခုလိုပဲ ဖြစ်နေတယ်။ အဲဒီလို ဆင်းဆင်းရဲရဲနဲ့ ဆရာတော်ကြီး နေနေရတယ်။

ဘုန်းကြီးက မေးလိုက်တယ်။ "ဆရာတော် ဒါလောက် ဆင်းရဲ နေတဲ့နေရာကြီးမှာ ဘယ်နှယ့်ကြောင့် ဆရာတော် နေရသလဲဘုရား"။

"အေးကွ၊ ဆင်းရဲလွန်းလို့လည်း ငါက တမင်နေနေတာ၊ ဆင်းရဲလို့ ရှောင်သွားရင် အဲဒါ လူညံ့ပေါ့ကွ၊ ဆင်းရဲတဲ့ နေရာမှာ နေဖြစ်အောင် နေရမယ်၊ ဗာရာဏသီမြို့က ကျောင်းကောင်းတယ်၊ ပစ္စည်းပေါတယ်၊ ဘုရားဖူးတွေကလည်း ခဏခဏ ရောက်တော့ ငါးပိကြော်တောင် နေ့တိုင်းစားနေရတယ်၊ အဲဒီလို ချမ်းသာတဲ့နေရာမှာ နေရင် ကိုယ့်ဖွဲလုံ့လဟာ မတက်ဘူး၊ သတ္တိနဲ့ ဖွဲ တက်ချင်တဲ့ ပုဂ္ဂိုလ်ဟာ ဆင်းရဲတဲ့နေရာမှာ နေရတယ်၊ ဒါကြောင့် ငါ နောင်ခါးက မခွာတော့ဘူး၊ သေရင်လည်း နောင်ခါးမှာပဲ သေတော့မယ်ကွာ" တဲ့။

အဲသလောက်ထိ ကြည်ညိုစရာကောင်းတဲ့ ဆရာတော်ကြီး။ ဖွဲကောင်းတဲ့လူများဟာ ဘယ်တော့မှ နောက်ပြန်မဆုတ်ဘူး။

"မြန်မာပြည် ပြန်ကြွပါဦးဘုရား"။

"မပြန်တော့ဘူးကွာ၊ ငါ ဒီမှာပဲ နေတော့မယ်"တဲ့၊ ဆရာတော်ကြီးက ဒီလိုပဲ ပြောတယ်။

"ဆရာတော် ဆင်းရဲတဲ့အကြောင်းတွေ ပြောပါဦးဘုရား"။

"ဟောဒီ ငါနေတဲ့ ကျောင်းရော မြေရော ငါ့ကို ကြည်ညိုတယ်ဆိုပြီး ကုလားကျောင်းဆရာတစ်ယောက်က လာကပ်တယ်။လာကပ်တဲ့ အဲဒီကုလားက တိတ်တဆိတ်ကွာ သူက မြေကြီးကို ဂရံအတု လုပ်ပြီးတော့ ငါ့ကျောင်းကို လာလုတယ်၊ အဲဒါ အမှုဖြစ်နေတာ ရုံးမှာ ခြောက်နှစ်၊ ခုနစ်နှစ်ရှိပြီ။ အဲဒီကုလား ငါ့ကျောင်းလုတဲ့အမှုဟာ ခုထိ မပြီးသေးဘူးကွ၊ ငါကလည်း တစ်ပါးတည်းပေမယ့် မခံဘူးကွ၊ ငါကလည်း ပြန်တွယ်တာပဲ"လို့ ပြောတယ်။

အခုတော့ အမှုက ပြီးတော့မလို ဖြစ်နေတယ်။ ဆရာတော်ကြီးကို တရားစွဲတဲ့ ကုလားက မယားသေလိုက်၊ သားသေလိုက်၊ သမီးသေလိုက်နဲ့ ဒီလိုဖြစ်နေတော့ ကုလားက တဖြည်းဖြည်း ကြောက်လာတယ်။ ဆရာတော်ကြီးကို ပညာတတ်တယ်ထင်ပြီးတော့ ကြောက်လာတော့ အမှုကို သူ့ဟာသူ ရုပ်သိမ်းမလို လုပ်နေတယ်။ ဆရာတော်ကြီးက ဆက်ပြောတယ်။

"နောက်ဆုံးတော့ ငါနိုင်မှာပါပဲကွာ၊ဟော့ ဦးဉာဏိဿရ တိုတိုပြောလိုက်မယ်၊ မနေစေချင်တဲ့ နေရာမှာ နေဖြစ်အောင်ကို ငါကနေပြလိုက်မယ်ဆိုပြီးတော့ နေနေတာပဲကွ၊ ငါလည်း အသက်အရွယ်ကြီးပါပြီ၊ ဒီတော့ ငါ့ကျောင်းဆက်ခံမယ့် ပုဂ္ဂိုလ်ကလည်း ခုထိတော့ ရှာမတွေ့သေးဘူးကွ၊ မင်းတို့ မြန်မာပြည်က ကြွလာမယ့် ကိုယ်တော်များရှိရင် လက်ခံပါတယ်ကွာ၊ စွမ်းတဲ့ကိုယ်တော်များ တစ်ပါးလောက် ပို့လိုက်စမ်းပါ"တဲ့။

ဒီတော့ ဘုန်းကြီးက တကယ်တော့ မဟုတ်ဘူး၊ ဆရာတော်ကို လျှောက်လိုက်တယ်။ "ဆရာတော် ဆရာတော်ကို ကုလားတစ်ယောက်က တရားစွဲတယ်၊ တပည့်တော်တို့ ရောက်လာရင် ကုလားတစ်ရာလောက်က ဝိုင်းပြီး တရားစွဲလိမ့်မယ်ထင်တယ်၊ အဲဒီတော့ တပည့်တော် မနေရဲဘူး ဘုရား"။

"ဟာ မနေရဲဘူးဆိုတာ မရှိရဘူးကွ၊ ကိုယ့်ကိုမနေဖြစ်အောင် နှောင့်ယှက်တဲ့နေရာမှာ ဖြစ်အောင်ကို နေရမယ်ကွ၊ တို့ဘုရား ဒီလိုနေတာကွ၊ တို့ဘုရားကို အတင်းနှောင့်ယှက်တဲ့နေရာမှာ ဖြစ်အောင်ကို နေသွားတာ" ဆိုပြီးတော့ ဆရာတော်ကြီးက စာတစ်ပိုဒ်ရွတ်ပါတယ်။

* * * * * * * * * * * * * * *

## ဖိုးစိန်ကြီး ဇာတ်ထဲက စာတစ်ပုဒ်

"ကောသမ္ဗီပြည် ဘုရားရှင်ကြွစဉ်က၊ ရှင်အာနန္ဒာလျှောက်ပါတဲ့ ဒေသနက္ကမ အကျယ်"။

"မာဂဏ္ဍီ အယုတ်တမာ သူ့အသွင်အပြင် ဘုရားက မကြိုက်တာနဲ့၊ သာမာဝတီက လုပ်တာတွေကိုကွယ်၊ ဂရုတမင် များစွာစိုက်တယ်လို့၊ သူ့လင်ကိုသွားကာ တိုက်တိုက်ပြီး၊ ပတ္တမြားမကိုင်၍ ကိုယ်တော်မြတ်ကြီးကိုကွယ် ဆဲဆိုရေရွတ်တယ်"တဲ့။

ဖိုးစိန်ကြီး ဇာတ်ထဲက အဟဲကို အသက် ၈၄-နှစ်ရှိပြီး သွားမရှိတော့တဲ့ ဆရာတော်ကြီးက ည ၁၁-နာရီလောက် ချမ်းချမ်းစီးစီး မီးလှုံရင်းနဲ့ ဆိုပြတော့ ဘုန်းကြီးလည်း သိပ်ကြိုက်သွားတာကိုး။

အဲဒါနဲ့ ချက်ချင်းပဲ "ဆရာတော် ခဏနေပါဦး" ဆိုပြီးတော့ ဘုန်းကြီးက ကိုယ်တည်းတဲ့ အခန်းထဲမှာတဲ့ ဒိုင်ယာရီစာအုပ် ပြန်ယူပြီးတော့ အဲဒီ အမိုက်မီးရှို့ပြီး မီးလှုံနေတဲ့နေရာက မီးရောင်မှာ အားယူပြီးတော့ ဘုန်းကြီးက ရေးလာခဲ့တယ်။

ရေးယူထားပြီးတော့ အိန္ဒိယမှာ သွားရင်းလာရင်း အဲဒါလေး ရွတ်ဆိုလာ၊ ဩော် ဟုတ်တယ်၊ သာသနာဟာ ဘုရားကို မယုံတဲ့ ဘာသာခြားတွေကြောင့် ကွယ်ရတာ။

ဘုရားရှင် ကိုယ်တော်မြတ် ကောသမ္ဗီမှာ မနေနိုင်အောင် မာဂဏ္ဍီတို့ ဥတေနတို့ အနှောင့်အယှက် ပေးလိုက်တာ မနည်းဘူး။ ဘုရားရှင်ကိုယ်တော်မြတ် သည်းခံခြင်း ခန္တီ ကြီးမားလို့ အောင်မြင်တော်မူတာ။

ဒီတော့ ဆရာတော်ကြီးကို နောင်ခါးမှာ မနေနိုင်အောင် ကျောင်းလုပြီးတော့ ဘယ်လိုပဲ နှောင့်ယှက် နှောင့်ယှက် သည်းခံပြီးတော့ ဆရာတော်ကြီး နေရှာတော်မူတယ်လို့ သဘောကျပြီး ဒီစာလေးကို ဘုန်းကြီး ကြိုးစားပမ်းစားနဲ့ ဆောင်ထားတာ။

ဆရာတော်ကလည်း မြန်မာပြည် ပြန်ရောက်ရင် မင်း အဲဒါလေးကို တရားလုပ်ဟောဦး"တဲ့ မှာလိုက်တယ်။ မှာတဲ့အတိုင်းလည်း ဟောပါတယ်။ ဘုန်းကြီးတို့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေ အရေးကြီးပါတယ်။ ဒါကို အတုယူရမယ်။ ချမ်းသာတဲ့ နေရာမှာပဲ နေနေကြမယ်ဆိုရင် သာသနာဟာ မပြန့်ပွားနိုင်ဘူး။

* * * * * * * * * * * * * * * *

## ဗုဒ္ဓကို သားမက်တော်ချင်လို့တဲ့

ဆရာတော်ဘုရားကြီးက "မနေနိုင်အောင် နှောင့်ယှက်တဲ့နေရာမှာ ဘုရားကိုယ်တော်မြတ်ကဲ့သို့ နေဖြစ်အောင်ကို နေပြရမယ်၊ ငါ ငယ်ငယ်တုန်းက ဇာတ်ကြည့်ဖူးတယ်"။

"ငယ်ငယ်တုန်းက ဇာတ်သွားကြည့်တော့ အဲဒီတုန်းက ဖိုးစိန်ကြီးဇာတ်၊ အဲဒီဇာတ်ထဲမှာ သာမာဝတီတို့၊ မာဂဏ္ဍီတို့ ဇာတ်ထုပ်ကိုခင်းတာ၊ ဥတေနမင်းဟာ သာမာဝတီမိဖုရားနဲ့ မာဂဏ္ဍီမိဖုရား မိဖုရားနှစ်ယောက်ထားတယ်"။

"မာဂဏ္ဍီဆိုတာ ပုဏ္ဏေးမကြီး၊ ဘုရားကိုယ်တော်မြတ်အပေါ်မှာ မကျေမနပ်ဖြစ်ပြီး ရန်ငြိုးပြင်းထန်တဲ့ မိဖုရားကြီး၊ သူ ရန်ငြိုးပြင်းထန်ပုံက ဒီလို။ သူက အချောအလှ"။

"ဘုရားကိုယ်တော်မြတ် ဒေသစာရီလှည့်ရင်းနဲ့ မာဂဏ္ဍီ ပုဏ္ဏားကြီးတို့နဲ့ တွေ့ကြတာ"။

"တွေ့တော့ မာဂဏ္ဍီ ပုဏ္ဏားကြီးက ဘုရားကို ကြည့်ပြီးတော့ 'သြော် လောကမှာ ဒါလောက်ချောတဲ့ ယောကျ်ားဟာ ငါ့သားမက်ဖြစ်ရင် ကောင်းလေစွ' လို့ စိတ်ကူးမိသတဲ့"။

"ငါ့သားမက်ဖြစ်ရင် ကောင်းလေစွ၊ ငါ့သမီးချောနဲ့ လက်ထပ်မယ်ဆိုပြီး၊ အိမ်ခပ်မြန်မြန် ပြန်ပြီးတော့ ဇနီးမယားခေါ် သမီးအလှ မာဂဏ္ဍီကို အလှပြင်ပြီးတော့ သားအမိ သားအဖ သုံးယောက်သား ဘုရားဆီ ပြန်လာကြတာ"။

"ဘုရားဆီရောက်တော့ ဘုရားကို အပ်တယ်၊ 'အရှင်ဘုရား တပည့်တော်တို့ရဲ့ သမီးဟာ လောကမှာ အချောဆုံးမို့လို့ အချောဆုံးဖြစ်တဲ့ အရှင်ဘုရားနဲ့မှ တော်ပါတယ်၊ သမီး မာဂဏ္ဍီကို ယူတော်မူပါ' လို့ ဘုရားကို သမီးအပ်တယ်"။

"ဒီတော့ ဘုရားကိုယ်တော်မြတ်က 'မစင်အပြည့်ထားတဲ့ အိုးကို ပန်းချီရေးထားသလို ငါ ထင်တယ်၊ ခြေထောက်နဲ့တောင်မှ နင့် သမီးကို ငါ မတို့ချင်ဘူး၊ငါ ဘုရား ဖြစ်ကာစက ဗောဓိပင်နားမှာ မာရ်နတ်ကြီး သမီးသုံးယောက်လာအပ်တာတောင် ငါ လက်မခံခဲ့တာ၊ ဒါ့ကြောင့် နင့်သမီးကို ခြေဖျားနဲ့တောင် မတို့လိုဘူး' လို့ ဘုရားက မိန့်လိုက်တယ်"။

"သူကတော့ လောကမှာ အချောဆုံးသမီး၊ အမြတ်ဆုံး သမီးဆိုပြီးတော့ မြတ်မြတ်နိုးနိုးထား၊ ဘုရားက အဲဒီလို ပြောလိုက်တော့ ဘုရားကို စိတ်ဆိုးပြီးတော့ ရန်ငြိုးထားတာ၊ အဲဒီမှာ မာဂဏ္ဍီပုဏ္ဏေးမလေးဟာ ဘုရားအပေါ်မှာ မကျေနပ်တာ"။

"ငါသာ တွန်းလှန်နိုင်တဲ့အချိန် တုန့်ပြန်နိုင်တဲ့အချိန်မှာ ဒီသိဒ္ဓတ္ထကို တုန့်ပြန်လိုက်ဦးမယ်လို့ ရန်ငြိုးထားပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ် ကောသမ္ဗီပြည်အကြွမှာ အကြီးအကျယ် အနှောင့်အယှက်တွေ ပေးတာ၊ ဘုရားမနေနိုင်အောင်လုပ်တယ်၊ လူငယ်တွေကို အရက်တိုက်၊ မြှောက်ပေးပြီးတော့ ဘုရားကို အဆဲခိုင်းတယ်"။

"သာမာဝတီကလည်း ခုဇ္ဇုတ္တရာရဲ့ တရားကို နာပြီးတော့ သောတာပန်ဖြစ်တော့ ဘုရားကို သိပ်ပြီးတော့ ကြည်ညိုတယ်၊ မပြတ် မပြတ်တရားနာ၊ သင်္ကန်းတွေလှူ။ ဒီလိုလုပ်နေတာ၊ ဥတေနမင်းက ဘုရားကို မကြည်ညိုသေးဘူး၊ အဲဒီတော့ မာဂဏ္ဍီက အခွင့်ရတယ်"။

“သာမာဝတီတို့ မြတ်ဘုရားကို ဂရုစိုက်လေသမျှ မာဂဏ္ဍီက ကုန်းတိုက်စရာ အကွက်ချည်း ဖြစ်ဖြစ်နေတယ်၊ ဘုရားကိုယ်တော်မြတ်နဲ့ သာမာဝတီဟာ တိတ်တဆိတ်ဖောက်ပြန်နေသလိုလို သူက ဥတေနမင်းကြီးကို သွားသွားပြီးတော့ တိုက်တာ”။

“အဲဒီမှာ ဥတေနကလည်းပဲ သူ့အသက်ထိရင် တော်သေးတယ်၊ မိဖုရားထိရင်တော့ အသက်ကို ထိတာထက် ဆိုးတယ်၊ ဟုတ်လား၊ အဲဒီတော့ ဥတေနကလည်း ဒေါသူပုန်ထတော့ ဘုရားကိုယ်တော်မြတ်ဟာ အဲဒီ ကောသမ္ဗီပြည်မှာ ဒုက္ခ ဖြစ်လိုက်တာ”။

“ဘုရားကိုယ်တော်မြတ် ကောသမ္ဗီမှာ မနေနိုင်အောင် မာဂဏ္ဍီက ကုန်းတိုက်ပြီးတော့ ဥတေနမင်းရဲ့ အကူအညီနဲ့ ဘုရားကို နှင်ထုတ်သလိုပဲတဲ့၊ တို့ သာသနာပြုရဟန်းတော်တွေ အိန္ဒိယမှာ မနေနိုင်အောင် ဒီလိုလုပ်တဲ့ ပုဂ္ဂိုလ်တွေ အများကြီးပဲ”လို့ ဆရာတော်ကြီး ပြောပြတယ်။

* * * * * * * * * * * * * * *

## သာသနာပြုပုဂ္ဂိုလ်များရဲ့ အရည်အချင်း

ဘာပဲဖြစ်ဖြစ် ဘုန်းကြီးတို့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများဟာ နောင်ခါးဆရာတော်ကြီးကို နမူနာယူပြီး ကိုယ့်တစ်နေရာတည်းမှာ မနေဘဲ လိုအပ်တဲ့နေရာမှာ နေဖို့၊ ဘာသာခြားတွေ ဘယ်လိုပင် နှောင့်ယှက် နှောင့်ယှက် ခုခံကာကွယ်ဖို့၊ သည်းခံခြင်း ခန္တီနှင့် ဖွဲ့လုံ့လ ရှိဖို့ အထူးလိုအပ်လှပါတယ်။

ထိုကဲ့သို့ ခိုင်မာသော စိတ်ဓာတ်၊ ပြင်းထန်သော ဆန္ဒရှိမှသာလျှင် သာသနာတော်ကြီးဟာ ရေရှည်တည်တံ့နိုင်မှာ ဖြစ်ပါတယ်။ “ဘုရင့်နောင် ဖောင်ဖျက်နည်း” ဟာ သာသနာပြုနည်းများစွာထဲက သာသနာပြုနည်းတစ်မျိုးပါပဲ။ နောက်မဆုတ်တဲ့စိတ်ဟာ သိပ်ပြီးတော့ လိုအပ်ပါတယ်။

* * * * * * * * * * * * * * *

**အနှစ် (၉) ပါး**

ဒီတော့ နိဂုံးချုပ်အနေနဲ့ ပြောရအောင် အနှစ်ကိုးပါးဆိုတာ "သုံးပါးရတနာ၊ သုံးသိက္ခာ၊ သုံးဖြာလက္ခဏာ" ပါပဲ။ ရတနာ ၃–ပါး၊ သိက္ခာ ၃–ပါး၊ လက္ခဏာ ၃–ပါး။ ပေါင်း ၉–ပါး။

ဗုဒ္ဓဆိုတာ အလွန်တရာထူးခြားတဲ့ အတွေးအခေါ်ပညာရှင်တစ်ယောက်ပါဆိုတော့ ဗုဒ္ဓရတနာအပေါ်မှာ ယုံမှားကြတယ်။

ဘုရားရတနာ ရှိတယ်ဆိုပေမယ့် အဲဒီ ဘုရားကိုယ်တော်မြတ်ရဲ့ အပေါ်မှာ ခုနကပြောသလို မယုံတဝက် ယုံတဝက်နဲ့ ဘုရားကိုးကွယ်တယ်ဆိုတာ မပြည့်စုံသေးဘူး။

ဘုရားဟောတဲ့ ပဋိကတ်သုံးပုံတော့ လက်ခံတယ်။ သို့သော် တချို့ပိဋကတ်တွေဟာ လုပ်ကြံပြီးတော့ ရေးထည့်ထားတာဆိုပြီး ဓမ္မရတနာအပေါ်မှာ ယုံမှားကြတယ်။

ဓမ္မရတနာကို လက်ခံတယ်ဆိုပေမယ့်လည်းပဲ တရားအကုန်လက်ခံတာ မဟုတ်ဘူး။ မဂ္ဂင်ရှစ်ပါး သစ္စာလေးပါးလောက်ပဲ လက်ခံတယ်ဆိုတဲ့လူက အများကြီးပဲ။ ကျန်တဲ့ ပိဋကတ်တွေ အားလုံးဖယ်ပစ်တယ်။ ဒီလိုလည်း ရှိသေးတာ။

သံဃာလို့ပင်ဆိုသော်လည်း သိပ်မရှိဘူး။ ကမ္မဝါစာ မရှိဘူးဆိုကတည်းက သံဃာဖြစ်ကို ဖြစ်မလာဘူး။ တိဘက်ဘုန်းကြီးတွေ သိမ်ထဲမှာ ရဟန်းဖြစ်တာ မဟုတ်ဘူး။ ကမ္မဝါစာမလိုဘူး။ သူတို့နည်းနဲ့ သူတို့ လုပ်ကြတာ။

ဘုန်းကြီးတို့ မြန်မာပြည်မှာတော့ အဲဒီ ၉ မျိုးစလုံးအကုန်ရှိတယ်။ အကုန်လုံးကို လက်ခံတယ်။ ဒါ့ကြောင့် အနှစ်ပြည့်တဲ့ တိုင်းပြည်မှာ လူဖြစ်ရတာ အနှစ်ပြည့်တဲ့လူလာဖြစ်လို့ ကံကောင်းပါတယ်။ ကိုယ့်တန်ဖိုးကို နားလည်ကြပါ။ တန်ဖိုးရှိမှန်းသိမှလည်း တန်ဖိုးထားပါတယ်။

ရတနတ္တယံ စ လက္ခဏံ၊ သိက္ခတ္တယံ စ ထာပရံ။

တိတိဂုဏော ဣမေ ဓမ္မာ၊ သာရာ ဟိ ပိဋကတ္တယေ။

ရတနတ္တယံ စ၊ ဘုရား၊ တရား၊ သံဃာဟု ဆိုအပ်သော ရတနာသုံးပါးလည်းကောင်း။ သိက္ခတ္တယံ စ၊ သီလ၊ သမာဓိ၊ ပညာဟု ဆိုအပ်သော သိက္ခာသုံးပါးလည်းကောင်း။ လက္ခဏံ လက္ခဏတ္တယံ စ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လို့ ဆိုရသည့် လက္ခဏာသုံးပါးလည်းကောင်း။ ဣတိ၊ ဤသို့။ တိတိဂုဏာ၊ သုံးသုံးလီ ဖြစ်ကြကုန်သော။ ဣမေ ဓမ္မာ၊ ဤတရားသည်ကား။ ပိဋကတ္တယေ၊ ဘုရားဟောဖော် ပိဋကတ်သုံးပုံပါဠိတော်၌။ သာရာဟိ သာရဧဝ၊ အနှစ်တရားတို့သည်သာလျှင်။ ဟောန္တိ၊ ကောင်းစွာမသွေ ဖြစ်ပါပေကုန်သတည်း။

**"သာဓု သာဓု သာဓု ပါဘုရား"။**


Ciraṃ tiṭṭhatu lokasmiṃ,
sammāsambuddhasāsanaṃ
Tasmiṃ sagāravā niccaṃ,
hontu sabbepi pāṇino.
Sītagū
International Buddhist
Academy
Design : Sitagu Mg Myo